# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်၊ တနင်္လာနေ့။ Monday, 1 January 2024 ၁၁၃၂၇


**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်းပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် ၂၀၂၄ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

၂၀၂၃ ခုနှစ်ဆိုတဲ့ အချိန်ကာလ ကုန်ဆုံးလို့ ၂၀၂၄ ခုနှစ် နှစ်သစ်ကို ကူးပြောင်းရောက်ရှိတဲ့ အချိန်အခါသမယမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကမ္ဘာတစ်ဝန်းလုံးမှာရှိကြတဲ့ ကမ္ဘာသူ ကမ္ဘာသားများအားလုံးကိုလည်း ဘေးဘယာများ ဝေးကွာကြပါစေကြောင်းနဲ့ အေးချမ်းသာယာတဲ့ လူ့ဘောင်အသိုက်အဝန်း တစ်ခုမှာ ချစ်ခင်စည်းလုံးစွာ နေထိုင် နိုင်ကြပါစေကြောင်းလည်း ဆန္ဒပြုဆုတောင်းပေးလိုက်ရပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ပြီးခဲ့တဲ့ ၂၀၂၃ ခုနှစ်ကာလအတွင်း တွေ့ကြုံခဲ့ရတဲ့ အခက်အခဲအချို့နဲ့ စိန်ခေါ်မှုများကိုလည်း နိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းပြီး အောင်မြင်စွာ ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ကြပါတယ်။ ဒီမိုကရေစီ နည်းလမ်းတကျနဲ့ **စာမျက်နှာ ၅ ကော်လံ ၁ သို့✻**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

**ကျွန်တော်တို့ အားလုံး နိုင်ငံကိုချစ်တဲ့၊ အမျိုးကို ချစ်တဲ့စိတ်၊ ညီညွတ်တဲ့ အားနဲ့ ကျော်လွှားရပါမယ်။ ၂၀၂၄ ခုနှစ်မှာလည်း ကျွန်တော်တို့ အစိုးရအနေနဲ့ ချမှတ်ထားတဲ့ အမျိုးသားရေး ရည်မှန်းချက်များ၊ နိုင်ငံရေး ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များနဲ့ ဦးတည်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ဖို့ ပြည်သူလူထုနဲ့ လက်တွဲပြီး ဆက်လက် ဆောင်ရွက် သွားမှာဖြစ်ပါတယ်**


ယနေ့ ဖတ်စရာ

**ကျွန်တော်တို့ဘဝတွေ ပြန်လည်တည်ငြိမ်အေးချမ်းဖို့ အာမခံချက်နဲ့ ပုံမှန်ပြန်ဖြစ်ဖို့ လိုအပ်နေတဲ့ အချက်တွေအပေါ် မူတည်ပြီး အနာဂတ်နှစ်သစ်မှာ လူတွေရဲ့စိတ်အားထက်သန်မှုကို စောင့်ကြည့်လေ့လာအသုံးချနိုင်မယ့် ပေတံတွေအသုံးပြုပြီး ပြုပြင်နိုင်မယ့် အခွင့်အရေးကောင်းများစွာ ပေါ်ထွန်းလာချေရဲ့ဟု မျှော်လင့်နေမိပါတယ်**

ဆောင်းပါး စာမျက်နှာ » ၁၀

**စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၄၉၅၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**

စာမျက်နှာ » ၁၁

**နေပြည်တော်၌ ၂၀၂၄ ခုနှစ် နှစ်သစ်ကူးအခါသမယကို ပြည်သူများ တစ်ခဲနက်ပျော်ရွှင်စွာကြိုဆို**

စာမျက်နှာ » ၁၃

**ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို ဓာတုဆေးဝါးများမသုံးစွဲဘဲ သဘာဝနည်းပညာဖြင့် ကြာရှည်အထားခံနိုင်မည့်နည်းပညာများ ရှာဖွေဖော်ထုတ်ပေးရန်ကြိုးပမ်း**

စာမျက်နှာ » ၁၂

ကြေးမုံ

# အားသစ်မာန်သစ်ဖြင့် နိုင်ငံတည်ဆောက်

ယနေ့သည် ၂၀၂၃ ခုနှစ် ကုန်ဆုံးပြီး ၂၀၂၄ နှစ်သစ်သို့ ရောက်ရှိလာပြီဖြစ်သည်။ နှစ်ဟောင်း ၂၀၂၃ ခုနှစ် တစ်နှစ်တာလုံးတွင် မိမိတို့ဆောင်ရွက်ခဲ့သမျှကို ပြန်လည်သုံးသပ်ဆင်ခြင်ပြီး နှစ်သစ် ၂၀၂၄ ခုနှစ်တွင် ကောင်းသောကိစ္စအဝဝတို့ကို ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ မင်္ဂလာရှိသောနှစ်သစ်တွင် မကောင်းမှုများကိုရှောင်ရှားပြီး ကောင်းကျိုးများကို ဆောင်ကြဉ်းကြရမည်ဖြစ်သည်။ အားနည်းချက်များကိုပြုပြင်၍ အားသာချက်များဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

အထူးသဖြင့် မိမိနိုင်ငံ၏ တိုးတက်ဖြစ်ပေါ်နေသောအခြေအနေများကို မှန်မှန်ကန်ကန်ရှုမြင်ပြီး ကောင်းကျိုးများဖြစ်ထွန်းလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ကုန်လွန်ခဲ့သောကာလများတွင် မြန်မာနိုင်ငံအနေဖြင့် ခက်ခဲကြမ်းတမ်းခရီးလမ်းကို ဖြတ်သန်းခဲ့ရသည်။ ပြည်ပမှ နှောင့်ယှက်ဟန့်တားမှုများနှင့် ပြည်တွင်းမှ အဖျက်သမားသောင်းကျန်းသူများ၏ အဖျက်လုပ်ရပ်များကို ကြုံတွေ့ခဲ့ရသည်။ အကြမ်းဖက်လုပ်ရပ်များကြောင့် တိုင်းပြည်အတွက် ထိခိုက်နစ်နာမှုများဖြစ်ပေါ်ခဲ့ပြီး ပြည်သူများအတွက်လည်း အခက်အခဲများဖြစ်ပေါ်ခဲ့သည်။

မိမိတို့အနေဖြင့် တိုင်းပြည်ကောင်းကျိုး၊ အများအကျိုးအတွက် ဆောင်ရွက်ကြရမည်ဖြစ်သည်။ တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်းပြုလုပ်နေသော အဖျက်လုပ်ရပ်များကို သိရှိကြပြီဖြစ်သည်။ မြန်မာနိုင်ငံသည် အခက်အခဲများကြားမှ ရုန်းကန်နိုးထရန် ကြိုးစားနေသောနိုင်ငံဖြစ်သည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှသာ အများပြည်သူအေးချမ်းစွာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝတိုးတက်အောင် လုပ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးတွင် တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ကြရမည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှသာ မိမိတို့လူမှုစီးပွားဘဝ တိုးတက်လာအောင် ဆောင်ရွက်နိုင်မည်ဖြစ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

တိုးတက်နေသောနိုင်ငံများ၏ နိုင်ငံသားများစိတ်ထားခံယူချက်မှာ မိမိတို့သူများနောက်မှ မနေချင်၊ သူများထက် နောက်မကျစေချင်သည့် ဆန္ဒများရှိကြသည်။ လူတစ်ဦးချင်းစီသည် သူတို့နောက်တွင် သူတို့နိုင်ငံရှိနေသည်။ နိုင်ငံသားတစ်ဦးချင်းစီမှစ၍ ကြိုးစားမှု၊ စည်းကမ်းရှိကြမှု၊ ခွဲတာစုဆောင်းကြမှု၊ ပညာတတ်ကြမှသာ နိုင်ငံအပေါ်တွင် တာဝန်ကျေအောင်ဆောင်ရွက်နိုင်မည်ဟု ခံယူချက်ထားရှိသည်။ မိမိနိုင်ငံ မျက်နှာမငယ်ရအောင် ကြိုးစားရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟူသောတွန်းအားများ ကိုယ်စီရှိနေကြသည်။ ထို့ကြောင့် ၎င်းတို့၏ နှစ်သစ်တိုင်းတွင် တိုးတက်သည်ထက် တိုးတက်လာသည်ကို တွေ့ရမည်ဖြစ်သည်။

မိမိနိုင်ငံ၊ မိမိလူမျိုးအပေါ် အကောင်းမြင်စိတ်ထား မမွေးနိုင်သည့်အပြင် မည်သူတို့ မည်သို့ကျော်တက်သွားပါစေ ကိုယ့်ထမင်းကိုယ်စား၊ ကိုယ့်အလုပ်ကိုယ်လုပ်ရန်လိုသည်ဟူသော စိတ်ထားခံယူချက်ထားရှိပါက မည်သည့်အခါမျှရှေ့တန်းမရောက်ဘဲ နောက်ကျကျန်နေမည်သာဖြစ်သည်။ ထို့ကြောင့် မိမိနိုင်ငံတိုးတက်မှ မိမိဘဝများလည်း တိုးတက်လာမည်ဟူသော အသိစိတ်ဓာတ်များမွေးမြူပြီး ကုန်လွန်ခဲ့သောနှစ်ဟောင်း၌ မှားယွင်းခဲ့မိသည်ရှိသောစိတ်ထားများကို ပယ်ဖျောက်၍ မိမိအကျိုး၊ တိုင်းပြည်အကျိုးကို ကောင်းမွန်လာအောင် အားမာန်သစ်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မိမိနိုင်ငံရှိပြည်သူများ နိစ္စဓူဝရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများနှင့် ကြမ်းတမ်းခက်ထန်မှုများအတွက် အဓိကကျသောအဖြေမှာ အမျိုးသားရင်ကြားစေ့ရေး၊ တိုင်းပြည်စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပင်ဖြစ်သည်။ တိုင်းရင်းသားပြည်သူများအားလုံး၏ ဆန္ဒအမှန်မှာ အေးချမ်းသာယာဝပြောရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားဝတ်နေမှုဖူလုံရေးပင်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးတို့ကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်လာအောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် တည်ဆောက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ တိုးတက်ကောင်းမွန်လာသော စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်မြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအား အဓိကစွမ်းအားစုအဖြစ် ပါဝင်လာနိုင်ရေးအတွက် မြှင့်တင်ဆောင်ရွက်ပေးနေသည်။

သို့ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းပြည်ကောင်းစားရေး၊ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးအတွက် အနှောင့်အယှက်အဟန့်အတား ဖျက်ဆီးမှုများကို စည်းလုံးညီညွတ်မှုဖြင့် ဝိုင်းဝန်းဖယ်ရှားတိုက်ဖျက်ပြီး မင်္ဂလာရှိသောနှစ်သစ်တွင် တိုင်းရင်းသားပြည်သူအားလုံး စိတ်သစ်၊ လူသစ်၊ အားမာန်သစ်များဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

## (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး။

၄။ အကြမ်းဖက်ဖြစ်စဉ်များအားလုံး ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး။

၅။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရေး။

## ကောင်းခြင်းဝေဆာ နှစ်သစ်ဆုတောင်းမင်္ဂလာ

ယနေ့သည် ၂၀၂၄ ခုနှစ်၏ ပထမဆုံးနေ့သစ်ဖြစ်ပြီး ကောင်းခြင်းမင်္ဂလာအပေါင်းနှင့်ပြည့်စုံဝေဆာသော နေ့တစ်နေ့အဖြစ်သို့ စတင်ရောက်ရှိလာပြီဖြစ်ပါသည်။

ဟောင်းနွမ်းခဲ့ပြီဖြစ်သည့် ၂၀၂၃ ခုနှစ်ကာလများလည်း ကုန်ဆုံးခဲ့လေပြီ။ အသစ်ရောက်ရှိလာသည့် ကောင်းခြင်းမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်နှစ်သစ်ကို လှိုက်လှဲနွေးထွေးစွာကြိုဆိုလိုက်ပါသည်။ ကူးပြောင်းရောက်ရှိလာသည့် မင်္ဂလာနှစ်သစ်အခါသမယတွင် နှုတ်ဆက်ခဲ့သည့်အတိတ်နှစ်ဟောင်းမှ အတွေးအမြင်၊ အယူအဆဟောင်းများ၊ ခံယူချက်၊ ခံစားချက်၊ စိတ်ကူးနှင့် အကြံဉာဏ်ဟောင်းများကိုစွန့်ပစ်၍ တန်ဖိုးမဖြတ်နိုင်သည့် တောက်ပသစ်လွင်ပြီး မွန်မြတ်လှပသည့် ခံယူချက်ကောင်းများ၊ ခံစားချက်ကောင်းများ၊ အယူအဆကောင်းများ၊ အတွေးအမြင်ကောင်းများ၊ အကြံဉာဏ်ကောင်းများဖြင့် ကောင်းခြင်းမင်္ဂလာအပေါင်းနှင့်ပြည့်စုံသော နှစ်သစ်ဖြစ်ပါစေ။

မြန်မာနိုင်ငံတစ်ဝန်းမှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား မိဘပြည်သူ၊ ညီအစ်ကိုမောင်နှမသွေးချင်းများအားလုံး သက်ရှည်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် လိုအင်ဆန္ဒများပြည့်ဝပြီး စိတ်ရောကိုယ်ပါ ချမ်းသာသုခရရှိကြပါစေကြောင်းနှင့် ကပ်ကြီးသုံးပါးအပါအဝင် ရောဂါဘယများ၊ ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးကြပါစေကြောင်း ကြေးမုံက ကောင်းခြင်းဝေဆာ နှစ်သစ်ဆုတောင်းမင်္ဂလာပို့သလိုက်ပါသည်။

ကြေးမုံသတင်းစာတိုက်မိသားစု

## ပခုက္ကူမြို့၌ ချည်မျှင်နှင့် အထည်အလိပ်သင်တန်းနှင့် လက်ရက်ကန်းသင်တန်းဆင်းပွဲ ကျင်းပ

ပခုက္ကူ ဒီဇင်ဘာ ၃၁

ပခုက္ကူမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ ၂၀၂၃ ပညာသင်နှစ် ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ်သင်တန်းနှင့် လက်ရက်ကန်း ခြောက်လ (ဒုတိယအကြိမ်)သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် ပခုက္ကူမြို့ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာယုက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီးနှင့်တာဝန်ရှိသူများက ရက်ကန်းပညာရပ်ဖြင့် အမှန်တကယ် လုပ်ငန်းထူထောင်လုပ်ကိုင်မည့် သင်တန်းသား သင်တန်းသူများအား လက်ရက်ကန်းစင်များနှင့် ၂၀၂၃ ပညာသင်နှစ် သင်ကြားပြသမှု အကောင်းဆုံးနည်းပြဆုတို့အား ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းကာလအတွင်း ရက်လုပ်ထားသည့် တိုင်းရင်းသားရိုးရာအထည်များ၊ ချည်ထည်၊ ပိုးထည်များ၊ စက်ရက်ကန်းနှင့် လက်ရက်ကန်းစင်တို့အား လိုက်လံကြည့်ရှုကြသည်။



ချည်မျှင်နှင့်အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ်သင်တန်းကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ သင်တန်းသား သင်တန်းသူ ၂၀ ဖြင့် လည်းကောင်း၊ လက်ရက်ကန်းခြောက်လသင်တန်းကို ၂၀၂၃ ခုနှစ် ဇူလိုင် ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ သင်တန်းသူ ၁၀ ဦးဖြင့်လည်းကောင်း ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်မြသီတာနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com


www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၏၂၀၂၄ ခုနှစ် နှစ်သစ်မင်္ဂလာ သာရဏီယဆုတောင်းလွှာ




ယနေ့သည် ၂၀၂၃ ခုနှစ်ဟုဆိုအပ်သော နှစ်ဟောင်းကုန်ပျောက်၍ ၂၀၂၄ ခုနှစ်ဟုဆိုအပ်သော ကမ္ဘာ့နှစ်သစ်သို့ စတင်ရောက်ရှိသည့် မင်္ဂလာရှိသော နေ့ထူးနေ့မြတ်ဖြစ်ပေသည်။ ယခုလို မင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံသော နှစ်သစ်မင်္ဂလာအချိန်အခါမှစ၍ နိုင်ငံသူ နိုင်ငံသားများနှင့် ကမ္ဘာသူ ကမ္ဘာသားများအားလုံး ဘေးဥပဒ်အန္တရာယ်ရန်စွယ်အပေါင်း မကောင်းဟူသမျှကင်းစင်ပ၍ လိုရာဆန္ဒအဝဝတို့ ပြည့်စုံကြစေရန် ဆုမွန်သလျက် နှစ်သစ်မင်္ဂလာအချိန်အခါမှစ၍ လိုက်နာကျင့်သုံးကျစေရန် ညွှန်ပြလိုသည်မှာ "သုစရိတ၊ ဓမ္မဟူသည်၊ လူတို့ပြည်ဝယ်၊ သက်ရှည်ချမ်းသာ၊ တေဇာကျော်ဟိုး၊ ဘုန်းတန်ခိုးကို၊ တက်တိုးစေတတ်၊ ဆေးမြတ်ဟုဆို၊ သမ္မမိုရ်ရိတည့်"ဟူသော မှတ်တမ်းလင်္ကာနှင့်အညီ လူသားတိုင်းအသက်ရှည်ခြင်း၊ ချမ်းသာများခြင်း၊ ကျော်စောသတင်းနှင့် ပြည်စုံခြင်း၊ ဘုန်းတန်ခိုးကြီးမားတိုးတက်ခြင်း စသောအကျိုးတရားများကို ခံစားရရှိစေနိုင်သည့် ဆေးကောင်းသဖွယ်ဖြစ်သော "ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊ ကာမေသုမိစ္ဆာစာရ ဆိုအပ်သော ဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်တဲ့ ကာယသုစရိုက်သုံးပါး။ မုသာဝါဒါ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပဆိုတဲ့ ဝစီသုစရိုက်လေးပါးမှ ရှောင်ကြဉ်တဲ့ ဝစီသုစရိုက်လေးပါး။ အနဘိဇ္ဈာ၊ အဗျာပါဒ၊ သမ္မာဒိဋ္ဌိဟု ဆိုအပ်သော မနောသုစရိုက်သုံးပါးဟူသော သုစရိုက်(၁၀)ပါး မြတ်တရားကို နေ့စဉ်အမြဲ စိတ်ဝယ်စွဲ၍ ကြိုးစားအားထုတ်တော်မူကြပြီး နိုင်ငံသူ နိုင်ငံသားများနှင့်တကွ ကမ္ဘာသူ ကမ္ဘာသားများအားလုံး ကောင်းကျိုးလိုရာဆန္ဒ ပြည့်ကြပါစေကြောင်း မေတ္တာရေလောင်း၍ ဆုတောင်းပတ္ထနာပြုအပ်ပါသတည်း။

## လက်တွဲအတူလျှောက်ရန် ဘုံလမ်းကြောင်းတစ်ခုကို ရှာကြစို့

ကျွန်ုပ်တို့လူသားများသည် မျက်စိဖြင့် မြင်နိုင်စွမ်းမရှိသော စွမ်းရည်သတ္တိများ ကိန်းအောင်းလျက်ရှိသည့် ထူးဆန်းသောသတ္တဝါများ ဖြစ်ကြသည်။ ကျွန်ုပ်တို့၏ ခန္ဓာတွင်း၌ မျက်စိဖြင့် မမြင်နိုင်သော သူတော်ကောင်းလက္ခဏာများ၊ သူယုတ်မာလက္ခဏာများ၏သတ္တိများသည်ကိန်းအောင်းလျက်ရှိသည်။

ဓနအင်အားနှင့် အမိန့်အာဏာတို့ကို အသုံးပြုရခြင်းမရှိဘဲ မမျှော်လင့်သောအချိန်၊ မထင်မှတ်သောနေရာတို့၌ ထိုလူကောင်း လူဆိုးနှစ်မျိုးတို့၏ မျိုးစေ့များသည် ကျွန်ုပ်တို့၏ ဘဝမျက်နှာပြင်ဝယ် ပေါ်ပေါက်လာတတ်ကြပေသည်။ ဤလူဆိုးလူကောင်းတို့၏ သဘောသတ္တိများသည် ကျွန်ုပ်တို့၏ ခန္ဓာတွင်း၌ အဆင့်ဆင့်၊ အစားစား ကိန်းအောင်းလျက်ရှိကြကုန်၏။



စွမ်းရည်သတ္တိကြီးမားကြသော လူသားတို့၏ စိတ်ဓာတ်ဟူသည့် ကျယ်ပြန့်ရှုပ်ထွေးသော စက်ရုံကြီး တစ်ခုအတွင်း၌ ကျွန်ုပ်တို့သည် သူတော်ကောင်းဓာတ်တို့ကို သိုလှောင်ထားသော ရတနာဘဏ်တိုက်ကြီးကိုလည်း တွေ့မြင်နိုင်သည်။ ထို့ပြင် ယုတ်မာ၊ ညစ်ညမ်းမှုတို့၏ စုဝေးရာ အမှိုက်ပုံကြီးကိုလည်း တွေ့မြင်နိုင်သည်။

ဤသို့လျှင်ဆိုခဲ့သော သက်ဆိုင်ရာလက္ခဏာနှစ်မျိုးတို့တွင် တစ်မျိုးမျိုးကို ကျွန်ုပ်တို့ တိုးပွားအောင် အားထုတ်လိုက်လျှင် ကျွန်ုပ်တို့သည် လူသားတို့အတွက် ကောင်းကျိုးပြု မင်္ဂလာရှိပုဂ္ဂိုလ်များလည်း ဖြစ်လာနိုင်သည်။ သို့မဟုတ် လူလောကကြီးကို နှိပ်စက်၊ ညှဉ်းပန်းသော လူယုတ်၊ လူညစ်များလည်း ဖြစ်လာနိုင်သည်။

အကယ်၍ ကျွန်ုပ်တို့သည် လူသားတို့အတွက် မွန်မြတ်သော အကျိုးပြုလုပ်ငန်းများကို လုပ်ကိုင်ခြင်းဖြင့် ကျွန်ုပ်တို့၏ ကိုယ်ပိုင်ဘဝကို မြှင့်တင်လိုလျှင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကိုယ်တွင်း၌ ကိန်းအောင်းနေသော ယုတ်မာမှုတို့၏မျိုးစေ့ကို ဖယ်ရှားဖို့ရန် ကျွန်ုပ်တို့ အကောင်းဆုံး အားထုတ်ရမည်။

ကျွန်ုပ်တို့ကိုယ်တွင်း၌ ကိန်းအောင်း၍နေသော သူတော်ကောင်းမျိုးစေ့ သူတော်ကောင်းဓာတ် အပင်ပေါက်လာအောင်လည်း အားထုတ်ကြိုးပမ်းကြရမည်။ ကျွန်ုပ်တို့၏နှလုံးသား၌ ကိန်းအောင်း၍နေသော တန်ဖိုးမဖြတ်နိုင်သည့် သူတော်ကောင်းဓာတ်၊ သူတော်ကောင်းရတနာဘဏ်တိုက်ကို ဖွင့်လှစ်ဖို့ရန် ဟန်ချက်ညီသော သည်းခံခြင်း၊ မှန်ကန်သော အားထုတ်ခြင်းနှင့် ထက်မြက်သော အသိဉာဏ်တို့မှာ မရှိမဖြစ် အထူးပင်လိုအပ်ပေသည်။

ပစ္စည်းဥစ္စာ ဆင်းရဲနွမ်းပါးသော၊ ဩဇာ၊ အာဏာကင်းမဲ့သော လောကအပြောအရ အောက်တန်းကျသည်ဟုဆိုရသော လူများသည်ပင်လျှင် ဤအချက်ကို ပြည့်စုံအောင် အားထုတ်နိုင်စွမ်း၊ အားထုတ်နိုင်ခွင့် ရှိပေသည်။

ဤသို့ဆိုလျှင် လူသားတို့၏ ဘဝတန်ဖိုးကို မြှင့်တင်ဖို့ရန် ရာထူး၊ အာဏာ၊ စီးပွားဥစ္စာတို့သည် တကယ်လိုအပ်သောအချက်များ မဟုတ်ကြပေ။

အလွန်အရှိန်ပြင်းသော အဖျက်ဓာတ်တစ်ခုဟုဆိုရသည့် ဒေါသသည် ကျွန်ုပ်တို့၏ ကိုယ်တွင်း၌ ကိန်းအောင်းလျက်ရှိသည်။ ထိုအဖျက်ဓာတ်ကို ဖယ်ရှားနိုင်သည့် လူသားတို့၏ ဘဝကိုလည်း မြှင့်တင်နိုင်စွမ်းရှိသည့် တည်ဆောက်ဓာတ်မှာ မေတ္တာတရားပင်ဖြစ်သည်။

ယနေ့ မျက်မှောက်ကမ္ဘာ၌ မရပ်မနား ပြန့်ပွားနေသော မြောက်မြားစွာသော ကြောက်မက်ဖွယ်ရာများနှင့် ရက်စက်ကြမ်းကြုတ်မှုများကို လွှမ်းကျူးနေသော အခြားအဖျက်ဓာတ်တစ်ခုမှာ 'ဟိံသန'တရားပင် ဖြစ်သည်။ ထိုဟိံသန ရောဂါကိုကုစားဖို့ အကောင်းဆုံးဆေးမှာမူကား ကရုဏာတရားပင် ဖြစ်သည်။

ကမ္ဘာကြီးတစ်ခုလုံး၏ မူဝါဒတိုင်း၌ သင်ရောက်နေသည့် အလွန်ပြင်းသည့် အဆိပ်ဓာတ်တစ်ခုမှာ 'ဣဿာ'တရားပင် ဖြစ်သည်။ 'ဣဿာ'တရားဟူသော အဆိပ်သင့်သည့် လူသားတို့၏အလုပ်မှာ ကုစားရခက်သည့် လက်နက်ပြိုင်ဆိုင်မှုများ အန္တရာယ်ကြီးမားသည့် အာဏာပြိုင်ဆိုင်မှုများပင် ဖြစ်သည်။ ထိုဣဿာအဆိပ်သင့်ရောဂါကို ကုစားဖို့ အထက်မြက်ဆုံးသောဆေးမှာ 'မုဒိတာ'တရားပင် ဖြစ်သည်။

လူသားများ၏ တည်ငြိမ်သော စိတ်ထားကို နှောင့်ယှက်ဖျက်ဆီးတတ်သည့် အခြားသော လက္ခဏာနှစ်ခုမှာ ဣဋ္ဌာရုံ၌ မက်မောခြင်း၊ အနိဋ္ဌာရုံ၌ စိတ်ပျက်ခြင်းပင် ဖြစ်၏။ စိတ်ကိုဟန်ချက်ညီအောင် ထားခြင်းဟူသော ဥပေက္ခာတရားသည် ဣဋ္ဌာရုံ၌ ဖြစ်သော တပ်မက်ခြင်း၊ အနိဋ္ဌာရုံ၌ဖြစ်သော စိတ်ပျက်ခြင်းတို့ကို ဖယ်ရှားနိုင်သဖြင့် ဘဝတည်ငြိမ်ရေးအတွက် ဥပေက္ခာတရားသည် တန်ဖိုးကြီးမားပေ၏။

ဤထူးခြားမွန်မြတ်သည့် အကျင့်တရား လေးပါးကို ဗြဟ္မစရိယဟုလည်းကောင်း၊ ဗြဟ္မဝိဟာရဟုလည်းကောင်း ခေါ်ဆိုနိုင်သည်။

အကယ်၍ လူသားများသည် ဤဗြဟ္မစရိယ အကျင့်တရားလေးပါးကို ကျင့်သုံးနိုင်ကြလျှင် ထိုလူသားတို့နေသော ကမ္ဘာကြီးကို ထိုလူသားတို့သည် အောက်တန်းမှ အထက်တန်းသို့ မြှင့်တင်နိုင်ကြလိမ့်မည် ဖြစ်သည်။

အသားအရောင်၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ ကြော်ငြာထားသည့် ပေါ်လစီဝါဒတို့ကို မကြည့်ဘဲ လူသားတိုင်း လူသားတစ်ယောက်အနေဖြင့် ဤဗြဟ္မစရိယတရားလေးပါးကို ကျင့်သုံးနိုင်ကြလျှင် စစ်ပွဲ ဆင်းရဲတို့ဖြင့် ပြွမ်းနေသော ဤကမ္ဘာလောကကြီးကို အဘက်ဘက်မှပြည့်စုံသော၊ ငြိမ်းချမ်းသော၊ ညီညွတ်သော၊ သာယာလှပသော၊ မြင့်မြတ်သော၊ ဘုံဘဝတစ်ခုသို့ ပြောင်းလဲဖန်ဆင်းနိုင်မည်မှာ ဧကန်မုချဖြစ်သည်။ ကျွန်ုပ်တို့လူသားများကိုယ်တိုင်လည်း တစ်ခုတည်းသော လောကကြီး၏ စံနမူနာပြ ဗြဟ္မာလူသားများ ဖြစ်လာကြလိမ့်မည်။

သို့ဖြစ်ခြင်းကြောင့် ကျွန်ုပ်တို့လူသားအားလုံး ဤလေးပါးသော ဗြဟ္မစရိယတရားတို့ကို အကြွင်းအကျန်မထား သတ္တဝါလောကတစ်ခုလုံးသို့ ခြွင်းချက်မရှိ၊ အတိုင်းအတာပမာဏမရှိ လူမျိုး၊ ဝါဒ၊ ဘာသာ စသည့်အတားအဆီးများကို ဖယ်ရှား၍ ပွားများသင့်ကြပေသည်။

ဤဗြဟ္မစရိယ တရားလေးပါးကို နယ်ခြားမဲ့၊ အတိုင်းအတာမဲ့၊ အတားအဆီးမဲ့ တရားလေးပါး၊ မွန်မြတ်သော စိတ်ဓာတ်လေးမျိုးဟု ခေါ်ဆိုရပေသည်။

လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ အသားအရောင်၊ မူဝါဒတို့ကိုမကြည့်ဘဲ လူသားတိုင်း ဤမွန်မြတ်သော၊ လှပချိုမြိန်သော အကျင့်မြတ်တို့ကို ကျင့်သုံးခြင်းဖြင့် လူသားအချင်းချင်း တစ်ယောက်သည် တစ်ယောက်ကို၊ တစ်မျိုးသည် တစ်မျိုးကို၊ တစ်ပါတီသည် အခြားပါတီတစ်ခုကို၊ တစ်နိုင်ငံသည် အခြားနိုင်ငံတစ်ခုကို အပြန်အလှန် ကျေးဇူးပြု၊ အပြန်အလှန် ကောင်းကျိုးပြုသည့် လူသားများ ဖြစ်သင့်ကြပေသည်။

မေတ္တာတရားသည် လူသားတို့၏နှလုံးသားကို နူးညံ့စေသည်။ လူသားတွေကို စည်းရုံးရာ၌၊ သိမ်းသွင်းရာ၌ လက်နက်၊ အာဏာ၊ ဓနအင်အားတို့ကို သုံးစွဲမည့်အစား မေတ္တာတရားကို သုံးစွဲသင့်ပါသည်။ အကူအညီကင်းမဲ့နေသော လူ့လောကကြီးအတွက် မေတ္တာတရားကိုပေးခြင်းသည် သန့်ရှင်းသော အကူအညီပေးခြင်းပင် ဖြစ်သည်။

သူနှင့်ငါကို မခွဲခြားဘဲ ရိုးသားဖြူစင်သော တန်းတူညီမျှ အကျိုးလိုလားသည့်စိတ်ဓာတ်သည် လူသားအားလုံးအတွက် ချမ်းသာအစစ် တကယ်ပင် ဖြစ်သည်။ ဥပမာ သားငယ်ကို ရင်ခွင်မှာ ပိုက်ထားသောမိခင်၏မေတ္တာသည်ထိုသားငယ်ရဲ့အကျိုးစီးပွားအတွက် မိမိအသက်ကိုပင် စွန့်လွှတ်ရန် ဝန်မလေးသကဲ့သို့ ရင်ခွင်၌ ကျင်ကြီး၊ ကျင်ငယ်တို့ကို စွန့်ပစ်နေသောသားငယ်ကို မိခင်သည် ကောင်းကျိုးလိုလားသည့်စိတ်ဓာတ်ကိုသာ မွေးမြူသကဲ့သို့၊ အမျက်ဒေါသ လုံးဝမထားသကဲ့သို့၊ မိမိ၏အကျိုးစီးပွားနှင့် အသက်ကိုပင် စွန့်လွှတ်၍ သတ္တဝါအားလုံးတို့အပေါ်မှာ ဖြူစင်၊ သန့်ရှင်းသော စိတ်ဓာတ်ဖြင့် ကောင်းကျိုး၊ ချမ်းသာလိုလားသော စိတ်ဓာတ်ကို မွေးမြူရာ၏။

ရင်ခွင်ပိုက်ထား သားငယ်အပေါ်၌ဖြစ်သော မိခင်၏မေတ္တာသည် တဏှာ၊ ရာဂ၊ ဒေါသကင်းသန့်ရှင်းလေဘိသကဲ့သို့၊ ထိုနည်းတူစွာ ကျွန်ုပ်တို့ လူသားထုတစ်ရပ်လုံးအပေါ်မှာ ထားရမည့်မေတ္တာ၊ လူမျိုးတိုင်းနှင့် နိုင်ငံတိုင်းအပေါ်၌ ထားရမည့် မေတ္တာမှာလည်း ရိုးသားရမည်၊ သန့်ရှင်းရမည်။

ကမ္ဘာကြီးတစ်ခုလုံး၏ ငြိမ်းချမ်းရေးနှင့် ချမ်းသာရေးအတွက် စစ်မှန်သောမေတ္တာဟူသည် မိခင်၏သားအပေါ်မှာထားသော မေတ္တာမျိုးဖြစ်ပါသည်။

ထို့ကြောင့် ဘာသာရေးအယူအဆ၊ နိုင်ငံရေးယုံကြည်ချက်တို့ မတူညီခြင်းဟူသော အတားအဆီးများကို အကြွင်းမဲ့ဖယ်ရှားလျက် အကန့်အသတ်မရှိ ကျယ်ပြန့်သော ညီအစ်ကို၊ မောင်နှမစိတ်ဓာတ်ကို မွေးမြူသင့်ကြပေသည်။

ရိုးသားသော၊ ဖြူစင်သောဆန္ဒဟု ဆိုအပ်သည့် မေတ္တာဓာတ်သည် ကမ္ဘာလောကကြီးတစ်ခုလုံး၏ စစ်မှန်သောအကျိုးစီးပွားနှင့် ငြိမ်းချမ်းရေးအတွက် တည်ဆောက်အပ်သည့် ညီအစ်ကို၊ မောင်နှမစိတ်ဓာတ်ပင်ဖြစ်သည်။ နိုင်ငံရေးပါတီများ၊ လူမျိုးစုများ၊ လူမျိုးများ၊ ကိုးကွယ်သည့်ဘာသာတရားများ တစ်ခုစီ တစ်ခုစီ၊ တစ်စုစီ တစ်စုစီ ကျဉ်းမြောင်းစွာ ဖွဲ့စည်းထားသည့် ညီအစ်ကို၊ မောင်နှမ စိတ်ဓာတ်မျိုးသည် မေတ္တာ၌ အကျုံးမဝင်ပေ။

**မှတ်ချက်။ ။ မေတ္တာတရားကို ဗုဒ္ဓစာပေ၌ အပ္ပမညာတရားဟု ဟောတော်မူသည်။ နယ်ခြားမဲ့၊ အတိုင်းအတာမဲ့၊ ကန့်သတ်ချက်မရှိ၊ ကျယ်ပြန့်သောစိတ်ထားဟု ဆိုလိုသည်။**

နိုင်ငံရေးညီအစ်ကို၊ မောင်နှမစိတ်ဓာတ်သည် သက်ဆိုင်ရာအယူအဆတူမျှသော နိုင်ငံရေးပါတီအတွင်းမှာသာ တည်ဆောက်ထားခြင်းဖြစ်သည်။ ဥပမာ- ဒီမိုကရက်တို့သည် ဒီမိုကရေစီပါတီအတွင်း၌သာ Brotherhood Spiritကို တည်ဆောက်ကြလိမ့်မည်။ **စာမျက်နှာ ၄ သို့** ❐

❒ စာမျက်နှာ ၃ မှ
ကွန်မြူနစ်တို့သည်လည်း ကွန်မြူနစ်ပါတီဝင် အချင်းချင်းအပေါ်မှာသာ Brotherhood Spirit ကို ထားရှိနိုင်ကြပေလိမ့်မည်။

National Brotherhood ဆိုသည်မှာလည်း ကန့်သတ်ချက်များဖြင့် တင်းကျပ်နေလိမ့်မည်။ သက်ဆိုင်ရာ မိမိတို့ရဲ့ Nations တို့အပေါ်၌သာ တည်ဆောက်နိုင်ကြလိမ့်မည်။ Racial Brother–hood လူမျိုးစုများ၏ ကိုယ့်အမျိုးကိုသာ ကိုယ်ချစ်သည့် စိတ်ဓာတ်များကား ပို၍ကျဉ်းမြောင်းသည်။

မေတ္တာစိတ်ဓာတ် Universal Love (သို့) Universal Brotherhood Spirit မှာကား Boun–dless boundary (သို့) Border (သို့) Barrier မရှိဖြစ်သည်။ National Brotherhood Spirit ၌ 'သဗ္ဗေ သတ္တာ'ဟု နှလုံးသွင်းနိုင်ကြလိမ့်မည်မဟုတ်။

လူမျိုးရေးစိတ်ဓာတ်၊ ဘာသာရေးစိတ်ဓာတ်၊ နိုင်ငံရေးစိတ်ဓာတ်၊ တစ်ဖက်သတ်ထားရှိခြင်း၊ (အတ္တနှင့် အတ္တနိယ)ကြောင့် ကရုဏာတရား ကင်းမဲ့စွာ သတ်ဖြတ်၊ တိုက်ခိုက်၊ နှိပ်စက်ကြသော လူမျိုးရေးစစ်ပွဲ၊ ဘာသာရေးစစ်ပွဲ၊ နိုင်ငံရေးစစ်ပွဲများ ကမ္ဘာ့သမိုင်း၌ မေ့ပျောက်မရနိုင်လောက်အောင် ဖြစ်ခဲ့ဖူးကြပြီ။

အမုန်းတွေ၊ ကျည်ဆန်တွေ မိုးကဲ့သို့ရွာချ လူသားပေါင်းများစွာတို့ အသက်ဆုံးရှုံးခဲ့ကြသည်မှာ ကျဉ်းမြောင်းသော အစွန်းရောက်သော Racial, National, Political and Religious Brotherhood Spirit များကြောင့် ဖြစ်ခဲ့ရသည်များကို ကမ္ဘာ့သမိုင်းများက အထင်အရှား မှတ်တမ်းတင်ထားခဲ့ကြပြီး ဖြစ်သည်။

ဤအချက်ကို ဒုတိယကမ္ဘာစစ်ကြီး၏ ဖြစ်ရပ်များက စံနမူနာယူလောက်အောင် သက်သေခံလျက်ရှိပေသည်။ ယနေ့တိုင်အောင် ရိုက်ခတ်၍နေသော ကမ္ဘာ့စစ်ပွဲကြီးများ၏ လှိုင်းတံပိုးကို မျက်မှောက်ခေတ် လူသားတို့က မေ့ပျောက်၍ မရနိုင်သေးပေ။

သို့ဖြစ်ရကား ဗြဟ္မစရိယတရားလေးပါးတို့၏ အစွမ်းသတ္တိဖြင့် လူသားတို့၏ နှလုံးသားကို ခြိမ်းခြောက်နေသော ဆူပူခြင်း၊ သောင်းကျန်းခြင်း၊ အကြမ်းဖက်ခြင်း၊ ချောင်းမြောင်းလုပ်ကြံခြင်း တည်းဟူသော လူ့သမိုင်း၏ အညစ်အကြေးများကို ဆေးကြောသုတ်သင်ဖို့ကောင်းပါပြီ။

ဗြဟ္မစရိယတရားလေးပါးတို့၏ စွမ်းပကားဖြင့် နောက်ခံအတွေးအခေါ် အယူအဆ(လူသားတို့ ဘဝမှာ) မတူမျှကြသော်လည်း တူမျှသည့် ဘုံလမ်းကြောင်းတစ်ခုကို တည်ဆောက်ကြ၍ ဤဗြဟ္မစရိယလမ်းကြောင်းပေါ်မှာ ငြိမ်းငြိမ်းချမ်းချမ်း၊ ချစ်ချစ်ခင်ခင်၊ ညီညီညွတ်ညွတ် လက်တွဲလျှောက်လှမ်းကြဖို့ ကောင်းလှပါပြီ။

'မေတ္တာ'ကို 'ချစ်ခြင်း'ဟု ဘာသာပြန်လျှင် ကိုယ့်လူမျိုးအချင်းချင်းသာချစ်၍ အခြားလူမျိုးကို မချစ်နိုင်ခဲ့လျှင်၊ ကိုယ့်ပါတီဝင်များကိုသာချစ်၍ အခြားပါတီဝင်များကို မချစ်နိုင်ခဲ့လျှင်၊ ကိုယ့်ဘာသာဝင်များကိုသာချစ်၍ အခြားဘာသာဝင်များကို မချစ်နိုင်ခဲ့လျှင် ဤကဲ့သို့ ကျဉ်းမြောင်းသောစိတ်ဓာတ်များကြောင့် ကရုဏာကင်းမဲ့စွာ သတ်ဖြတ်ကြသော Holy Wars သို့မဟုတ် Fighting for Peace အမည်တပ်သည့် စစ်ပွဲကြီးများ ကမ္ဘာ့သမိုင်းတွင် ဖြစ်ခဲ့ဖူးသည်ကို သံဝေဂယူကြဖို့ ကောင်းပါပြီ။

ရိုးသား၊ ဖြူစင်၊ ပွင့်လင်းစွာ ဆိုတတ်ကြကုန်သော သူတော်ကောင်းအချို့ နှိပ်စက်ညှဉ်းပန်း အကျဉ်းချခံရခြင်းများလည်း ရှိတတ်သည်။ ကမ္ဘာ့သမိုင်းတွင် ရက်စက်ကြမ်းကြုတ်သော ရန်းရင်းဆန်ခတ်မှုကြီးများကို မှားမှားယွင်းယွင်း၊ ရှုတ်ရှုတ်ထွေးထွေး မှတ်တမ်းတင်ထားခဲ့ကြသည်မှာလည်း သံဝေဂယူဖွယ်ဖြစ်သည်။ မှားယွင်းသော စစ်ပွဲများ၊ အစွန်းရောက် ဆူပူသောင်းကျန်းမှုများ၊ ရက်စက်သော စစ်ပွဲကြီးများက ကမ္ဘာ့သမိုင်းစာအုပ်ကြီး၏ စာမျက်နှာပေါင်း မြောက်မြားစွာကို မည်းညစ်စွန်းထင်းစေခဲ့လေပြီ။

လူ့လောကကြီးအတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ လွတ်လပ်ရေးနှင့် အကျင့်စာရိတ္တနှင့် အသိဉာဏ်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တည်ဆောက်ဖို့အတွက်ရိုးသားဖြူစင်သော ဘာသာရေးခေါင်းဆောင်တို့၏ နိုးကြားမှု၊ ရိုးသားဖြူစင်သော လူမှုရေးခေါင်းဆောင်တို့၏ ညီညွတ်မှုမှာ သီလနှင့် ပညာကင်းမဲ့နေသော ဤကမ္ဘာ၌ အထူးပင် လိုအပ်နေချေပြီ။

သို့ဖြစ်ခြင်းကြောင့် သက်ဆိုင်ရာ ဘာသာရေးဆရာများ၊ ဘာသာရေး လူမှုရေးခေါင်းဆောင်များ၏ ရိုးသားဖြူစင်စွာချမှတ်ထားသော မွန်မြတ်သည့် နည်းလမ်း စည်းကမ်းများပေါ်မှာ အခြေခံသော ချစ်ခြင်း၊ သနားခြင်း၊ ဝမ်းမြောက်ခြင်း၊ တည်ငြိမ်ခြင်း၊ အကြောင်းအကျိုးညီညွတ်ခြင်း၊ တရားမျှတခြင်းဟူသော Common Ground တစ်ခုကို လောကကြီးအတွက် အသုံးဝင်အောင် သန့်ရှင်းသောစိတ်ဓာတ်ဖြင့် ဂရုတစိုက် တည်ဆောက်ကြဖို့လိုအပ်ပေပြီ။

မုန်းတီးသူကို ပြန်၍မုန်းတီးနေကြခြင်းဖြင့် ထိုအမုန်းဇာတ်သည် အဆုံးမသတ်နိုင်ပေ။ ထိုအမုန်းဇာတ်ကိုအဆုံးသတ်ရန်မှာ မေတ္တာဖြစ်သည်။ ရန့်ရင်းသောစကားပြောကြားခြင်းကို တုံ့ပြန်၍ နေခြင်းဖြင့်၊ ထိုရန့်ရင်းသော စကားဝိုင်းကြီးသည် ချုပ်ငြိမ်းသွားလိမ့်မည် မဟုတ်ပေ။ ခန္တီတရားဖြင့်သာလျှင် သန္တိစကားကို စတင်နိုင်ကြမည်ဖြစ်သည်။

မုသားမပါသဖြင့် အချောမသပ်နိုင်သည့် လင်္ကာများကို သစ္စာစကားဖြင့် အချောသပ်ရမည်။ ဤသည်ကား မြတ်ဗုဒ္ဓမိန့်ကြားသည့် ရှေးဟောင်းဥပဒေသဖြစ်သည်။ မုန်းတီးသော အတွေးအခေါ်သည် အဖျက်ဓာတ်ပါသည့် ထက်မြက်သော စွမ်းပကားဖြစ်သည်။ ထိုမုန်းတီးသော အတွေးအခေါ်သည် မည်သည့်စနစ် မည်သည့်ဝါဒ၌မဆို မှားနေတတ်သဖြင့် မှားယွင်းစွာမျိုးမိသော အဆိပ်နှင့်တူ၏။

မေတ္တာတရားသည်ကား ဖွဲ့စည်းတည်ဆောက်မှုလုပ်ငန်းများ၌ အလွန်အားကောင်းသော စွမ်းအားဖြစ်သည်။ သို့ဖြစ်ခြင်းကြောင့် မေတ္တာနှင့် ခန္တီကို အခြေခံ၍ ပညာဖြင့်တောက်ပြောင်နေသော အတွေးအခေါ်သည် ကျန်းမာခြင်း၊ ငြိမ်းချမ်းခြင်း၊ ညီညွတ်ခြင်း၊ လက်တွဲအတူနေခြင်းတို့အတွက် အလွန်အားကောင်းသည့် တည်ဆောက်မှုစွမ်းအားဖြစ်သည်။

ထို့အပြင် မြတ်ဗုဒ္ဓသည် တင်းမာမှုနှင့် စွပ်စွဲမှုအစရှိသည့် အခက်အခဲနှင့် ငြင်းခုံမှုများကို ကျော်လွှားရန် အရေးကြီးသော နည်းစနစ်တစ်ခုမှာ သီလ (Character)ဖြစ်သည်ဟု အလေးအနက် မိန့်မြွက်တော်မူသည်။ အကျင့်ကောင်းခြင်းသည် ဘဝပြဿနာများစွာကို ဖြေရှင်းနိုင်သော အခြေခံစွမ်းရည်တစ်ခုဖြစ်သည်။ သီလနှင့် ပြည့်စုံခြင်းသည် မိမိကောင်းကျိုး၊ သူတစ်ပါးကောင်းကျိုးတို့ကို ဆောင်ရွက်ရာ၌ ပြီးစီးအောင်မြင်နိုင်သော အင်အားတစ်ခုဖြစ်သည်။

ထို့အပြင် ကျွန်ုပ်တို့သည် အတ္တနှင့် အတ္တနိယကိုဖယ်ရှား အနတ္တဟူသော Right Thought of Selflessness ကိုလည်း အလေးအနက်ကျင့်သုံးရမည်။ မေတ္တာ၊ ကရုဏာ၊ အဟိံသာ၊ ပညာတရားတို့သည် ကျွန်ုပ်တို့၏ လောကငြိမ်းချမ်းရေး တည်ဆောက်ရာ၌ အလွန်အားကောင်းသောစွမ်းအင် (Powerful Constructive Force)ပင် ဖြစ်သည်။ ယနေ့ ကမ္ဘာလောကကြီးသည် စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ ထိတ်လန့်ခြင်း၊ ကြောက်ရွံ့ခြင်း၊ စစ်တိုက်ခြင်း၊ ဆူပူခြင်း၊ သောင်းကျန်းခြင်းဟူသော အပြစ်၊ အညစ်အကြေးတို့ဖြင့် ပြည့်နှက်လျက်ရှိနေပါသည်။ လူသားတွေ၊ လူမျိုးစုတွေသည် တိုက်ခိုက်၊ သတ်ဖြတ်ဖို့ လက်နက်များကို တပြင်ပြင်ဖြစ်နေကြသည်။ ကိုက်တော့မည့်ခွေးများ၊ သွားဖြဲနေကြသည်နှင့် တူ၏။ လူသားတို့၏အသက်များမှာ အန္တရာယ်တွင်း ထဲသို့ ရောက်လုနီး (သို့မဟုတ်) ရောက်နေဘိအလား ဖြစ်၏။

အင်အားကြီးမားသည့် နိုင်ငံကြီးများ၏ လက်နက်ပြိုင်ဆိုင်မှုအကြားမှာ အပြစ်ကင်းသော လူသားထုတစ်ရပ်လုံး ကြောက်လန့်နေကြကုန်၏။ ခေတ်မီသည့်၊ တိုးတက်သည့် လက်နက်များသည် အချိန်မရွေး၊ နေရာမရွေး လူသားတို့၏ အသက်ကို သတ်ဖြတ်ဖို့ အဆင်သင့်ဖြစ်နေကြကုန်၏။ တကယ်စင်စစ် ကမ္ဘာလောကကြီးသည် အားကိုးရာမဲ့၊ အကူအညီမဲ့၊ အစောင့်အရှောက်မဲ့ ဖြစ်နေသည်။ လက်နက်နှင့် စောင့်ရှောက်ခြင်းကို တကယ်စင်စစ် စောင့်ရှောက်ခြင်း၏ အနှစ်သာရဟု ဆိုရန်ခက်၏။

'မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ခန္တီ၊ ပညာ' ဤဗြဟ္မစရိယတရားတို့သည်သာလျှင် လောကကို တကယ်စောင့်ရှောက်သည့် လောကပါလတရားတို့ ဖြစ်ကုန်၏။ ပြည့်စုံသော ငြိမ်းချမ်းခြင်း၊ ခိုင်မြဲသော ညီညွတ်ခြင်း၊ ရိုးသားသော လက်တွဲခြင်းတို့ကို ဤလောကပါလ ဗြဟ္မစရိယတရားတို့ဖြင့် တည်ဆောက်ရမည်ဖြစ်ပါသည်။ လောက၏ ရန်သူ စင်စစ် တကယ်ဖြစ်သော ဒေါသတရားကို မေတ္တာဖြင့် ကာကွယ်ရမည်။ လူသားတို့၏ ရန်သူဖြစ်သော နှိပ်စက်ညှဉ်းဆဲခြင်း ဟိံသနတရားကို အဟိံသာဟူသော ကရုဏာပွား၍ ကာကွယ်ရမည်။

ဝါဒနှင့်စနစ်အားလုံးတို့၏ အဆိပ်သဖွယ်ဖြစ်သော ဣဿာတရားကို မုဒိတာဟူသော စိတ်ကောင်းထား၍ ဖယ်ရှားရမည်။ မကောင်းလျှင် စိတ်ပျက်၊ ကောင်းလျှင် တပ်မက်သည့် မငြိမ်သက်သည့် ဤစိတ်ဓာတ်ကို ဥပေက္ခာပွား၍ တည်ငြိမ်စေရမည်။ ယနေ့ကမ္ဘာလောက၌ ရုပ်ဝါဒရှုထောင့်မှကြည့်လျှင် သိပ္ပံပညာ၊ နည်းပညာ၊ စက်မှုပညာတို့သည် အမြင့်ဆုံးသို့ ရောက်အောင် တိုးတက်နေချေပြီ။ အခြားဆန့်ကျင်ဘက်တစ်ခုမှာ လူသားများတို့၏ စိတ်ဓာတ်၊ အသိဉာဏ် အကျင့်တရားတို့ကား ဖွံ့ဖြိုးတိုးတက်မှု မရှိရုံမျှမက ဆင်းရဲမွဲတေခြင်း၏ အောက်သို့ ရောက်ရှိနေချေပြီ။ ယနေ့လူသားအများစု၏ စိတ်ဓာတ်၌ ဗြဟ္မစရိယတရားလေးပါးတို့ ခေါင်းပါးခဲ့ချေပြီ။ ထို့အပြင် လူငယ်အများစု၏ ကိုယ်ကျင့်တရားမှာလည်း ဗလာလုနီးနီး ဖြစ်ချေပြီ။

ရုပ်ပိုင်းနှင့် စိတ်ပိုင်း တိုးတက်ခြင်း နှစ်မျိုးလုံးသည် နိုင်ငံတိုင်း၊ လူသားတိုင်းအတွက် အမှန်တကယ်လိုအပ်ပါသည်။ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုအတွက် သိပ္ပံပညာရှင် နည်းပညာရှင်တို့က အားထုတ်နေကြလျှင် အကျင့်စာရိတ္တ၊ စိတ်ဓာတ်၊ အသိပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးသော ဘာသာရေးခေါင်းဆောင်များ၊ အားလုံးသော စိတ်ပညာရှင်များ၊ အားလုံးသော စိတ်ဓာတ်ရေး၊ လူမှုရေး၊ ပညာရေး၊ နိုင်ငံရေးခေါင်းဆောင်များမှာ အားထုတ်ဆောင်ရွက်ကြဖို့ တာဝန်အထူးရှိပေသည်။ ခေတ်မီသိပ္ပံပညာရေးနှင့် ဘာသာရေးယဉ်ကျေးမှု စိတ်ဓာတ်ဆိုင်ရာ ရှေးဟောင်းပညာရေးနှစ်ရပ်တို့ ဟန်ချက်ညီညီ ချီတက်ကြဖို့ လိုအပ်ပေသည်။

အများအားဖြင့် ကောင်းသောပညာရေးဟူသည် အကျင့်စာရိတ္တ၊ စိတ်ဓာတ်နှင့် စားဝတ်နေရေး မွဲတေခြင်းတို့ကို မြှင့်တင်ပေးနိုင်သော ပညာရေးကို ကောင်းသောပညာ Good Education ဟု ဆိုသည်။ ယနေ့နိုင်ငံတိုင်း၌ ရုပ်ဝတ္ထုပိုင်း၏ တိုးတက်မှုသည် လုံလောက်ပါ၏။ သို့သော် စိတ်ဓာတ်နှင့် အကျင့်တရားတို့၏ ဖွံ့ဖြိုးတိုးတက်ခြင်းကား ဤရုပ်ကမ္ဘာ၌ အနိမ့်ဆုံးမှာ ရှိနေပါသည်။ သို့ဖြစ်ခြင်းကြောင့် အနာဂတ် လူ့လောကကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနေ့ကျွန်ုပ်တို့၏ သားငယ်၊ သမီးငယ်များကို စိတ်ဓာတ်၊ အကျင့်၊ ပညာ သုံးခုစုံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရန် ယနေ့မျက်မှောက်ခေါင်းဆောင်တိုင်း တာဝန်ရှိပေသည်။

ကျွန်ုပ်တို့ခေတ်နောက် ကျွန်ုပ်တို့၏ သားငယ်သမီးငယ်များသည် မကြာသော အနာဂတ်၏ ခေါင်းဆောင်များဖြစ်လာဖို့ ယခုပင် ပြုစုပျိုးထောင်ကြရပေမည်။ ဤသို့ ပြုလုပ်ရန် ဘာသာရေး၊ ယဉ်ကျေးမှု၊ ကိုယ်ကျင့်တရား၊ စိတ်ဓာတ်များနှင့် သိပ္ပံပညာ၊ နည်းပညာတို့ ဟန်ချက်ညီအောင် ရေးဆွဲထားသော ပညာရေးစနစ်တစ်ခု ချမှတ်ရန်လိုအပ်ပေသည်။ ဤအတွက် ကျွန်ုပ်တို့ စိတ်ဓာတ်ရေးရာခေါင်းဆောင်များ၊ လူမှုရေးခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်များအားလုံး လက်တွဲလျှောက်လှမ်းဖို့ (Common Highway)တစ်ခု တည်ဆောက်ရန် လိုအပ်ပေသည်။ United Nations, United States, United Kingdom ဆိုသည်တို့ကို ကြည့်ပါ။

United ဖြစ်ဖို့ရန်မှာ သည်းခံခြင်း၊ ချစ်ခြင်း၊ ခွင့်လွှတ်ခြင်း၊ ငါကိုမေ့ထားခြင်း (Self–forgetfulness) တို့သည် အခြေခံအုတ်မြစ်တရားများ ဖြစ်ကြကုန်၏။

ဘာသာရေးယုံကြည်ချက်၊ လူမျိုးရေးကွဲပြားမှု၊ နိုင်ငံရေးအယူအဆ မတူကြသည်ကို အကြောင်းပြု၍၊ ညီအစ်ကို၊ မောင်နှမများသဖွယ် သဘောမထားနိုင်ကြဘဲ ဘုံလမ်းမကြီးတစ်ခုပေါ်မှာ မတွေ့ဆုံနိုင်၊ လက်မတွဲနိုင်ကြလျှင် လူသားတို့၏ အကျိုးစီးပွားကို သယ်ပိုးလိုကြသည့် များစွာသောခေါင်းဆောင်၊ များစွာသော အသင်းအဖွဲ့တို့၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်ချက်များမှာ အောင်မြင်ပြီးမြောက် ခရီးရောက်ဖို့ အခက်အခဲများစွာ တွေ့ကြလိမ့်မည် ဖြစ်သည်။

ချစ်ခြင်း၊ သနားခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ မေ့ပျောက်ခြင်း၊ ကြောင်းကျိုးစိစစ်ခြင်းတို့သည် ကျွန်ုပ်တို့၏ Common Highway ဖြစ်သည်။ ဤဗြဟ္မစရိယ လောကပါလတရားများကို ကျင့်သုံးလိုက်နာဖို့ ခက်ခဲသည်ဟု ဆိုဖွယ်ရာရှိပါသည်။ သို့သော် ရက်စက်ကြမ်းကြုတ်သော စစ်ပွဲကြီးများကို ဆင်နွှဲဖို့ ဒုံးပျံလက်နက်၊ အဏုမြူဗုံးလက်နက်များ ထုတ်လုပ်ခြင်းလောက် ခက်လည်းမခက်ပါဘူး။ အကျပ်အတည်းလည်း မရှိပါဘူး။ စိတ်ပင်ပန်းမှု၊ စိုးရိမ်ကြောင့်ကြမှုလည်း မရှိပါဘူးဟု ဆိုချင်ပါသည်။

ကျွန်ုပ်၏စာတမ်းကို အတုမဲ့မြတ်ဗုဒ္ဓ၏ တန်ဖိုးမဖြတ်နိုင်သော စကားရပ်တို့ဖြင့် အဆုံးသတ်ပါမည်။ ကျွန်ုပ်တို့သည် ဒေါသကို မေတ္တာဖြင့် အနိုင်ယူရမည်။ ကျွန်ုပ်တို့သည် ကောက်ကျစ်စဉ်းလဲခြင်းကို ရိုးသားဖြောင့်မတ်ခြင်းဖြင့် အနိုင်ယူရမည်။ အတ္တဆန်သူကို အနတ္တဖြင့် အနိုင်ယူရမည်။ ကြမ်းတမ်းသူကို ယဉ်ကျေးခြင်းဖြင့် အနိုင်ယူရမည်။ လိမ်လည်လှည့်ဖြားသူကို သစ္စာစကားဖြင့် အနိုင်ယူရမည်။ မပေးရဲသူကို ပေးကမ်းခြင်းဖြင့် အနိုင်ယူရမည်။ ဤသည်ကား မြတ်ဗုဒ္ဓမိန့်ကြားသည့် ကမ္ဘာဦးတရား။ မုန်းတီးသူကို ပြန်လှန်၍ မုန်းတီးခြင်းသည် အမုန်းဇာတ် အဆုံးမသတ်နိုင်။ မေတ္တာ၊ ခန္တီဖြင့်သာလျှင် ဤအမုန်းဇာတ်ကို အဆုံးသတ်ရမည်။

ဤသည်ကား ကမ္ဘာဦးလူတို့ ကျင့်ကြသည့်တရား။ ဤသည်ကား မြတ်ဗုဒ္ဓ၏ အဆုံးအမဖြစ်ပါသည်။

**သစ္စာတရားနှင့် သန္တိတရား**
**ကမ္ဘာ့နေရာတိုင်းမှာ ထွန်းတောက်ပါစေ။**
**သတ္တဝါအားလုံး အေးငြိမ်းချမ်းသာ ရှိကြပါစေ။**

**နိုင်ငံတော်သြဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု**
**သီတဂူဆရာတော် အရှင်ဉာဏိဿရ**
**သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့်**
**သီတဂူဆေးရုံတော်များ၏အဓိပတိ**

# အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တတိလောကာဘိဝံသ၏ ၂၀၂၄ ခုနှစ် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ



ယနေ့ဟာ တစ်ကမ္ဘာလုံး အများသုံးဖြစ်တဲ့ ခရစ်နှစ် ၂၀၂၄ ခုနှစ်ရဲ့ နှစ်ဦးအစ နှစ်သစ်မင်္ဂလာ အခါသမယနေ့ ဖြစ်ပါတယ်။ ယခု ၂၀၂၄ ခုနှစ် နှစ်သစ်မင်္ဂလာအခါသမယမှစ၍ မြန်မာနိုင်ငံရှိ ရဟန်းရှင်လူ ပြည်သူများအပါအဝင် အားလုံးကမ္ဘာသူ ကမ္ဘာသားများ ကျန်းမာချမ်းသာ ဘေးရန်ကွာပြီးတော့ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ နှစ်သစ်ဖြစ်ပါစေ။

လွန်ခဲ့တဲ့နှစ်ဟောင်းက မကောင်းတဲ့ အတွေ့အကြုံတွေ၊ ပျက်စီးချို့ယွင်းမှုတွေကို အတိတ်မှာပဲ ထားခဲ့ပြီး ၂၀၂၄ ခုနှစ် နှစ်သစ်မင်္ဂလာအခါတော် သမယကစပြီး အားလုံးအကောင်းဆုံးစိတ်ထားဖြစ်တဲ့ မနောကံ၊ အပြောအဆိုဖြစ်တဲ့ ဝစီကံ၊ အလုပ်အကိုင်ဖြစ်တဲ့ ကာယကံတွေ အကောင်းဆုံးဖြစ်အောင် ပြောင်းဖို့လိုနေပြီ။ ပြောင်းတဲ့အခါမှာ သူတော်သူမြတ်တွေရဲ့ စိတ်ထားဖြစ်တဲ့ သို့မဟုတ် မွန်မြတ်တဲ့စိတ်ထားတွေဖြစ်တဲ့ တစ်ဦးရဲ့အကျိုး မကောင်းကျိုးပျောက် ကောင်းကျိုးရောက်စေလိုတဲ့ ကောင်းကျိုးကို လိုလားတဲ့ မေတ္တာ၊ ဆင်းရဲဒုက္ခရောက်တဲ့သူတွေ သနားငဲ့ညှာကူညီဖေးမလိုတဲ့ ကရုဏာတရား၊ ကိုယ့်ထက်သာတဲ့သူတွေကို ဝမ်းမြောက်ဝမ်းသာ လက်ခံကြိုဆိုနိုင်တဲ့ မုဒိတာတရား၊ တစ်ဖက်သားရဲ့အားနည်းချက်တွေ၊ လိုအပ်ချက်တွေကို ခွင့်လွှတ်နိုင်တဲ့ ဥပေက္ခာဆိုတဲ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တရားလက်ကိုင်ထားရင် တစ်ကမ္ဘာလုံးဟာ ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်နေမှာပဲ။ မင်္ဂလာတရားကတော့ ဒီမှာလည်းပဲ တစ်ဦးနဲ့တစ်ဦး ကောင်းကျိုးလိုလားတဲ့ စိတ်ထားတွေထားဖို့ မင်္ဂလာတရားတွေထားဖို့၊ မင်္ဂလာကဗျာဆရာ ပြောခဲ့တဲ့အတိုင်း (၃၈) ဖြာ မင်္ဂလာတရားတို့ ပျက်ပြားနေကြ ကမ္ဘာမြေ၊ ဟိုတိုင်းသည်ပြည် ရန်စစ်ခင်းလို့ လူနှင့်လူချင်း သတ်ခါနေ၊ ငြိမ်းချမ်းပါစေ အာသီသနဲ့ စွမ်းနိုင်ရာက ကူညီသလေ၊ (၃၈)ဖြာ မင်္ဂလာတရား ရေးသားဖြန့်ကာဝေ ဆိုတဲ့ ဒီလိုရေးခဲ့တဲ့ ကဗျာလေးဟာလည်း (၃၈)ဖြာ မင်္ဂလာတရားတွေ၊ မကောင်းတဲ့ စိတ်ဓာတ်တွေ၊ မကောင်းတဲ့လုပ်ရပ်တွေ၊ မကောင်းတဲ့ ပုဂ္ဂိုလ်တွေကို ရှောင်ရှားစေလိုတဲ့ အသေဝနာစ ဗာလာနံစတဲ့ မင်္ဂလာတရားတွေကို လိုက်နာခြင်းဟာလည်း ကမ္ဘာကြီးငြိမ်းချမ်းကြောင်း ဖြစ်တယ်။

ခုနက မေတ္တာ၊ ကရုဏာ၊ မုဒိတာ နဲ့ပတ်သက်ပြီး မစိုးရိမ် ပဋ္ဌာန်းဆရာတော်ကြီးရဲ့ ကဗျာလေးတစ်ပုဒ်၊ အခုပတ်ဝန်းကျင်မှာလည်း အမြဲတမ်းဖွင့်နေတယ်။ လောကမှာ အားလုံးခြုံလိုက်ရင် လူတန်းစား သုံးမျိုးရှိတယ်။ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည်ဖြင့် အဘက်ဘက်က ကိုယ်နဲ့တန်းတူပုဂ္ဂိုလ်တွေရှိတယ်။ ကိုယ့်ထက် နိမ့်ကျတဲ့ လူတန်းစားမျိုးလည်း ရှိတယ်။ ကိုယ့်ထက် သာလွန်တဲ့လူတန်းစားမျိုးလည်း ရှိတယ်။ လူတန်းစား သုံးမျိုးမှာ ကိုယ်နဲ့တန်းတူ လူတန်းစားမျိုးတွေ့ရင် တစ်ဦးရဲ့အကျိုး တစ်ဦး လိုလားတဲ့ မေတ္တာထားဖို့ လိုအပ်တယ်။

မေတ္တာမထားနိုင်ရင် အချင်းချင်းပြိုင်ဆိုင်တတ်တဲ့အဖြစ်ကို ရောက်သွားတတ်တယ်။ ဒါကို ပဋ္ဌာန်းဆရာတော်ကြီးက တန်းတူတွေ့ရင် မေတ္တာဝင် မဝင်နိုင်က ပြိုင်တတ်သည်၊ ပြိုင်မည့်အစား မေတ္တာပွား စိတ်ထားပြုပြင်ပြောင်းပဲ့မည်။ ကိုယ်နဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး အဘက်ဘက်က တန်းတူအဆင့်အတန်းတွေဆိုရင် တစ်ဦးရဲ့အကျိုး တစ်ဦးလိုလားတဲ့ မေတ္တာထားရမယ်။ ကိုယ့်ထက်နိမ့်ကျတဲ့ ပုဂ္ဂိုလ်တွေ၊ အားနည်းတဲ့ ပုဂ္ဂိုလ်တွေကို ကူညီဖေးမပေးလိုတဲ့ ကရုဏာစိတ်ထားရမယ်။ အဲဒီလိုသနားငဲ့ညှာကူညီဖေးမလိုတဲ့ ကရုဏာစိတ်ထားမထားနိုင်ရင် အနိုင်ကျင့်တဲ့ဘက်ကို ရောက်သွားနိုင်တယ်။ ဒါကိုပဲ ပဋ္ဌာန်းဆရာတော်ကြီးက နိမ့်သူတွေ့ရင် ကရုဏာဝင် မဝင်နိုင်က နိုင်တတ်သည်။ နိုင်မည့်အစား ကရုဏာပွား စိတ်ထားပြုပြင်ပြောင်းပဲ့မည်။

အဲဒီတော့ တစ်ဖက်သားကို အနိုင်မကျင့်မိအောင်၊ ကိုယ့်ထက်နိမ့်ကျတဲ့ ပုဂ္ဂိုလ်တွေကို သနားငဲ့ညှာကူညီဖေးမလိုတဲ့ ကရုဏာစိတ်ထား ထားရမယ်။ လောကမှာ အဘက်ဘက်က ကိုယ့်ထက်သာလွန်တဲ့ လူတန်းစားမျိုးလည်း ရှိတယ်။ ကိုယ့်ထက်သာတဲ့ လူတန်းစားမျိုးတွေ့ရင် အော်..တော်ပါပေတယ်၊ ကောင်းပါပေတယ်လို့ ဝမ်းမြောက်ဝမ်းသာ လက်ခံကြိုဆိုနိုင်တဲ့ မုဒိတာစိတ်ထား ထားရမယ်။ မုဒိတာစိတ် မထားနိုင်ရင် မနာလိုတဲ့ဘက် ယိုင်သွားနိုင်တယ်။ ဒါကို မြင့်သူတွေ့ရင် မုဒိတာဝင် မဝင်နိုင်က ယိုင်တတ်သည်၊ ယိုင်မည့်အစား မုဒိတာပွား စိတ်ထားပြုပြင်ပြောင်းပဲ့မည်လို့ ဆိုခဲ့တယ်။

ခုနက လူတန်းစားသုံးမျိုးမှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာနဲ့ နှိုင်းယှဉ်ဖြစ်တယ်။ ဒါကလည်း ပတ်ဝန်းကျင်လောကကြီး ငြိမ်းချမ်းဖို့အတွက် မေတ္တာ၊ ကရုဏာ၊ မုဒိတာဆိုတဲ့ တရားတွေဟာ တကယ့်လက်တွေ့ကျတဲ့ တရားတွေ ဖြစ်ပါတယ်။

တစ်ဦးနဲ့တစ်ဦး မနာလိုတာဟာလည်း လောကကြီး ဒုက္ခရောက်စေနိုင်တဲ့ အရာဖြစ်တာကို သက္ကပညာသုတ်မှာ သိကြားမင်းက မြတ်စွာဘုရားကို မေးတဲ့ မေးခွန်းရှိတယ်။ အရှင်ဘုရား ကာမဘုံသား လူတွေ၊ နတ်တွေဟာ ချမ်းချမ်းသာသာနေချင်ရဲ့သားနဲ့ ဆင်းရဲဒုက္ခတွေရောက်နေတာ ဘာကြောင့်လဲလို့ မေးခဲ့တာကိုတော့ မဟာစည်ဆရာတော်ဘုရားကြီးက မနာလိုတဲ့ဣဿာတွေ၊ ဝန်တိုတဲ့မစ္ဆရိယတွေကြောင့်ဆိုတာ ကဗျာလေးနဲ့ ပြောခဲ့တယ်။ ကာမဘုံသား နတ်လူများတို့ ကောင်းစားပြည့်ဝ ဘေးရန်ပလည်း၊ အေးမြချမ်းသာနေလိုပါလည်း ဣဿာမစ္ဆရိယ သူ့ရှုပ်ပွေ၍ ထင်ငြိမ်မကျ ဆင်းရဲရ၏၊ ဣဿာ ခေါ်ဆို မနာလို၍ ဝန်တို မစ္ဆရိယ၊ မနာလိုကင်း ဝန်တိုရှင်း၊ လက်ငင်းချမ်းသာမည်လို့ ဒီလို မဟာစည်ဆရာတော်ဘုရားကြီး မိန့်တဲ့အတိုင်း တို့တတွေ ဣဿာမစ္ဆရိယဆိုတဲ့ မကောင်းတဲ့ စိတ်ထားတွေ ဖယ်ရှားပြီးတော့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားတွေ လက်ကိုင်ထားခြင်းဖြင့် ငြိမ်းချမ်းတဲ့ ကမ္ဘာကြီးတည်ဆောက်ကြပါစို့လို့ တိုက်တွန်းရင်း ဆရာတော်ရဲ့သြဝါဒကို ဤမျှနဲ့ပဲ နိဂုံးချုပ်အပ်ပါသတည်း။ ■

---

*✻ ရှေ့ဖုံးမှ*

ငြိမ်းချမ်းစွာ ကိုယ့်နိုင်ငံတိုးတက်စေဖို့ ဆန္ဒမရှိသူတွေကတော့ ပြည်သူပြည်သားတွေကို နည်းမျိုးစုံနဲ့ နှောင့်ယှက်ခဲ့ကြတာလည်းရှိပါတယ်။ အဖျက်လုပ်ငန်းအမျိုးမျိုးကြောင့် နိုင်ငံပိုင်၊ ပြည်သူပြည်သားတွေရဲ့ ပိုင်ဆိုင်မှုတွေ ထိခိုက်ပျက်စီးဆုံးရှုံးမှုဟာ တိုင်းပြည်အတွက် အနုတ်လက္ခဏာပဲ ဖြစ်ခဲ့ပါတယ်။ ဒါတွေသာ မရှိခဲ့၊ မဖြစ်ခဲ့ဘူးဆိုရင် ကျွန်တော်တို့ နိုင်ငံဟာ များစွာကို တိုးတက်နေမှာ ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့အတွက် သင်ခန်းစာပါ။ ကျွန်တော်တို့အားလုံး နိုင်ငံကိုချစ်တဲ့၊ အမျိုးကို ချစ်တဲ့စိတ်၊ ညီညွတ်တဲ့အားနဲ့ ကျော်လွှားရပါမယ်။ ၂၀၂၄ ခုနှစ်မှာလည်း ကျွန်တော်တို့အစိုးရအနေနဲ့ ချမှတ်ထားတဲ့ အမျိုးသားရေးရည်မှန်းချက်များ၊ နိုင်ငံရေးရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များနဲ့ ဦးတည်ချက်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ဖို့ ပြည်သူလူထုနဲ့လက်တွဲပြီး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဓိကအားဖြင့် စီးပွားရေးပိုမိုကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်သွားပါမယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို အခြေခံတဲ့ MSME လုပ်ငန်းများ ယခုထက်ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ပေးသွားပါမယ်။ ပညာရေးကိုလည်း ပိုမိုအားပေးဆောင်ရွက်သွားပါမယ်။ ဒါကြောင့် ကျွန်တော်တို့ တိုင်းရင်းသားပြည်သူအားလုံးအနေနဲ့ တည်ငြိမ်အေးချမ်းပြီး မိမိတို့ရဲ့ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြဖို့လည်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ အစိုးရရဲ့ **"ရှေ့သို့ချီမည် ပန်းတိုင်ဆီ"** ဆိုသည့်အတိုင်း နိုင်ငံအကျိုး၊ တိုင်းရင်းသား ပြည်သူအားလုံးရဲ့အကျိုးကိုရှေးရှု

**☆ လူမျိုးရေး၊ ဘာသာရေး၊ ဒေသအရေးအစွဲများ ကင်းဝေးခြင်းနဲ့အတူ တစ်ဦးအပေါ်တစ်ဦး ကိုယ်ချင်းစာတရား၊ မုဒိတာတရား၊ မေတ္တာတရားများနဲ့ ကျွန်တော်တို့အားလုံး မျှော်လင့်တောင့်တနေတဲ့ နိုင်ငံတော်သစ်ဆီ ဆက်လက်လျှောက်လှမ်းကြပါစို့**

**☆ ကိုယ့်နိုင်ငံကို တိုးတက်သာယာဝပြောစေချင်ရင် (၁)တရားဥပဒေကိုလေးစားလိုက်နာရပါမယ်၊ (၂) စည်းကမ်းရှိရှိနဲ့ စည်းစည်းလုံးလုံး နေထိုင်ကြရပါမယ်၊ (၃) အနာဂတ်ကိုမျော်တွေးပြီး ပညာသင်ကြားသင့်တဲ့အရွယ်မှာ ပညာသင်ကြားရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းပေးရပါမယ်၊ (၄) တတ်နိုင်သူများ၊ အလုပ်လုပ်နိုင်သူများအားလုံး ကုန်ထုတ်လုပ်မှုမြင့်မားရေး ရင်းနှီးမြှုပ်နှံအလုပ်လုပ်ကြဖို့လိုပါတယ်။**


ပြီး ပိုမိုကောင်းမွန်တဲ့နိုင်ငံတော်နဲ့ လူမှုစီးပွားဘဝများကို ကြိုးစားတည်ဆောက်ပေးသွားမှာ ဖြစ်ပါတယ်။

၂၀၂၄ ခုနှစ်အတွင်းမှာ ကျွန်တော်တို့နိုင်ငံအတွင်း ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းတွေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သန်းခေါင်စာရင်းမှရရှိတဲ့ လူဦးရေဆိုင်ရာကိန်းဂဏန်း အချက်အလက်များက ကျွန်တော်တို့နိုင်ငံရဲ့ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များမှာ အကျိုးရှိရှိ လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့အစိုးရရဲ့ အန္တိမရည်မှန်းချက်ဖြစ်တဲ့ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ဖြစ်ပေါ်စေရေးအတွက် အခြေခံအချက်ဖြစ်တဲ့ မဲစာရင်းများ မှန်ကန်ပြည့်စုံရေးမှာလည်း အသုံးပြုနိုင်မှာဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အနေနဲ့လည်း ဆောင်ရွက်မဲ့ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစဉ်များမှာ ပူးပေါင်းပါဝင်ပေးကြဖို့လည်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ရေးရတာ (၇၆)နှစ်ရှိပြီ ဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ထိုက်သင့်သော တိုးတက်မှုမရသေးပါဘူး။ ကိုယ့်နိုင်ငံကို တိုးတက်သာယာဝပြောစေချင်ရင် (၁)တရားဥပဒေကိုလေးစားလိုက်နာရပါမယ်၊ (၂) စည်းကမ်းရှိရှိနဲ့ စည်းစည်းလုံးလုံး နေထိုင်ကြရပါမယ်၊ (၃) အနာဂတ်ကိုမြော်တွေးပြီး ပညာသင်ကြားသင့်တဲ့အရွယ်မှာ ပညာသင်ကြားရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းပေးရပါမယ်၊ (၄) တတ်နိုင်သူများ၊ အလုပ်လုပ်နိုင်သူများအားလုံး ကုန်ထုတ်လုပ်မှုမြင့်မားရေး ရင်းနှီးမြှုပ်နှံအလုပ်လုပ်ကြဖို့လိုပါတယ်။ ဘာအလုပ်ပဲ လုပ်ကြလုပ်ကြ အင်အားရှိမှရမှာဖြစ်လို့ ပျော်ရွှင်ဖွယ်ရာ မိသားစုများ တည်ဆောက်ကြဖို့လည်း တိုက်တွန်းလိုပါတယ်။ ကုန်လွန်ခဲ့တဲ့ နှစ်ဟောင်းထဲမှ ကျွန်တော်တို့ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမဲ့အရာတွေကို ဆက်လက် သယ်ဆောင်ကြပြီး မကောင်းသောအတွေး မကောင်းသောအမြင်များနဲ့ မကောင်းသော လုပ်ရပ်များကို ချန်ရစ်ခဲ့ကာ လူမျိုးရေး၊ ဘာသာရေး၊ ဒေသအရေးအစွဲများ ကင်းဝေးခြင်းနဲ့အတူ တစ်ဦးအပေါ်တစ်ဦး ကိုယ်ချင်းစာတရား၊ မုဒိတာတရား၊ မေတ္တာတရားများနဲ့ ကျွန်တော်တို့အားလုံး မျှော်လင့်တောင့်တနေတဲ့ နိုင်ငံတော်သစ်ဆီ ဆက်လက် လျှောက်လှမ်းကြပါစို့လို့ တိုက်တွန်းပြောကြားရင်း နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားအပ်ပါတယ် ခင်ဗျာ။ ။

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၏ နှစ်သစ်ကူး သြဝါဒကထာ

ဘဝတု သဗ္ဗမင်္ဂလာ မင်္ဂလာရှိကြပါစေ၊ မင်္ဂလာရှိအောင်နေကြပါ။ ဆုပေးစကားနဲ့ အဆုံးအမစကား နှစ်မျိုးမှာ ဆုပေးစကားကို နှစ်သက်ကြသလို အဆုံးအမစကားကိုလည်း တန်ဖိုးထားကြပါ။ မင်္ဂလာရှိအောင်နေပါ။ မြတ်စွာဘုရားရဲ့ မင်္ဂလသုတ္တံ တရားတော်မှာ မင်္ဂလာရှိအောင်နေဖို့ (၃၈)မျိုး မိန့်တော်မူခဲ့တယ်။ အဲဒီအထဲကမှ မာတာပိတု ဥပဋ္ဌာနံ မိဘကို ပြုစုလုပ်ကျွေး၊ မေတ္တာဆိုတာ မိခင်/အမေပါပဲ။ ပညာဆိုတာ ဖခင်/ ဆရာသမားလည်း ဟုတ်တယ်၊ ဖခင်လည်းဟုတ်တယ်၊ မိဘကို ပြုစုလုပ်ကျွေး၊ လောကမိဘကို ပြုစုစောင့်ရှောက်တာလည်း မင်္ဂလာရှိသလို မေတ္တာတရားလည်း မွေးမြူကြပါ၊ စောင့်ရှောက်ကြပါ။ အားလုံးအပေါ် မေတ္တာထားကြပါ။ ပညာဉာဏ်ကိုလည်း ရှာဖွေကြပါ။ တိုးပွားအောင်ကြိုးစားကြပါ။ မိမိသန္တာန်မှာ မေတ္တာ/ပညာကို ပြုစုစောင့်ရှောက်ကြီးပွားတိုးတက်အောင် ဆောင်ရွက်သကဲ့သို့ လောကမိဘတွေကိုလည်း စိတ်ချမ်းသာ ကိုယ်ကျန်းမာ




ဖြစ်အောင် ပြုစုစောင့်ရှောက်နိုင်တာဟာ အလွန်မင်္ဂလာရှိတဲ့ တရားပါပဲ။ မင်္ဂလာရှိအောင် နေနိုင်ကြပါစေကုန်သတည်း။

# ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အောက်စ်ဖို့ဒ် ဆရာတော် ဒေါက်တာဘဒ္ဒန္တဓမ္မသာမိ၏ ၂၀၂၄ ခုနှစ် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

နှစ်သစ် နောက်တစ်ခါ ရောက်လာပြန်ပါပြီ။ ၂၀၂၄ ခုနှစ် နှစ်သစ်ကူးကို ကြိုဆိုဖို့အတွက် ၂၀၂၃ နှစ်ဟောင်းကို ကျကျနနနှုတ်ဆက်ရပါလိမ့်မယ်။ ၂၀၂၃ က အင်မတန်မှ ခက်ခဲတဲ့နှစ်တစ်နှစ် ဖြစ်ခဲ့တယ်။ ဒီဟာကို ဘုန်းဘုန်းတို့ လက်ခံဖို့ အရေးကြီးတယ်။ အဲဒီလို အခက်အခဲတွေကြားထဲမှာ စိတ်ဖိစီးမှုတွေရှိတယ်။ တစ်ယောက်အပေါ်တစ်ယောက် ပြောမှားဆိုမှားတွေလည်း ရှိကောင်းရှိနိုင်တယ်။ မိသားစုထဲမှာလည်း ရှိနိုင်တယ်။ သူငယ်ချင်းတွေနဲ့လည်း ရှိနိုင်တယ်။ လုပ်ငန်းခွင်မှာလည်း ရှိနိုင်တယ်။ အဲဒီလိုဖြစ်တဲ့အခါမှာ ကိုယ့်ဟာကိုယ် သတိပေးဖို့ တစ်ခုလိုတာက I always still my best ငါအကောင်းဆုံး ကြိုးစားခဲ့တယ်။ အကောင်းဆုံး ကြိုးစားခဲ့တာကို ပြန်သတိရပြီးတော့၊ အသိအမှတ်ပြုပြီးတော့၊ ပြန်ပြီးတော့ ဂုဏ်ယူပြီးတော့ နှစ်ဟောင်းကို နှုတ်ဆက်ဖို့ လိုအပ်ပါတယ်။

ဒီနေရာမှာ အရေးကြီးတာက ဘာအရေးကြီးတာလဲဆိုတော့ ၂၀၂၃ ခုနှစ်အတွင်း ငါတို့အကောင်းဆုံးကြိုးစားခဲ့တယ်။ အဲဒီတော့ တစ်ခုတည်းလားဆိုတော့ မဟုတ်ဘူး။ ၂၀၂၃ ခုနှစ်မှာ အဲဒီလောက်အထိ ခက်ခဲတဲ့ နှစ်မှာတောင်မှ အကောင်းတွေလည်း ရှိသေးတယ်။ I see the best, to see the best. အကောင်းဆုံးကို မြင်တတ်တဲ့ အလေ့အကျင့် အရေးကြီးတယ်။ ကိုယ့်ဘဝထဲမှာကိုယ် အကောင်းဆုံးဖြစ်တာကို မြင်အောင်ကြည့်ဖို့၊ နောက် တခြားသူတွေ အကောင်းဆုံးလုပ်နေတာကို ကိုယ်က ပြန်ပြီးတော့ အကောင်းဆုံးအနေနဲ့ မြင်ပေးဖို့၊ နှစ်ခွန်းတည်းနော်။ To do the best and to see the best. အကောင်းဆုံး လုပ်ဖို့နဲ့ အကောင်းဆုံးကို မြင်အောင်ကြည့်ဖို့။ စကားလုံးတစ်လုံးတည်းနဲ့ အကျဉ်းချုပ်မယ်ဆိုရင် ဒါကို မုဒိတာလို့ ခေါ်ပါတယ်။ ခက်ခဲတဲ့ ကာလမှာ မုဒိတာပွားရတာနော်။ မုဒိတာနဲ့ ကြည့်တာ။ အဲဒီလို ကြည့်နိုင်တယ်ဆိုရင် ၂၀၂၄ ဘယ်လိုပဲ လာလာ၊ ၂၀၂၄ ကို ကြိုဆိုဖို့အတွက်



အသင့်ရှိတယ်။ ဘယ်လိုအသင့်ရှိတာလဲဆိုရင် I will do my best. အကောင်းဆုံးဖြစ်အောင် ကြိုးစားမယ်။ I will see the best. I try to see the best. အကောင်းဆုံးမြင်အောင် ငါကြည့်မယ်။ ကိုယ့်ကိုယ်ကိုယ်လည်း အကောင်းဆုံး မြင်အောင် ကြည့်မယ်၊ ကိုယ့်ရဲ့လုပ်ဖော်ကိုင်ဖက်၊ ကိုယ့်ရဲ့ မိသားစု၊ ကိုယ့်ရဲ့နိုင်ငံ၊ ကိုယ်ရဲ့ယဉ်ကျေးမှု အကောင်းတွေ ကြည့်ရအောင်။

အကောင်းကြည့်တတ်တဲ့ Positive Thinking ကို အခြေခံပြီးတော့ ပြဿနာ ဖြေရှင်းနိုင်တယ်။ ဖြေရှင်းနိုင်တယ်ဆိုတဲ့ အကြောင်းကိုလည်း ဗုဒ္ဓမြတ်စွာဘုရားက ဟောထားတယ်။ အကောင်းဆုံးမြင်တာကို ပါဠိလို ယောနိသော မနသိကာရ ခေါ်တယ်။ ပြဿနာဖြေရှင်းတာကျတော့ သစ္စာလေးပါးလို့ ခေါ်တယ်။ နှစ်သစ်ကူးမှာ ဘေးရန်ကင်းကွာကျန်းမာချမ်းသာပြီးတော့ မိမိကောင်းကျိုး၊ အများကောင်းကျိုး၊ ဗုဒ္ဓသာသနာတော် ကောင်းကျိုး၊ လူသားကောင်းကျိုး တိုး၍ တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ကြတဲ့ ပါရမီရှင်များဖြစ်ကြပါစေ။

# ဒေါက်တာဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ (အောင်ဆန်းဆရာတော်)၏ ၂၀၂၄ ခုနှစ် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

၂၀၂၃ ခုနှစ်ကနေ ၂၀၂၄ ခုနှစ်သို့ နှစ်ဟောင်းကုန်လို့ နှစ်သစ်ကို ကူးပြောင်းတဲ့အချိန်အခါမှာ ကမ္ဘာသူ ကမ္ဘာသား၊ နိုင်ငံသူ နိုင်ငံသားအားလုံး ဆရာတော်မှ ဆုတောင်းမေတ္တာများ ပို့သပါတယ်။ ကိုယ်စီကိုယ်ငှ ကိုယ့်ဒေသ၌ ပျော်ကြစံရာ သတ္တဝါဟူသမျှတို့သည် အိပ်မက်ရာမက် ကောင်းစွာမက်၍ နှစ်သက်ကြည်သာ အိပ်စက်နိုင်ကြပါစေကုန်သတည်း။ မင်္ဂလာကျက်သရေယှက်ဝေလန်းသဖြင့် စန်းပွင့်ကြကုန်သည်ဖြစ်ရာ ကောင်းစွာမိုးသောက်အလင်းရောက်၍ ထမြောက်နိုးကြားနိုင်ကြပါစေကုန်သတည်း။ မကောင်းညစ်ဆိုး ဒုစရိုက်မျိုးကို သူတော်လက်နက်တရားစက်ဖြင့် ဖြိုဖျက်နိုင်ကြပါစေကုန်သတည်း။ ကောင်းရာဖြည့် အလောင်းအလျာသိ ကောင်းရာဖြစ် သုံးဖြာဆယ်လီ ပါရမီအပေါင်း အကျင့်ကောင်းကို တစ်ဆင့်ထက်တစ်ဆင့် မြင့်သည်ထက်မြင့်အောင် မလင့်ပုံသွေ ဖြည့်ကျင့်နိုင်ကြပါစေကုန်သတည်း။

နှစ်ဟောင်းကုန်လို့ နှစ်သစ်ကိုပြောင်းလဲတဲ့အခါမှာ အားလုံးသော သတ္တဝါတွေ၊ မြန်မာနိုင်ငံသူ နိုင်ငံသားတွေ၊ ကမ္ဘာသူ ကမ္ဘာသားအားလုံး ခုနစ်ရက်သားသမီးအပေါင်းတို့ ကောင်းမွန်စွာ အိပ်စက်နိုင်ပြီး ကောင်းမွန်စွာ နိုးကြားနိုင်ကြပါစေ။ အပယ်ကို ရောက်စေနိုင်တဲ့ ဒုစရိုက်တရားများကိုလည်း ပယ်ခွာပြီးတော့ သုဂတိ နိဗ္ဗာန်ကိုရောက်စေနိုင်တဲ့ ပစ္စုပ္ပန်သံသရာနှစ်ဖြာကို ချမ်းသာစေနိုင်တဲ့ သူတော်ကောင်းတရားတွေ မြဲကြပါစေ။ ကောင်းသောနက္ခတ်၊ ကောင်းသောမင်္ဂလာ၊ ကောင်းသောအချိန်အခါနဲ့လည်း အမြဲတမ်းဆုံစည်းနိုင်ကြပါစေ။ အားလုံးသော သတ္တဝါတိုင်းမှာ ကောင်းတဲ့ကံ၊ မကောင်းတဲ့ကံရှိကြပါတယ်။ ကောင်းတဲ့ကံဟာ



ကောင်းတဲ့အကျိုးကိုပေးလို့၊ မကောင်းတဲ့ကံဟာလည်း မကောင်းတဲ့အကျိုးကို ပေးတတ်ပါတယ်။ ဒါ့ကြောင့် ကမ္ဘာသူ ကမ္ဘာသားအပေါင်း၊ နိုင်ငံသူ နိုင်ငံသားအပေါင်း မိမိတို့ပိုင်ဆိုင်တဲ့ ကာယကံ၊ ဝစီကံ၊ မနောကံမှာ မကောင်းသော အရာများ မကျူးလွန်စေဘဲ နေ့စဉ်နေ့တိုင်း ကောင်းတဲ့ကိုယ်အမူအရာ၊ ကောင်းတဲ့ကာယကံ၊ ကောင်းတဲ့ဝစီကံ၊ ကောင်းတဲ့မနောကံတွေနဲ့ မိုးလင်းကြပါစေ၊ မိုးချုပ်ကြပါစေ။ ကောင်းသောအချိန်များ ဖြစ်ကြပါစေလို့ မြန်မာနိုင်ငံသူ နိုင်ငံသား၊ ကမ္ဘာသူ ကမ္ဘာသားအားလုံးကို ယနေ့နှစ်ဟောင်းကုန်လို့ နှစ်သစ်ကိုရောက်တဲ့အခါမှာ ကောင်းကျိုးချမ်းသာများစွာ ရရှိကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

# နန္ဒာအောင်မြေကျောင်း ပဓာန နာယကဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာဘဒ္ဒန္တနိမလ (Ph.D. Buddhism) ၏ နှစ်သစ်ကူး သြဝါဒကထာ

ဒီကနေ့ဟာ နှစ်ဟောင်းကုန်ဆုံးလို့ နှစ်သစ်အခါသမယပဲ ဖြစ်ပါတယ်။ အခုလို မင်္ဂလာရှိလှတဲ့ နှစ်သစ်မင်္ဂလာ အခါသမယမှာ ဘုန်းဘုန်း အနေနဲ့ နှစ်သစ်မင်္ဂလာ နှစ်ဦးဆုမွန် ပတ္ထနာပြုပေးပါမယ်။

**ယာဒိသံ ဝပတေဗီဇံ – တာဒိသံ ဟရတေဖလံ ကလျာဏ ကာရီကလျာဏံ – ပါပကာရီစ ပါပကံ။** သဂါထာဝဂ္ဂသံယုတ်။

**ကလျာဏီ ကာရီ ကလျာဏံ** – ကောင်းသော စေတနာဖြင့် ကောင်းသော ကုသိုလ် မျိုးစေ့တို့ကို စိုက်ပျိုးနိုင်သော မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသား၊ ကမ္ဘာသူ ကမ္ဘာသားများ ဖြစ်နိုင်ကြပါစေ။

**ပါပကာရီစ ပါပကံ** – မကောင်းသောစေတနာဖြင့် မကောင်းသော အကုသိုလ်မျိုးစေ့တို့ကို စိုက်ပျိုးမိသော မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသား၊ ကမ္ဘာသူ ကမ္ဘာသားများ မဖြစ်ကြပါစေနှင့်။

ကောင်းပင်ပျိုး၍ ကောင်းကျိုးကိုယ်၌တည်စေသူများဖြစ်ကြပါစေ။

ဆိုးပင်ပျိုး၍ ဆိုးကျိုးများ ကင်းဝေးသောသူများ ဖြစ်ကြပါစေ။

နံနက်မိုးလင်းမှ မိုးချုပ် ရှာဖွေစုဆောင်းထားသော ပစ္စည်းဥစ္စာတို့သည် မိမိနောက်သို့ လိုက်ပါခြင်းမပြု။ ကုသိုလ် – အကုသိုလ် (၂)ပါးသာလျှင် လိုက်ပါခြင်းဖြစ်တယ်။



သို့အတွက်ကြောင့် မိုးလင်းတဲ့အချိန်မှ မိုးချုပ်တဲ့အချိန်ထိ ကုသိုလ်တရားပွားများပြီးသကာလ ကောင်းကျိုးတွေရရှိပြီး ချမ်းသာသုခပြည့်ဝနိုင်ကြပါစေ။ မကောင်းတာတွေ ဖယ်ရှား၊ ကောင်းတာတွေ ပွား၊ ကောင်းကျိုးချမ်းသာ ရကြပါစေ။ နှစ်သစ်အခါသမယမှာ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ပြည့်စုံပြီး ဒုက္ခခပ်သိမ်း၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေလို့ နှစ်သစ်ကာလ အခါသမယ၌ ဆုတောင်း “ပတ္ထနာ”ပြုလိုက်ပါတယ်။

**မိမိတို့ ယနေ့ငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်နေခြင်းသည် မိမိတို့၏ သားစဉ်မြေးဆက်လူငယ်များအတွက် တည်ငြိမ်သည့်အနာဂတ်နှင့် ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အဆင့်မီ နိုင်ငံတစ်ခုဖြစ်အောင် လက်ဆင့်ကမ်းအမွေပေးနိုင်ရန် အမျိုးသားရေးတာဝန်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။ ကိုယ်ကျိုးစီးပွားအတွက်၊ တစ်ဦးတစ်ယောက် နာမည်ကောင်းရရန်အတွက် ဖော်ဆောင်နေခြင်း မဟုတ်ပေ။**

[နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ (၃-၃-၂၀၂၁) ရက်တွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၂၁) တွင် ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်]




ပြည်ထောင်စုတိုင်းရင်းသားများအက ဓာတ်ပုံ – ကျော်ဆွေမိုး

# ဘာသာပေါင်းစုံမှ ၂၀၂၄ ခုနှစ်အတွက် နှစ်သစ်မင်္ဂလာ မေတ္တာပို့ဆုတောင်းစကားသံများ



ဦးဝဏ္ဏ



ဦးဇော်ဇော်နိုင်



ဦးသောမတ်(စ်)



ဦးအောင်ဇော်ဝင်း

**ဦးဝဏ္ဏ (ဗုဒ္ဓဘာသာ)**
**(ဥက္ကဋ္ဌ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့) (ဗဟို)**
**မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး မင်္ဂလာပါခင်ဗျာ**

ယနေ့ဟာ ခရစ်သက္ကရာဇ် ၂၀၂၃ ခုနှစ်ကုန်ဆုံးပြီး ၂၀၂၄ ခုနှစ်ကာလသို့ ရောက်ရှိလာသော နှစ်သစ်အခါသမယ ဖြစ်ပါတယ်။

ယနေ့ ၂၀၂၄ ခုနှစ် နှစ်ဆန်း ဇန်နဝါရီ ၁ ရက်နေ့မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးက မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ နိုင်ငံသူ နိုင်ငံသားများနှင့်တကွ ကမ္ဘာသူ ကမ္ဘာသားများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများ ပြည့်စုံလျက် အေးချမ်းသာယာသော လူ့ဘောင်ဘဝကြီးကို ပိုင်ဆိုင်နိုင်ကြပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျာ။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ “ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးမှသည် ငြိမ်းချမ်းရေးဆီသို့”၊ “ငြိမ်းချမ်းရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့” ဖြစ်သည့်အလျှောက် ဘာသာမတူ၊ လူမျိုးမတူ၊ ကိုးကွယ်ယုံကြည်မှုမတူညီကြသော်လည်း အမိမြန်မာနိုင်ငံတော်အတွင်း အတူတကွ မှီတင်းနေထိုင်ကြခြင်းဖြစ်တဲ့အတွက် မေတ္တာတရားရှေ့ထားကာ အဖွဲ့အစည်းအချင်းချင်း၊ လူမျိုးအချင်းချင်း၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးစွာဖြင့် အမိနိုင်ငံတော်၏အကျိုး၊ အမိနိုင်ငံတော်၏အရေးကို ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းရင်း မြန်မာနိုင်ငံကြီး အေးချမ်းသာယာပါစေကြောင်း ထပ်လောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျာ။

**ဦးဇော်ဇော်နိုင် (ဟိန္ဒူဘာသာ)**
**(ဒုတိယဥက္ကဋ္ဌ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့) (ဗဟို)**
**အားလုံးမင်္ဂလာပါခင်ဗျာ**

၂၀၂၃ ခုနှစ်ကုန်ဆုံးပြီး ၂၀၂၄ ခုနှစ် နှစ်သစ်အချိန်အခါသမယမှာ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဒုတိယဥက္ကဋ္ဌအနေနဲ့ နှစ်သစ်မှာ ဆုတောင်းခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်တော်တို့နိုင်ငံက ကမ္ဘာပေါ်မှာ ချမ်းသာတာတစ်ခုရှိပါတယ် ဒါကမေတ္တာတရားပါ။ အခြားနိုင်ငံတွေက ရုပ်ဝတ္ထုချမ်းသာတယ်၊ ငွေကြေးကြွယ်ဝတယ်၊ မြန်မာနိုင်ငံကတော့ မေတ္တာတရားချမ်းသာတယ်၊ မေတ္တာတရားများများထားရင် အစစအရာရာအဆင်ပြေပါတယ်၊ မြတ်စွာဘုရားရဲ့ မေတ္တာကြောင့် မြန်မာနိုင်ငံကြီး အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ပါစေ၊ မဟာပိန္နဲဘုရားကြောင့် ပြည်တွင်း၊ ပြည်ပရန်များကင်းစင်ပြီး ဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံကြီးဖြစ်ပါစေလို့ ဆုတောင်းပေးပါတယ်။

နိုင်ငံတော်အစိုးရရယ်၊ ပြည်သူလူထုရယ်အားလုံး ချစ်ချစ်ခင်ခင်အတူလက်တွဲပြီး နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးစားမယ်ဆိုရင် နိုင်ငံတော်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်မှာပါ၊ အမုန်းတရားများရှိပါက အမုန်းတရားများကိုဖယ်ပြီး မေတ္တာတရားနဲ့လဲပေးပါလို့ မေတ္တာရပ်ခံပါတယ်၊ မေတ္တာကြောင့် အစစအရာရာ အောင်မြင်ပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

**ဦးသောမတ်(စ်) (ခရစ်ယာန်ဘာသာ)**
**(ဒုတိယဥက္ကဋ္ဌ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့) (ဗဟို)**
**မင်္ဂလာအပေါင်းခညောင်းပြီး ငြိမ်းချမ်းကြပါစေခင်ဗျာ**

အခုလို ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ခရစ်ယာန်အနေနဲ့ နှစ်သစ်ကူးဆုတောင်းမေတ္တာ ပို့သခွင့်ရတဲ့အတွက် ဘုရားသခင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးမှာ တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုး အတူတကွစုပေါင်းနေထိုင်ပြီး ဘာသာအယူဝါဒများစွာကို လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ရှိတဲ့ နိုင်ငံကြီးဖြစ်ပါတယ်။

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့အနေနဲ့ လက်ရှိနိုင်ငံတော်မှာ အလိုအပ်ဆုံးဖြစ်တဲ့ တိုင်းရင်းသားများစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေပါတယ်ခင်ဗျာ။

နိုင်ငံတော်အတွက် ငြိမ်းချမ်းသာယာတဲ့ လူ့ဘောင်သစ်ကို ကျွန်တော်တို့အားလုံး နှစ်သစ်မှာ လူသစ်စိတ်သစ်နဲ့အတူတကွ ပူးပေါင်းတည်ဆောက်နိုင်ကြဖို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

၂၀၂၃ ခုနှစ်ကုန်ဆုံးပြီး ၂၀၂၄ ခုနှစ် နှစ်သစ်ကူးအခါသမယမှာ မြန်မာပြည်သူ ပြည်သားများအားလုံးအပေါ် ပျော်ရွှင်ခြင်း၊ ကျန်းမာခြင်း၊ ညီညွတ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းများနဲ့အတူ ဘုရားသခင်ကောင်းချီးများစွာ သက်ရောက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။

Happy New Year, GOD Bless You all.

**ဦးအောင်ဇော်ဝင်း (အစ္စလာမ်ဘာသာ)**
**(ဒုတိယဥက္ကဋ္ဌ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့) (ဗဟို)**
**အားလုံးမင်္ဂလာပါခင်ဗျာ**

ဒီကနေ့ဟာ ၂၀၂၃ ခုနှစ် ကုန်ဆုံးပြီး ၂၀၂၄ ခုနှစ်ကာလသို့ ရောက်ရှိလာသော မင်္ဂလာအပေါင်းနဲ့ပြည့်စုံတဲ့ နှစ်သစ်အခါသမယမှာ မြန်မာပြည်သူ ပြည်သားများအားလုံး ကမ္ဘာသူ ကမ္ဘာသားများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနဲ့ပြည့်စုံကာ စီးပွားလာဘ်လာဘများတိုးတက်ပြီး ရောဂါဘယများကင်းစင်ကာ ငြိမ်းချမ်းသာယာသော နိုင်ငံတော်ကြီးဖြစ်ပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှာ လူမျိုးပေါင်း ၁၃၅ မျိုး အတူတကွ စုပေါင်းနေထိုင်ကြပြီး ဘာသာအယူဝါဒများစွာကို လွတ်လပ်စွာကိုးကွယ်ခွင့်ရရှိတဲ့ နိုင်ငံကြီးဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ နိုင်ငံအတွက် အခုအချိန်အခါမှာ လိုအပ်နေတဲ့ တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေးနဲ့ အေးချမ်းသာယာရေး ငြိမ်းချမ်းသာယာရေးအတွက် ကျွန်တော်တို့ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့အနေနဲ့ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၂၃ ခုနှစ်ကုန်ဆုံးပြီး ၂၀၂၄ ခုနှစ်သို့ ကူးပြောင်းတဲ့ နှစ်သစ်ကာလမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသားလူမျိုးပေါင်းစုံက အေးချမ်းတည်ငြိမ်သောနိုင်ငံတော်ကြီးအဖြစ် လူသစ်စိတ်သစ်နဲ့ ဘာသာပေါင်းစုံညီညွတ်စွာဖြင့် အနာဂတ်မှာ လူ့ဘောင်သစ်ကိုတည်ထောင်နိုင်ပါစေကြောင်း၊ ငြိမ်းချမ်းပျော်ရွှင်သော နှစ်သစ်ဖြစ်ပါကြောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်ခင်ဗျာ။

## သတိပေးနှိုးဆော်ချက်

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်နှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားအား နေပြည်တော်၊ မြို့တော်ခန်းမရင်ပြင်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် (ဝတ်စုံပြည့်)အစမ်းလေ့ကျင့်မည့် ၂-၁-၂၀၂၄ ရက်နေ့နှင့် အခမ်းအနားကျင်းပပြုလုပ်မည့် ၄-၁-၂၀၂၄ ရက်နေ့တို့တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဌေးရိပ်သာမီးပွိုင့်မှ သပြေကုန်းဈေးထောင့်လမ်းဆုံမီးပွိုင့်အထိ ယာဉ်သွားလာမှုများအား နံနက်(၀၂:၀၀)အချိန်မှ (၀၈:၀၀)အချိန်အထိ ခေတ္တလမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ယာဉ်အသုံးပြုသွားလာသူများအနေဖြင့် ၎င်းနေ့ရက်များတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဌေးရိပ်သာမီးပွိုင့်မှ တော်ဝင်ရတနာလမ်းအတိုင်း ရွှေကြာပင်မီးပွိုင့်ဘက်သို့လည်းကောင်း၊ သပြေကုန်းဈေးထောင့် လမ်းဆုံမီးပွိုင့်မှ ပိတောက်လမ်းအတိုင်း ရောဝတီလမ်းဘက်သို့လည်းကောင်း လမ်းလွှဲမောင်းနှင်ပေးကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

## မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၃၁

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်နယ်ပယ်မှ ထင်ရှားကျော်ကြားသူများ၏ ၂၀၂၄ ခုနှစ် နှစ်သစ်မင်္ဂလာ ဆုတောင်းစကားများ


တက္ကသိုလ်မြတ်သူ


ဦးကြည်စိုးထွန်း


ဒေါ်နွဲ့နွဲ့စမ်း


ဦးလွင်မြင့်


ဦးအောင်တင်ဝင်း

**အလင်္ကာကျော်စွာစည်သူ**
**တက္ကသိုလ်မြတ်သူ**

ယနေ့တိုင်းပြည်မှာ ပြည်သူတွေ တောင့်တလိုလားနေတာက ငြိမ်းငြိမ်းချမ်းချမ်းနဲ့ သာသာယာယာ တည်တည်ငြိမ်ငြိမ်လိုချင်ကြတဲ့ဆုတစ်ခုရှိပါတယ်။ ငြိမ်းချမ်းသာယာစွာ နေထိုင်နိုင်ကြမယ်ဆိုရင် ပိုပြီးစည်းလုံးလာကြပြီး ကြိုးစားအားထုတ်ကြမယ်ဆိုရင် သယံဇာတပေါကြွယ်ဝတဲ့ မြန်မာနိုင်ငံဟာ ဒေသတွင်းမှာ အချမ်းသာဆုံးနိုင်ငံဖြစ်လာဖို့ မြေကြီးလက်ခတ်မလွဲလို့ ပြောလို့ရပါတယ်။ လွတ်လပ်ရေးကြိုးပမ်းစဉ်မှာ တိုင်းပြည်နဲ့ လူမျိုးကိုချစ်ကြလို့ တိုင်းပြည်လွတ်လပ်အောင်၊ အချုပ်အခြာအာဏာ ပိုင်ဆိုင်အောင် ညီညီညွတ်ညွတ်ကြိုးစားခဲ့ကြတဲ့ မြန်မာတွေဟာ နယ်ချဲ့သွေးခွဲမှု၊ ပြည်ပကဝင်လာတဲ့ နိုင်ငံရေးအယူဝါဒတွေပေါ်မှာ တစ်ဖက်သတ် စွဲလမ်းပြီးလိုက်ပါရင်းနဲ့ လက်နက်ကိုင်တိုက်ခိုက်ကြရင်း ရောင်စုံသောင်းကျန်းမှုကြီးဖြစ်ခဲ့တာပါပဲ။ ဒါကြောင့် ငြိမ်းချမ်းညီညွတ်မှုကြီး လိုအပ်ပါတယ်။

၂၀၂၄ ခုနှစ်ဟာ ငြိမ်းချမ်းရေးရအောင် အားလုံးအသိ၊ သတိနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို အရတည်ဆောက်ကြမယ်၊ ငြိမ်းချမ်းပြီး ညီညွတ်ကြမယ်၊ ကိုယ့်တိုင်းပြည်ကို ပခုံးထမ်းပြီး ရှိတဲ့ သယံဇာတတွေနဲ့ ပြုပြင်လိုက်ကြမယ်ဆိုရင် ဒေသတွင်းနိုင်ငံများမှာ အချမ်းသာဆုံးနိုင်ငံ ဖြစ်လာနိုင်ပါတယ်။ အဲဒီလိုဖြစ်လာနိုင်အောင် ကြိုးစားကြဖို့လည်း လိုပါတယ်။ မြန်မာနိုင်ငံတော်ကြီး လုံးဝငြိမ်းချမ်းသာယာပါစေ။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပါစေ။ တိုင်းသူပြည်သားအားလုံး ကျန်းမာချမ်းသာပြီး လိုရာဆန္ဒများ ပြည့်စုံကြပါစေ။ ကပ်ကြီးသုံးပါးကင်းဝေးပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ရဲ့ အရသာ၊ လွတ်လပ်ရေးအရသာကို ခံစားစံစားနိုင်ကြပါစေလို့ ဆုမွန်ကောင်းပို့သပါတယ်။

**ဒါရိုက်တာ ဦးကြည်စိုးထွန်း**
**မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ**

ခရစ်နှစ် ၂၀၂၄ ခုနှစ် အခါသမယမှာ မြန်မာပြည်သူပြည်သားအပေါင်း စိတ်ချမ်းသာ ကိုယ်ကျန်းမာပြီး တစ်စိတ်တစ်ဝမ်းတည်း ညီညွတ်စွာနဲ့ နိုင်ငံအကျိုးသည်းပိုး ဆောင်ရွက်နိုင်ကြသူများ ဖြစ်ကြပါစေကြောင်း လှိုက်လှဲစွာ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

**ဒေါ်နွဲ့နွဲ့စမ်း (ရုပ်ရှင်သရုပ်ဆောင်)**

ကမ္ဘာကြီး၊ မြန်မာပြည်ကြီးနဲ့ မြန်မာလူထုကြီး အေးချမ်းသာယာကြပါစေ။ ရုပ်ရှင်၊ ဂီတနဲ့ သဘင်လောကသားအားလုံးလည်း ပန်းလိုလန်းပြီး ပွင့်လန်းမွှေးကြိုင်ကြပါစေ။ မြန်မာ့ရုပ်ရှင်ကို ချစ်မြတ်နိုးကြတဲ့ ပြည်သူအပေါင်း မှန်ကန်သောဆုံးဖြတ်ချက်၊ မှန်ကန်သောအတွေးအခေါ်များ မွေးနိုင်ကြပါစေ။

**ဦးလွင်မြင့်**
**မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)ဥက္ကဋ္ဌ**

ကျွန်တော်တို့ ဂီတအစည်းအရုံးဟာ ဂီတသမားများအတွက် ဖန်တီးထားတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ဦးဆောင်မှုနဲ့ ဖွဲ့စည်းထားပြီး မည်သည့်နိုင်ငံရေး အရောင်အသွေးမှမရှိဘဲ အများပြည်သူနဲ့ ဂီတအကျိုးအတွက် ဆောင်ရွက်နေပြီးတော့ နိုင်ငံတော်ကတာဝန်ပေးရင် မည်သည့်အစိုးရတစ်ရပ်ဖြစ်စေ ဂီတသမားများဟာ နိုင်ငံတော်အတွက် ကိုယ်ကျိုးစွန့်ပြီး အမြဲတမ်းပါဝင်ခဲ့တဲ့ ဓလေ့ထုံးတမ်းရှိသလို အစဉ်အလာကိုထိမ်းပြီး ပြည်သူ့အားနဲ့ ဂီတအားကိုယူပြီး ပါဝင် ဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့ နိုင်ငံဟာ တိုင်းရင်းသားညီအစ်ကို မောင်နှမများ စုစည်းညီညွတ်စွာ နေထိုင်နေတဲ့ ပြည်ထောင်စုကြီးဖြစ်ပါတယ်။ အေးချမ်းတဲ့ သာယာဝပြောတဲ့ ပြည်ထောင်စုကြီး ဖြစ်ပါစေ။ မြန်မာနိုင်ငံတစ်ခုလုံး တိုင်းရင်းသားညီအစ်ကိုများ စည်းလုံးညီညွတ်စွာနဲ့ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲပါစေ။ ယခုလို နှစ်ဟောင်းကနေ နှစ်သစ်ကို ကူးပြောင်းချိန်ခါမှာ ကမ္ဘာသူကမ္ဘာသားအားလုံး၊ နိုင်ငံသူနိုင်ငံသားအားလုံး ဘေးရန်ကြောင့်ကြကင်းပြီး ကျန်းမာချမ်းသာကြပါစေ၊ ကောင်းခြင်းမင်္ဂလာနှင့်လည်း ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းပို့သပါတယ်။

**ဦးအောင်တင်ဝင်း**
**မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို)နာယက**

မြန်မာနိုင်ငံ တစ်ဝန်းလုံး နှစ်သစ်မင်္ဂလာမှစပြီး ကျန်းမာချမ်းသာ လန်းဖြာဝမ်းသာကြပါစေ။ ပြည်သူ ပြည်သားအပေါင်းကိုလည်း ကိုယ်ကျန်းမာစိတ်ချမ်းသာပြီး ဘယာကင်းပ၊ လိုတိုင်းရသုခချမ်းသာအဖြာဖြာနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းအပ်ပါတယ်။ သဘင်လောကသားများ အနေနဲ့လည်း သဘင်ပညာကြီးတိုးတက်အောင် ကြိုးစားနိုင်ကြပါစေ။ သဘင်ပညာပေါ်မှာမူတည်ပြီး အားလုံးဝိုင်းဝန်းပြီး အောင်မြင်ပြီးမြောက် ခရီးရောက်အောင် ဆောင်ရွက်နိုင်ကြပါစေ။ ချီးမြှင့်နိုင်သူများကလည်း သဘင်ပညာရှင်များကို ချီးမြှောက်မစကြပါ။ ထို့အတူပဲလိုက်နာနိုင်တဲ့သူများကလည်း တညီတညွတ်တည်း လိုက်နာနိုင်ကြပါစေ။

**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**

■

# တက္ကသိုလ်ပါမောက္ခချုပ်များ၏ ၂၀၂၄ ခုနှစ် နှစ်သစ်မင်္ဂလာ ဆုတောင်းစကားများ


ဒေါက်တာတင်မောင်ထွန်း


ဒေါက်တာကေသွယ်လှိုင်


ဒေါက်တာကြည်ရှင်


ဒေါက်တာနေဝင်းဦး


ဒေါက်တာမြင့်သိန်း

**ဒေါက်တာတင်မောင်ထွန်း**
**ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်**

နှစ်သစ်ချိန်ခါဖြစ်တဲ့ ၂၀၂၄ ခုနှစ်မှာ ကမ္ဘာသူ ကမ္ဘာသားအပေါင်းနဲ့ နိုင်ငံသူ နိုင်ငံသားအားလုံး ကျန်းမာချမ်းသာပြီး ပျော်ရွှင် ချမ်းမြေ့ကြပါစေလို့ မင်္ဂလာဆုတောင်း ပို့သပါတယ်။

**ဒေါက်တာတင်တင်ထွေး**
**ရန်ကုန် စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်**

နှစ်ဟောင်းကုန်လို့ နှစ်သစ်မင်္ဂလာအချိန်အခါမှာ မြန်မာနိုင်ငံတော်ကြီး သာယာဝပြောပြီး ပြည်သူ ပြည်သားအပေါင်း ကျန်းမာချမ်းသာ ကြပါစေကြောင်း ဆုမွန်ကောင်းပို့သပါတယ်။ ကျောင်းသား ကျောင်းသူများအတွက် ပညာရေးမှာ ပညာရဖို့ဟာ အဓိကဖြစ်တဲ့အတွက် တက္ကသိုလ်များမှာ ပညာရပ်များသင်ယူ ဆည်းပူးပြီးတဲ့အခါမှာ ပညာဉာဏ်စွမ်းအားနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ပြီး သာယာဝပြောအောင် ဆောင်ရွက်နိုင်တဲ့ ကျောင်းသား ကျောင်းသူများ ဖြစ်ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

**ဒေါက်တာကေသွယ်လှိုင်**
**ရန်ကုန် ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်**

၂၀၂၄ ခုနှစ် နှစ်သစ်ကူးအချိန်အခါကစပြီး မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး၊ ကမ္ဘာသူ ကမ္ဘာသားအားလုံး ကပ်ဘေးအပေါင်းမှ ကင်းစင်ပါစေ။ ရန်သူမျိုးငါးပါးမှလည်း ကင်းစင်ပါစေ။ ကိုယ်ကျန်းမာ စိတ်ချမ်းသာပြီး လိုရာဆန္ဒများလည်း ပြည့်ဝပါစေ။ ကျောင်းသား ကျောင်းသူ အားလုံးလည်း မိမိတို့ တတ်မြောက်သင့်တဲ့ ပညာရပ်အားလုံး သင်ကြားနိုင်သူများ ဖြစ်ကြပါစေ။ မိမိနိုင်ငံကို အလုပ်အကျွေးပြုနိုင်တဲ့ နိုင်ငံသားကောင်းများဖြစ်အောင် ပညာကို အန္တရာယ်ကင်းစွာ ဆက်လက်သင်ကြားနိုင်ကြပါစေလို့ဆုတောင်းမေတ္တာ ပို့သပါတယ်။

**ဒေါက်တာကြည်ရှင်**
**ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် ပါမောက္ခချုပ်**

၂၀၂၄ ခုနှစ် နှစ်သစ်မင်္ဂလာ အချိန်အခါမှာ အထူးသဖြင့် ကျွန်တော်တို့ရဲ့ တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၊ ပညာသင်ကြားနေကြတဲ့ ကျောင်းသား ကျောင်းသူများအားလုံး မိမိဘဝရည်မှန်းချက်ကို ခိုင်မာပေါက်မြောက်အောင် ဆောင်ရွက်နိုင်စွမ်းရှိကြပါစေ။ ကမ္ဘာကြီးလည်း ငြိမ်းချမ်းရေးပိုမိုလိုနေပြီး ဖွံ့ဖြိုးတိုးတက်ဖို့ လိုနေတဲ့အတွက် အမြန်ဆုံးရရှိနိုင်ကြပါစေ။ နိုင်ငံတော်ကြီးလည်း ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သပါတယ်။

**ဒေါက်တာနေဝင်းဦး**
**ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ်**

အခုလို နှစ်သစ်မင်္ဂလာအခါသမယမှာ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး အေးချမ်းသာယာတဲ့ဘဝကို ပိုင်ဆိုင်နိုင်ကြပါစေ။ ကျွန်တော်တို့ရဲ့ ကျောင်းသား ကျောင်းသူများလည်း နှစ်သစ်ဆိုရင် ကျောင်းများ စတင်ဖွင့်လှစ်မှာဖြစ်တဲ့အတွက် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအားလုံး ကိုယ်ကျန်းမာစိတ်ချမ်းသာပြီး ပျော်ပျော်ရွှင်ရွှင်နဲ့ မိမိတို့သင်ကြားလိုသော ဘာသာရပ်၊ ပညာရပ်အစုံအလင်နဲ့ တက္ကသိုလ်က သင်ကြားပို့ချပေးနေတဲ့ ဘာသာရပ်များအပြင် လူမှုဆက်ဆံရေး၊ အားကစား စသဖြင့် အားလုံး အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်သူတွေဖြစ်ကြပါစေ။ နိုင်ငံအကျိုးကိုလည်း စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ကြပါစေလို့ မေတ္တာပို့သပါတယ်။

**ဒေါက်တာမြင့်သိန်း**
**ရန်ကုန် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်**

၂၀၂၄ ခုနှစ်ရဲ့ နှစ်သစ်မင်္ဂလာအချိန်အခါကစပြီး ပြည်သူပြည်သားအားလုံး ငြိမ်းချမ်းပျော်ရွှင်စွာဖြင့် ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝကြပါစေ။ ကျောင်းသား ကျောင်းသူများလည်း မိမိတို့မျှော်မှန်းထားတဲ့ ပညာရေးပန်းတိုင်ကို လွယ်ကူလျင်မြန်စွာ ရရှိနိုင်ပြီး ဘဝမှာ အောင်မြင်တဲ့ သားကောင်းရတနာ၊ သမီးကောင်းရတနာများ ဖြစ်ကြပါစေလို့ ဆန္ဒပြုပါတယ်။ **သတင်း-သစ္စာ(MNA)**

**ဓာတ်ပုံ - ဖွဲမာန်**

# “(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်” ၂၀၀ ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် သုံးမျိုး ရောင်းချပေးမည်










**နေပြည်တော်  ဒီဇင်ဘာ  ၃၁**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းသည် “(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ” ၂၀၀ ကျပ်တန် အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ်သုံးမျိုးအား **၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နတ်တော်လပြည့်ကျော် ၈ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီခွဲမှစတင်၍** နေပြည်တော် ဇဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **ဇန်နဝါရီ ၄ ရက် (ကြာသပတေးနေ့)**တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် နောင်မွန်းမြို့နယ်နှင့် ပူတာအိုမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး





**နေပြည်တော်  ဒီဇင်ဘာ ၃၁**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂၉ ရက်တွင် ကချင်ပြည်နယ် နောင်မွန်းမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံရုံးခန်း၊ ပြင်ပလူနာဌာနနှင့် အထူးကြပ်မတ်ဆောင်တို့ ပါဝင်သည့် အာရ်စီနှစ်ထပ်တိုးချဲ့ဆောင် အသစ်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်နေသည့် လူနာများအား တွေ့ဆုံအားပေးကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တာဝန်ရှိသူများနှင့် တွေ့ဆုံပြီးနာတာရှည်ကျောက်ကပ်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသနေသည့်လူနာအား ဆေးရုံကြီးများသို့ ပို့ဆောင်၍ ဆေးစစ်ကုသနိုင်ရေး စီစဉ်ပေးသွားရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နမ့်ပန်ဒမ်းကျေးရွာရှိ ကဆန်ထိကြိုးတံတားအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြုပြင်ထိန်းသိမ်းမှုဆောင်ရွက်ရန် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အခြေခံပညာ အထက်တန်းကျောင်း (နောင်မွန်း)သို့ရောက်ရှိပြီး မြို့မိမြို့ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ အမှာစကားပြောကြားပြီး ကျောင်းအတွက် ဆိုလာ၊ လက်ပ်တော့ကွန်ပျူတာနှင့် ပရင်တာများ ထောက်ပံ့လှူဒါန်းကာ မြို့ရေပေးဝေရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပူတာအိုမြို့ရှိ သမိုင်းဝင်ကောင်းမှုလုံစေတီတော်အား သွားရောက်ဖူးမြော်ပြီး စေတီတော် ပရိဝုဏ်အတွင်း ပြုပြင်ထိန်းသိမ်းရေး၊ သန့်ရှင်းသာယာလှပရေးနှင့် ဆောင်ရွက်ရန် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးကာ နယ်စပ်ရေးရာဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကောင်းမှုလုံစေတီ၊ ရွှေစည်းခုံပုံတူစေတီနှင့် ရွှေတိဂုံပုံတူစေတီ ဘုရားသုံးဆူပတ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပူတာအိုလွင်ပြင်ပတ်လမ်း၌ နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့သည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ပူတာအိုလွင်ပြင်ပတ်လမ်းသည် ၂၅ မိုင်အရှည်ရှိပြီး ကျေးရွာ ၂၈ ရွာနှင့် လယ်ယာစိုက်ခင်းများကို ဆက်စပ်ပေးသောလမ်းဖြစ်သည်။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့က သုံးနှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ကွန်ကရစ်လမ်းဖြစ်ပြီး ယခုဘဏ္ဍာနှစ်အကုန်တွင် ပြီးစီးမည်ဖြစ်သဖြင့် ဒေသထွက်ကုန်များ လွယ်ကူစွာ ပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဖန်ခိုင်(ပရဟိတ) ဘုန်းတော်ကြီး ပညာသင်ကျောင်းသို့ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ဆရာတော်၊ သံဃာတော်များ ဆွမ်းကွမ်း အခက်အခဲမရှိစေရေးနှင့်အဆိုပါဘုန်းတော်ကြီးကျောင်း၌ တက်ရောက်ပညာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူများ စားသောက်မှုအဆင်ပြေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ခေါက်ဆွဲခြောက်၊ ကြက်ဥ စသည့် စားသောက်ဖွယ်ရာ ပစ္စည်းများနှင့် အလှူငွေများ ထောက်ပံ့လှူဒါန်းသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဒီဇင်ဘာ ၃၀ ရက်တွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်စွာ အထောက်အကူ ဖြစ်စေမည့် ပူတာအိုမြို့ အထက် ဆန်ခေါင်- လုံနဒမ်း- ဇီယာဒမ်းလမ်း (ဖုန်ကန်ရာဇီရေခဲတောင်သွားလမ်း) အရှည် ၂၄ မိုင် ၇ ဖာလုံအား လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် အရှည်ပေ ၂၄၀ မူလာချောင်းကူးတံတား တည်ဆောက်နေမှု လုပ်ငန်းခွင်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပူတာအိုမြို့ ပန်းလှိုင်ရပ်ကွက်ရှိ မဟာမြတ်မုနိဘုရားကြီး၌ ဂန္ဓကုဋိကျောင်းဆောင်တော် တည်ဆောက်ရန် လိုအပ်မည့် အခြေအနေကို သွားရောက်ကြည့်ရှု၍ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပူတာအိုဒေသ ဝမ်းစာဖူလုံရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကောင်ကထောင်ရပ်ကွက်၊ မတ်ပန်စံပြစိုက်ခင်း ဧက ၂၀ စီမံကိန်းသို့ ရောက်ရှိပြီး ရာသီမရွေး သီးနှံမျိုးစုံ စိုက်ပျိုးနိုင်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက ဆိုလာစနစ်ဖြင့် ရေရရှိနိုင်ရေး ဆောင်ရွက်ပေးနေမှုနှင့် ဒေသခံတောင်သူများက ရာသီသီးနှံ စိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက် ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကွမ်းခြံကုန်းမြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် နွေစပါးစိုက်ပျိုး



**ကွမ်းခြံကုန်း  ဒီဇင်ဘာ  ၃၁**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးစေ့ချကိရိယာဖြင့် နွေစပါးစိုက်ပျိုးပွဲကို ယနေ့တွင် ဝါးကောက်တောကျေးရွာ တောင်သူဦးခင်မောင်အေး၏ လယ်မြေ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ထွန်းက မျိုးစေ့ချကိရိယာဖြင့် စပါးစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကြည်စိန်က ဒေသခံတောင်သူများအား မျိုးစေ့ချကိရိယာဖြင့် တောင်သူများ စပါးစိုက်ပျိုးရာတွင် လုပ်အားကုန်ကျမှုစရိတ်သက်သာခြင်း၊ စပါးကောက်ကွက်ပြည့်မီခြင်း၊ အတန်းလိုက်ညီညာစွာစိုက်ပျိုးသည့်အတွက် တမန်နှီးရလွယ်ကူကာ ပင်ပွားကောင်းမွန်ခြင်းနှင့် စပါးအထွက်နှုန်းများကောင်းမွန်ကာ မျိုးစေ့နှုန်းထားကုန်ကျမှုစရိတ်များ သက်သာစေမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

စိုက်ပျိုးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးစေ့ချကိရိယာဖြင့် နွေစပါးကိုလက်တွေ့ စိုက်ပျိုးပြသပေးခဲ့ကြောင်း သိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

# လဲလှျင်ပြန်ထူ ပြန်ထ ဒါမှရပ်တည်နိုင်မှာ စသည့် အတွေးများနှင့်အတူ လွတ်လပ်ရေးအထူးနှင့် နှစ်ဦးမှာ ...

မိုးကေနိုင်

၂၀၂၃-၂၀၂၄ နှစ်ဦးကာလနှင့်အတူ (၇၆) နှစ်ထဲ စွန်းခဲ့ပြီဖြစ်တဲ့ လွတ်လပ်ရေး အခါသမယမှာ ကျွန်တော်တို့ တစ်ဦး တစ်ယောက်ချင်းအနေနဲ့ရော၊ အဖွဲ့ အစည်းအလိုက် နိုင်ငံတစ်နိုင်ငံအနေနဲ့ ရော စိတ်ရောကိုယ်ပါ လွတ်လပ်ကြပါရဲ့ လား။ နှစ်ဟောင်းနဲ့ နှစ်ဦးအကူးအပြောင်း မှာ အလှူပ်အယမ်းက အရမ်းကြမ်းလွန်း နေဆဲ၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး ဘက်စုံမှာ အထွေထွေအားနည်းဆဲ အခြေအနေအရပ်ရပ်ကို မှန်အောင် ကြည့်တတ်ရပါမယ်။

အထူးသဖြင့် ငြိမ်းချမ်းရေးကဏ္ဍ။ အေးချမ်းသာယာမှုမှမရှိရင် ဘယ်လို လုပ်ပြီး လုပ်ကိုင်စားသောက်ရတာ အဆင်ပြေပါ့မလဲ၊ ငြိမ်းချမ်းမှုမှမရှိရင် လွတ်လပ်ခြင်းအရသာရော ပြည့်ပြည့်ဝဝ ရနိုင်ပါ့မလား၊ ၂၀၂၄ မှာ ကျွန်တော်တို့ ဘာကို မျှော်လင့်ကြမလဲ၊ မျှော်လင့်ချက် ပြည့်ဖို့အတွက် ရည်မှန်းချက်ရှိရမှာပေါ့။ vision ဆိုတဲ့ မျှော်မှန်းချက်ကောင်း မှ mission ဆိုတဲ့ ရည်မှန်းချက် က ကောင်းကောင်းလိုက်မှာဆိုတော့ ကျွန်တော်တို့ရဲ့ အနာဂတ်အမြင်တွေ ရှင်းလင်းကြည်လင်နေဖို့ လိုပါမယ်။ ကျွန်တော်တို့ ဘာဖြစ်ချင်တာလဲ၊ ဘာလုပ်ချင်တာလဲ ပြတ်သားနေမှသာ ရည်မှန်းချက်ကို ကောင်းကောင်းချမှတ်နိုင်မှာဖြစ်ပါတယ်။

> ❝ဆုတ်ယုတ်မှုနဲ့ တိုးတက်မှုအကြား ကွာဟသွားတာက ပညာအရာပါ။ ထိုနှစ်ခုကြားက အမှားအမှန်ဆင်ခြင်အားက ခပ်ပါးပါးလေးပဲရှိနေရင် တိုးတက်မှုထက် ဆုတ်ယုတ်မှုက ပိုအားကောင်းသွားတတ်ပြီး ထိုသို့မဖြစ်ရလေအောင် စာသင်ခန်းကရတဲ့ အတတ်ပညာအပြင် အမှားအမှန်၊ အကြောင်းအကျိုး ဆင်ခြင်သိတဲ့ပညာအသိမျိုးကိုပါ အလေးအနက်ထား လက်ဆင့်ကမ်းသင့်တယ်လို့ ယူဆမိပါတယ်။ ဘာသာတရား အဆုံးအမနဲ့အတူ ဘဝနေနည်းနဲ့ ပေါင်းသင်းဆက်ဆံရေး၊ ကျန်းမာရေးအသိပါတိုးတဲ့ပညာများကို အစဉ်မှျဝေနေခြင်းဟာ မြန်မာတို့ရဲ့ယဉ်ကျေးမှုတစ်ရပ်လည်းဖြစ်ပြီး ကုသိုလ်လည်းရပါတယ်❞

**အတွေ့အကြုံမှာ သင်ခန်းစာယူကာ**

မိမိချမှတ်မယ့် ရည်မှန်းချက် ဘာကို၊ ဘယ်အချိန်မှာ၊ ဘယ်လိုပြီးမလဲ တိကျ ပြတ်သားပါမှလည်း ကိုယ့်မှာရှိတဲ့ အရင်းအမြစ်တွေဟာ အကောင်းဆုံးနဲ့ အသုံးတည့်နေမှာ ဖြစ်ပါတယ်။ လူသား၊ ငွေကြေး၊ ပညာ၊ နည်းပညာ၊ အချိန်၊ စွမ်းရည်ပိုင်းတွေမှာ ရှိနေတဲ့ အားသာ ချက်၊ အားနည်းချက်မှန်သမျှကို မှန်မှန် ကန်ကန် အသုံးချနိုင်မှသာ ရည်မှန်းချက် က ပြီးမြောက်မှာဖြစ်ပါတယ်... ။

ကျွန်တော်တို့ တစ်ဦးချင်းအနေနဲ့ တော့ လက်ရှိအနေအထားတွေအရ အနာဂတ်အလားအလာနဲ့ ဖြစ်နိုင်ဖွယ်ရာ တွေအပေါ်မှာ စိန်ခေါ်မှုတွေအများကြီး ကို တွေ့နေရဦးမှာပါပဲ။ လက်ရှိမှာတော့ တစ်နှစ်တာလုံး မငြိမ်းချမ်းခဲ့ပါဘူး။ ရလဒ်က အကောင်းကြီးမဟုတ်ခဲ့ပါဘူး။ ဘယ်လောက်ပြုပြင်ပြုပြင်၊ ဘယ်လောက် တည်ဆောက်တည်ဆောက် ကြီးမား တဲ့ အဖျက်စွမ်းအားတွေကြားမှာ ထင်သလောက်ခရီးမပေါက်ခဲ့ဘူးဆိုရင် ဘယ်သူမှငြင်းမယ်မထင်ပါဘူး။ မငြိမ်း ချမ်းတော့ ဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်သလောက် အရာမထင်ခဲ့ပါဘူး။ တက်ကြွမှုဟာ အတွင်းအပြင် အမှောင့် ပယောဂမျိုးစုံအောက်မှာ ဘယ်လိုမှ မလန်းဆန်းနိုင်ခဲ့တဲ့အခါ ကိုယ်ကိုယ်တိုင် လည်း လုပ်ငန်းခွင်မှာ performance ကောင်းကို မပြနိုင်ခဲ့ဘဲ ရခဲ့တဲ့အတွေ့ အကြုံနဲ့ ရနေတဲ့သင်ခန်းစာတွေကို သာ နောင်နှစ်အတွက် ဆက်လက် သယ်ဆောင်သွားရမယ့် အနေအထားမှာ ရောက်ရှိနေပါတယ်။

အနာဂတ်အတွက် အပူအပင်တွေ အောက်မှာ စိတ်တွေမငြိမ်းချမ်းနေပါဘူး။ စိတ်မငြိမ်းချမ်းဘူးဆိုရာမှာ မိမိရဲ့အတွင်း အစွဲတွေ့ငြိမ်းချမ်းဖို့က အဓိကလို့ဆိုတဲ့ အတွက် အတွင်းရန်၊ အပြင်ရန် ကိလေသာ ပေါင်းစုံရဲ့ ဖိစီးနှိပ်စက်မှုကို ဓမ္မတရား အကူအညီနဲ့သာ မိမိကိုယ်မိမိငြိမ်းချမ်း အောင် လုပ်ယူရမှာဖြစ်သလို လက်တွေ့ နယ်ပယ်မှာလည်း ပြတ်သားရမယ့် ကိစ္စဆို ကိုယ်တိုင်ပြတ်ပြတ်သားသား ဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။ စိတ်ငြိမ်းချမ်းရင် တက်ကြွပါဝင်မှုက အလိုလိုလိုက်ပါလာမှာပါ။ ကျွန်တော်တို့ ဘဝတွေ ပြန်လည်တည်ငြိမ်အေးချမ်းဖို့ အာမခံချက်နဲ့ ပုံမှန်ပြန်ဖြစ်ဖို့ လိုအပ် နေတဲ့ အချက်တွေအပေါ် မူတည်ပြီး အနာဂတ်နှစ်သစ်မှာ လူတွေရဲ့စိတ်အား ထက်သန်မှုကို စောင့်ကြည့်လေ့လာ အသုံးချနိုင်မယ့် ပေတံတွေအသုံးပြုပြီး ပြုပြင်နိုင်မယ့် အခွင့်အရေးကောင်း များစွာ ပေါ်ထွန်းလာချေရဲ့ဟု မျှော်လင့် နေမိပါတယ်။

**လက်ငင်းနဲ့ ရေရှည်အကျိုးစီးပွား အတွက် အမြင်**

ငြိမ်းချမ်းရေးနဲ့အတူ နောက်ထပ် အရေးကြီးချက်တစ်ခုက စီးပွားရေးပါ။ အကောင်းဆုံးဖြစ်အောင်တော့ လုပ်နေ ပါတယ်။ မငြိမ်းချမ်းတဲ့ကြားထဲက ငြိမ်းချမ်းတဲ့နေရာတွေမှာ အဆင်ပြေ အောင် လုပ်ကြည့်မယ်လို့ စိတ်ကူးမိ တယ်။ ပြောင်းသင့်တာတွေ ပြောင်းရ မယ်၊ ပြင်သင့်တာတွေ ပြင်သင့်တယ်၊ ဒါပေမဲ့ စိတ်ရှည်အချိန်ပေးသင့်တယ်လို့ တော့ ယူဆတယ်၊ အနာဂတ်ရှိနေရင် သူ့အလိုလို တက်ကြွလာပါလိမ့်မယ်။ မျှော်လင့်ချက်ပေးနိုင်ရင် ဦးဆောင်တဲ့ နောက် အလိုလိုလိုက်ပါလာကြပါလိမ့် မယ်။ အနာဂတ်စီးပွားရေးမှာ စိုက်ပျိုး ရေး၊ မွေးမြူရေးအခြေခံတဲ့ တန်ဖိုးမြင့် ထုတ်ကုန် value added များဖြစ်အောင် ဆန်းသစ်တီထွင်ထုတ်လုပ်ရမယ့်အလုပ် တွေ ရှိပါတယ်။ သယ်ယူပို့ဆောင်ရေး၊ ထုပ်ပိုးမှု၊ ဈေးကွက်ဖြန့်ချိမှုစသည်ဖြင့် လိုအပ်ချက်က များနေသေးတော့ ပြည်တွင်း၊ ပြည်ပ ကျွမ်းကျင်ပညာရှင် ပေါင်းစုံနဲ့ တိုင်ပင်ဆွေးနွေးခြင်းဟာ စဉ်ဆက်မပြတ် လုပ်ကိုလုပ်ရမယ့်အရာပါ။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ IT ကဏ္ဍ နည်းပညာနဲ့ အဓိကကျောရိုးဖြစ်တဲ့ ဘဏ္ဍာရေးဆိုင်ရာ အားလုံးပါပဲ။ ဈေးကွက်ရှာဖွေမှုနဲ့ ယှဉ်ပြိုင်နိုင်စွမ်းကို အရှိန်မြှင့်ရပါမယ်။ စီးပွားရေးမှာလည်း ပြည်တွင်း၊ ပြည်ပအားကိုးရမယ့် မိတ်ဆွေ တွေကိုရှာဖွေရပါမယ်၊ နိုင်ငံရေးမှာလိုပဲ အမြဲတမ်းမိတ်ဆွေ၊ အမြဲတမ်းရန်သူ ဟူ၍မရှိပါခဲ့ယူပြီး ရသမျှအချိန်မှာ ရှိသမျှ အရင်းအမြစ်ကို ပုံအောရပါမယ်။ နိုင်ငံအတွက် သစ္စာရှိပြီး အမျိုးသားအကျိုး စီးပွား ကာကွယ်စောင့်ရှောက်ပေးနိုင်စွမ်း ရှိမယ့် စီးပွားရေးမှာ စွန့်စားမယ့်လုပ်ငန်း ရှင်တွေ၊ စွမ်းဆောင်ရှင်တွေကို နေရာ ပေးပြီး ရင်းနှီးမြှုပ်နှံစေသင့်ပါတယ်။

သူတို့ဟာ အကျပ်အတည်းကြားမှာ အကောင်းဆုံးလုပ်ဆောင်နိုင်သူတွေ ဖြစ် သင့်ပါတယ်။ လိုအပ်ချက်အရ လက်ငင်း အကျိုးစီးပွားကြည့်ပြီး ဦးစားပေးရမယ့် အခြေအနေတွေကြောင့်လည်း ဖြစ်ပါ တယ်။ စာရေးသူစိတ်ထဲမှာ နိုင်ငံရဲ့ အချို့ သယံဇာတတွေမှာ ထုတ်သင့်တဲ့အရာ ထုတ်ယူသုံးစွဲသင့်တယ်။ လက်ရှိမိမိတို့ ပိုင်ဆိုင်ထားတဲ့ သယံဇာတကုန်ကြမ်း (hard resources) ကို အနာဂတ်မျိုးဆက် တွေအတွက် အလွန်အရေးကြီးတဲ့ ပညာ အမွေ soft resources အဖြစ် ပြောင်းလဲ နိုင်ရင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု (sustainable development) က ပိုအဓိပ္ပာယ် ရှိမလား စဉ်းစားမိပါတယ်။

> ❝တစ်ခုလိုချင်ရင် တစ်ခုစွန့်ရတဲ့ သဘောတရား trade off နဲ့ ရယူချင်တဲ့ အခွင့်အလမ်းအတွက် ပေးဆပ်ရမယ့် တန်ဖိုး opportunity cost ဆိုတဲ့ စီးပွားရေးသဘောတရားတွေလည်း ကြားဖူးသိဖူးပြီး ဖြစ်မှာပါ။ လူ့အသက်အရင်းအမြစ်ကို တန်ဖိုးထားတဲ့အခါ သက်မဲ့မြေကို စွန့်လိုက်ရတာလည်း ရှိတတ်ပါတယ်၊ ခဏတာစွန့်ထားရတဲ့မြေကို အချိန်မရွေးပြန်ယူလို့ရသလိုပေါ့။ အမြန်လိုချင်တဲ့အခါ တချို့သောအရေးအရာတွေရဲ့ စီမံခန့်ခွဲမှုမှာ အားနည်းချက်ရှိနိုင်တာလည်း ထည့်တွက်ရပါမယ်။ တစ်ဦးနဲ့တစ်ဦး လက်ညှိုးထိုး အပြစ်တင်နေရုံနဲ့မပြီး ဘာမှမမြဲတတ်တဲ့အခြေအနေမှာ ဘာကိုမှ တရားသေဆုပ်ကိုင်မထားတာအကောင်းဆုံးပါ။ အရေးကြီးဆုံးကို ဦးစားပေးဖြည့်ဆည်းရင်းနဲ့ ကျန်တာတွေလည်း အချိန်ကိုက်ဖြည့်ဆည်းသွားလို့ရပါတယ်❞

ဒီအတွက် စနစ်တကျစီမံခန့်ခွဲမှုပိုင်း ကတော့ ဘယ်အရာမှာမဆို အမြဲလိုအပ် တဲ့ အရာပဲဖြစ်မှာပါ။ ဒါကြောင့် အသိရော၊ ပညာပါဖွံ့ဖြိုးတဲ့ အနာဂတ်လူ့စွမ်းအား များ ပေါ်ထွက်လာဖို့အတွက် လက်ရှိ သင့်တော်တဲ့ သယံဇာတအရင်းအမြစ်ကို effectiveness and efficiency အကျိုးရှိ ထိရောက်အောင် ထုတ်ယူသုံးစွဲပြီး လက်ရှိ စီးပွားရေးဖွံ့ဖြိုးဖို့အတွက် အားနည်းနေတဲ့ အခြေခံအဆောက်အအုံ ဟု ပိုင်းတွေကို အမြန်ဖြည့်ဆည်းနိုင်ခြင်း က သင့်တော်တဲ့အရာတစ်ခုလို့ မြင်မိပါ တယ်။ အကျိုးရှိထိရောက်မှုဆိုတဲ့ ရလဒ် ထွက်ဖို့အတွက်လည်း ပကတိအခြေ အနေမှန်ကို သိရှိထားမှ ဖြစ်ပါမယ်။ ဒီအတွက်တော့ နိုင်ငံမှာ Research and Development R&D လုပ်ငန်းတွေ အဆက်မပြတ်လုပ်သွားပြီး သာမန် စာတမ်းတွေတင်မက ပါရဂူအဆင့် ကျမ်းကြီးတွေပါ များပြားတိုးတက်လာ အောင် promote ဆက်လုပ်ရမယ်လို့ ယူဆမိပါတယ်။

**အကာထက်အနှစ် အလုပ်နှင့်အတူ ရလဒ်ကောင်းထွက်ဖို့က**

အားလုံးသည် အလုပ်ကိုအလုပ်နှင့် တူအောင် ကြိုးစားအလုပ်လုပ်သင့် ပါတယ်။ ပြည်တွင်းပဲနေနေ၊ ပြည်ပပဲ ထွက်ထွက်ပေါ့၊ အထူးသဖြင့် လူငယ်တွေ အတွက်ပါ။ မိသားစုတစ်စုမှာ လုပ်တဲ့ သူနည်းပြီး ထိုင်စားများနေရင် အဆင် မပြေသလို အပြောကြီးပြီး ဘေးထိုင်နေတဲ့ လူတွေနဲ့လည်း ခရီးမရောက် outcome မထွက်နိုင်ပါဘူး။ အနာဂတ်အကျိုးစီးပွား အတွက်ရည်ရွယ်ပြီး လုပ်ရမယ့်အလုပ် တွေက များစွာရှိနေပါတယ်။ လုပ်တဲ့ နေရာမှာ ကျွန်တော်တို့ကိုယ်တိုင်ပြုပြင် သင့်တာတွေ၊ ဆင်ခြင်ရမယ့် အရာတွေ လည်း များစွာရှိနေပါတယ်။ ဥပမာ- ရှားပါးတဲ့ခေတ်ကြီးမှာ မလိုအပ်ဘဲ အပိုတွေမသုံးမိအောင် ဆင်ခြင်ကြည့်ဖို့ ပါ။ အသုံးနဲ့အဖြုန်းကို ခွဲခြားသိပြီး အကာထက်အနှစ်ကို ပိုပြီးအလေးထား ကြည့်ရအောင်လား၊ တစ်ခါတစ်ရံ အပေါ် ယံသာဘဝထင်အိတ်ပေါက်နဲ့ဖားကောက် သလို မလိုအပ်တဲ့နေရာမှာ ငွေကြေး အမြောက်အမြား သုံးစွဲမိတာမျိုးရှောင် သင့်တယ်လို့မြင်ပါတယ်။

ချမ်းသာနေတဲ့အချိန်၊ တည်ငြိမ် နေတဲ့ အချိန်ဆိုရင်တော့ တစ်မျိုးပေါ့။ အရေးကြီးဆုံးကဘာလဲ။ အရေးကြီးတာ ကို အာရုံစိုက် focus ထား မဖြစ်မနေ သုံးစွဲရမှာဖြစ်ပြီး ယခုလိုအကျပ်အတည်း မှာ မိသားစုဝင်အားလုံးအနေနဲ့လည်း မဖြစ်မနေကြုံနေရတဲ့ ဒုက္ခတွေကို အတူ မျှဝေခံစားပြီး အေးအတူပူအမျှဖြစ်ကြရ ပါမယ်။ capacity လည်းမတူ၊ ပိုင်ဆိုင်တဲ့ ခနအင်အားလည်း မတူကြတဲ့အတွက် ကြပ်ကြပ်မတ်မတ်နဲ့ ကြိုးစားသလောက် သက်ရောက်မှုအနည်းဆုံးနဲ့ ထိုက်သင့်တဲ့ ရလဒ်မျိုးတွေ ထွက်လာစေချင် ပါတယ်။

**ပညာသိဆိုတဲ့အရာကသာ**

ဆုတ်ယုတ်မှုနဲ့ တိုးတက်မှုအကြား ကွာဟသွားတာက ပညာအရာပါ။ ထိုနှစ်ခုကြားက အမှားအမှန်ဆင်ခြင်အား က ခပ်ပါးပါးလေးပဲရှိနေရင် တိုးတက်မှု ထက်ဆုတ်ယုတ်မှုက ပိုအားကောင်းသွား တတ်ပြီး ထိုသို့မဖြစ်ရလေအောင် စာသင်ခန်းကရတဲ့ အတတ်ပညာအပြင် အမှားအမှန်၊ အကြောင်းအကျိုး ဆင်ခြင် သိတဲ့ပညာအသိမျိုးကိုပါ အလေးအနက် ထား လက်ဆင့်ကမ်းသင့်တယ်လို့ ယူဆ မိပါတယ်။ ဘာသာတရား အဆုံးအမနဲ့ အတူ ဘဝနေနည်းနဲ့ ပေါင်းသင်းဆက်ဆံ ရေး၊

စာမျက်နှာ ၁၁ သို့ ✣

# လူတော်ကောင်းတို့နိုင်ငံ

✻ လူတော်နဲ့ လူကောင်း
လူကောင်းနဲ့ လူတော်။
✻ ဘယ်သူက ပိုမိုမြတ်လို့
ဘယ်သူက ပိုလိုအပ်ပါသလဲ
သုံးသပ်တွေးခေါ်။
✻ အမှန်အကြောင်းမှာဖြင့်
လူကောင်းတွေ တကယ်တော်လို့
လူတော်တွေ တကယ်ကောင်းပါမှ
ကောင်းလည်းကောင်း တော်လည်းတော်
ပြည့်မျက်ဖျော် သုံးပန်လှ။
✻ အတူပေါင်းပါလို့
နိုင်ငံကောင်း ပြည်သူပျော်ရအောင်
ရည်တူမျှော် စွမ်းဆောင်ကြိုး
တိုးတက်စေမှ။
✻ လူတော်တွေ မေတ္တာတရားနဲ့
နှလုံးသား လှအောင်ပြင်။
✻ လူကောင်းတွေ ဉာဏ်သတိနဲ့
အသိပညာ ချင်ခြင်းတပ်
တတ်သိအောင်သင်။
✻ မတော်မကောင်းသေးသူတွေလည်း
တော်ကောင်းရေး လုံ့လယှဉ်
အစဉ်ဖြည့်ဆည်း တန်ဖိုးမြှင့်။
✻ ကိုယ့်အရေးထက်
ပြည့်အရေးကို ဦးစားပေးလို့
အထူးအားမွေး ဆောင်သယ်ပိုး
ကြိုးပမ်းပါသင့်။
✻ လူကောင်းတွေ အတူဝိုင်းတည်မှ
တို့တိုင်းပြည် ကောင်းနိုင်မည်။
✻ လူတော်တွေ ရှေ့တိုးထွက်မှ
ယနေ့မျိုးဆက်တို့ တိုးတက်လှမ်း
ပန်းဝင်ဖြောင့်မည်။
✻ လက်ရုံးများမြောင် ဉာဏ်များမြောင်နဲ့
စွမ်းဆောင်ကြဖို့ ချိန်တန်ပြီ
ယုံကြည်မြော်တွေး လက်မနှေး။
✻ နောက်မှာကျန်ခဲ့သမျှ
မဖောက်မပြန် နောက်မချန်ဘဲ
တစ်ယောက်မကျန် အတူလက်တွဲ
နွဲ့ကြစို့လေး။
✻ ဘယ်နေရာ ရောက်ရောက်
ရောက်လေရာမှာ တော်စေချင်။
✻ ကောင်းတဲ့နေရာ ရောက်ဖို့ထက်
ရောက်တဲ့နေရာကို အသွင်သစ်လောင်း
ကောင်းအောင်ပြုပြင်။
✻ ကိုယ်စိတ်နှစ်ပါး သတိယှဉ်
အသိအမြင် မှန်စေမယွင်း။
✻ လူတော်ကောင်းတွေနဲ့
အတူမော်ကြောင်း လမ်းစဖွေလို့
စခန်းအလှမြေ ပြိုင်စံတစ်ခေတ်မှာ
နန်းအမတဖွေ နိုင်ငံသစ်ကို
ထုဆစ်ဆောင်နှင်း။ ။

ဇော်မင်းမင်းဦး

✣ စာမျက်နှာ ၁၀ မှ

ကျန်းမာရေးအသိပါတိုးတဲ့ ပညာများကို အစဉ်မှျဝေနေခြင်းဟာ မြန်မာတို့ရဲ့ ယဉ်ကျေးမှုတစ်ရပ်လည်းဖြစ်ပြီး ကုသိုလ်လည်းရပါတယ်။

သို့ပေမဲ့ ဒီဘက်ခေတ်မှာ ပညာလက်ဆင့်ကမ်းခြင်းမျိုး အားနည်းလာတဲ့အခါ နိုင်ငံချစ်စိတ်၊ ဘာသာချစ်စိတ်က နည်းသည်ထက်နည်းလာပြီး အများအတွက်ထက် ကိုယ်ကျိုးအလေးထားတဲ့ အတ္တဗဟိုပြုတွေ များလာတယ်လို့ ခံစားမိပါတယ်။ ကိုယ်ကျိုးစီးပွား အလေးထားရမှာမှန်ပေမဲ့ ဆန္ဒ၊ လောဘ၊ ဒေါသနဲ့ အကြောက်တရား အစွန်းတရားများသွားတဲ့အခါ အဂတိတရားဘက် အားသန်လာခြင်းဟာ အကြောင်းအကျိုး သဘာဝပါပဲ။ အလိုမပြည့်မှုနဲ့မကျေနပ်မှုကို ရှေးရှုတဲ့ မောဟများသွားပြန်တော့ လူကြီးလူငယ်မရွေး ဆေးစွဲသူဦးရေ ထူပြောရပြန်တယ်။

ယနေ့ခေတ် ဖွံ့ဖြိုးမှုနောက်ကျခြင်း၊ မငြိမ်းချမ်းခြင်းနဲ့ လူ့အဖွဲ့အစည်းကို ဆိုးဆိုးရွားရွား ပျက်စီးစေခြင်းများစွာမှာ မူးယစ်ဆေးဝါးနဲ့ အဂတိတရားများကို အဓိကလွှမ်းမိုးနေတဲ့ တရားခံများအဖြစ် မြင်နိုင်ရပါမယ်။ ရေရှည်မှာ ဒီဝဲသြဃထဲကနေ လူငယ်တွေကို ဆွဲထုတ်နိုင်မယ့် အရာက ပညာသာလျှင် ဖြစ်ပါတယ်။ ရေရှည်မှာ နိုင်ငံတည်ငြိမ်အေးချမ်းအောင် အမြစ်ဖြတ်ရမယ့် အဖျက်တွေထဲမှာ အဂတိနဲ့ မူးယစ်ဆေးဝါးလည်း ပါတယ်ဆိုတာ သတိပြုရန်ဖြစ်ပြီး မိမိတို့လက်ထက်မှာ အဂတိမျိုးဆက်၊ မူးယစ်မျိုးဆက်၊ အာဃာတမျိုးဆက်တွေ မချန်ရစ်မိလေရအောင် ပညာအရာကို အပြင်းအထန် မြှင့်တင်နိုင်ဖို့ ကြိုးစားကြရမှာဖြစ်ပါတယ်။

## အလုပ်တိုင်းမှာ စွန့်စားရမှုအန္တရာယ်ဆိုတာရှိမြဲ

သို့ဆိုပေမယ့် ကိုယ့်မှာလုပ်ပိုင်ခွင့်ရှိတုန်းလေး၊ အသက်ရှင်နေတုန်းလေးမှာ အများအတွက်ဆိုတဲ့စိတ်၊ အနာဂတ်မျိုးဆက်အတွက်ဆိုတဲ့စိတ်ထားနဲ့တော့ လုပ်သွားကြပါ။ ယနေ့မှ စလုပ်သည်ဆိုသော်လည်း နောက်မကျပါဘူး။ ဘာပဲဖြစ်ဖြစ် အန္တရာယ်နဲ့ စွန့်စားရမှု (risk) ကတော့ နေရာတိုင်းမှာ ရှိနေမှာပါပဲ။ စီးပွားရေးကို အာရုံစိုက်ရင်းနဲ့ political risk ကိုပါ ထည့်စဉ်းစားရတာမျိုးရှိတတ်ပါတယ်။ လူ့အခွင့်အရေးကို ဦးစားပေးရင်းနဲ့ အမျိုးဘာသာသာသနာ ပျောက်ကွယ်သွားနိုင်ခြင်းလည်း ရှိတတ်ပါတယ်။

တစ်ခုလိုချင်ရင် တစ်ခုစွန့်ရတဲ့ သဘောတရား trade off နဲ့ ရယူချင်တဲ့ အခွင့်အလမ်းအတွက် ပေးဆပ်ရမယ့် တန်ဖိုး opportunity cost ဆိုတဲ့ စီးပွားရေး သဘောတရားတွေလည်း ကြားဖူးသိဖူးပြီး ဖြစ်မှာပါ။ လူ့အသက်အရင်း အမြစ်ကို တန်ဖိုးထားတဲ့အခါ သက်မဲ့မြေကို စွန့်လိုက်ရတာလည်း ရှိတတ်ပါတယ်၊ ခဏတာ စွန့်ထားရတဲ့မြေကို အချိန်မရွေး ပြန်ယူလို့ရသလိုပေါ့။ အမြန်လိုချင်တဲ့အခါ တချို့သော အရေးအရာတွေရဲ့ စီမံခန့်ခွဲမှုမှာ အားနည်းချက်ရှိနိုင်တာလည်း ထည့်တွက်ရပါမယ်။ တစ်ဦးနဲ့တစ်ဦး လက်ညှိုးထိုးအပြစ်တင်နေရုံနဲ့မပြီး ဘာမှမဖြစ်တတ်တဲ့ အခြေအနေမှာ ဘာကိုမှ တရားသေဆုပ်ကိုင်မထားတာ အကောင်းဆုံးပါ။ အရေးကြီးဆုံးကို ဦးစားပေးဖြည့်ဆည်းရင်းနဲ့ ကျန်တာတွေလည်း အချိန်ကိုက်ဖြည့်ဆည်းသွားလို့ ရပါတယ်။

ယနေ့အခြေအနေအရ ထားရှိရမယ့် အရေးကြီးဆုံးခံယူချက်တစ်ခုကို ပြောပါဆိုရင်တော့ ပယောဂများစွာကြားမှာ အမှားနဲ့အမှန် အတုနဲ့အစစ်ကို ခွဲခြားသိမြင်ဖို့ပါပဲ။ ပညာအသိနဲ့ အကဲဖြတ်နိုင်ဖို့ဖြစ်ပါတယ်။ ပညာအသိက zero ရောက်နေရင်တောင် တစ်ကပြန်စနိုင်တဲ့ ဦးဆောင်မှုနဲ့ စွမ်းအားကိုပေးပါတယ်။ အားလုံးသာ တက်ညီလက်ညီဖြစ်မယ်ဆိုရင် အခုကြုံတွေ့နေရတဲ့ ခါးသီးတဲ့ အဖြစ်အပျက်တွေဟာ တစ်ခဏတာပဲဖြစ်တဲ့အတွက် မိမိကိုယ်မိမိ အတွေ့အကြုံအခြေခံတဲ့ပညာကို သင်ခန်းစာအဖြစ် ပြောင်းနိုင်တဲ့ စိတ်ဓာတ်ခွန်အားကို အားပေးမြှင့်တင်ကြရင်း လဲသွားလည်း ခဏ ပြန်ထူပြန်ထပြီး ရပ်တည်နိုင်အောင် ဆက်လက်ကြိုးစားကြပါစို့ဟုသာ ဆိုလိုက်ပါရစေ။ ။

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၄၉၅၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၃၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၇ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၄၉၅၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်



ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်တွင် ဒီဇင်ဘာ ၃၁ ရက်မွန်းလွဲ ၃ နာရီကကျင်းပသည့်အကြိမ်(၅၀)မြောက်ဆွမ်းဆန်တော် စိမ်းလောင်းလှူပွဲတွင် မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏနှင့်အဖွဲ့က သံဃာတော်ကြီးများအား ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ ဘော်ဂါသွေး

# ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို ဓာတုဆေးဝါးများမသုံးစွဲဘဲ သဘာဝနည်းပညာဖြင့် ကြာရှည်အထားခံနိုင်မည့် နည်းပညာများ ရှာဖွေဖော်ထုတ်ပေးရန်ကြိုးပမ်း

**နေပြည်တော်  ဒီဇင်ဘာ  ၃၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝ နည်းပညာဌာနခွဲ၊ ရိတ်သိမ်းချိန်လွန်နည်းပညာဌာန (PHRI)ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ နည်းပညာပေးသင်တန်းများ ဆောင်ရွက်ထားရှိမှု၊ ဟင်းသီးဟင်းရွက် လေလွင့်ဆုံးရှုံးမှုများ စစ်တမ်းကောက်ယူခြင်းနှင့် ရေရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။



**အလေးထားဆောင်ရွက်**

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရိတ်သိမ်းချိန်လွန်နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများဖွံ့ဖြိုးရေးနှင့် ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများ၊ ရိတ်သိမ်းချိန်လွန် စီမံခန့်ခွဲမှုဆိုင်ရာ နည်းပညာများ တိုးတက်လာစေရေးနှင့် သုတေသန ရလဒ်ဖြန့်ဝေရေးလုပ်ငန်းများ အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရိတ်သိမ်းချိန်လွန် နည်းပညာဆိုင်ရာ အသိပညာများ တိုးတက်မြင့်မားလာခြင်းဖြင့် လယ်ယာထွက်ကုန်များ၏ လေလွင့်ဆုံးရှုံးမှု လျော့နည်းစေပြီး ကြာရှည်အထားခံနိုင်ခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးတက်လာပြီး လူနေမှုဘဝ မြင့်မားလာစေရန် ကြိုးပမ်းပေးကြစေလိုကြောင်း၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို ဓာတုဆေးဝါးများမသုံးစွဲဘဲ သဘာဝနည်းပညာဖြင့် ကြာရှည်အထားခံနိုင်မည့် နည်းပညာများ ရှာဖွေဖော်ထုတ်ကြရန်၊ ဟင်းသီးဟင်းရွက်ရောင်းချသူ အစုအဖွဲ့များအား ဓာတုဆေးများမသုံးဘဲ တာရှည်ထားနိုင်သည့် နည်းပညာများ ရှင်းပြအသိပညာပေးခြင်းကိုလည်း အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးရန်၊ လက်တွေ့ကျပြီး ပိုမိုထိရောက်အကျိုးရှိမည့် နည်းပညာများ ဖော်ထုတ်ဖြန့်ဝေပေးနိုင်ရေး ဆက်လက်ကြိုးပမ်းကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သီးနှံများ ဆွတ်ခူးရိတ်သိမ်းပြီးချိန် နောက်ပိုင်းကာလ လုပ်ငန်းစဉ်များ၏ ရိတ်သိမ်းချိန်လွန်စီမံခန့်ခွဲခြင်းလုပ်ငန်းများ၊ အရည်အသွေးတိုင်းတာခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ စမ်းသပ်ခြင်းနှင့် အစားအစာဘေးကင်းလုံခြုံမှု သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မွန်ပြည်နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သမဝါယမလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော်  ဒီဇင်ဘာ  ၃၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့နယ်နှင့် မုဒုံမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သမဝါယမလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မော်လမြိုင်မြို့နယ် ရိုးဂိုးရွာဟောင်းကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျေးလက်နေပြည်သူများ၏ တစ်မိသားစုချင်း ဝင်ငွေတိုးပွားစေရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်စေရေး၊ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှု ကွာဟချက်များ ကျဉ်းမြောင်းလာစေရေး၊ လူနေမှုအဆင့်အတန်းမြင့်မားပြီး စီးပွားရေး ခိုင်မာအားကောင်းသည့် ခေတ်မီစံပြကျေးရွာများ ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတော်အစိုးရ၏ စီမံလမ်းညွှန်မှုဖြင့် မိမိတို့ ဝန်ကြီးဌာနမှ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာကုန်ထုတ်လုပ်ငန်းများအား အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံတောင်သူများအနေဖြင့် စိတ်တူ၊ ကိုယ်တူ၊ ဆန္ဒတူသူများ စုပေါင်း၍ သမဝါယမအသင်းများဖွဲ့စည်း၍ စီးပွားဖြစ် လယ်ယာကုန်ထုတ်လုပ်ငန်းများ ပေါ်ထွန်းလာရေးအတွက် အားလုံးပူးပေါင်းလုပ်ဆောင်ကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားကာ ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မော်လမြိုင်-မုဒုံ-သံဖြူဇရပ် ကားလမ်းမကြီးမှ သာမညစကြာ်တောင်သို့ ဆက်သွယ်သောလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးပြည့်မီအောင် ကြီးကြပ်ဆောင်ရွက်ရန်နှင့် ကျေးရွာလမ်းကော်မတီဝင်များနှင့် ဒေသခံပြည်သူအားလုံးမှ လမ်းရေရှည်ကောင်းမွန်စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မုဒုံမြို့ရှိ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းသို့ ရောက်ရှိကြရာ ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက ကာလရှည်သင်တန်းအဖြစ် ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ်သင်တန်း၊ လက်ရက်ကန်းခြောက်လသင်တန်း၊ ကာလတိုသင်တန်းအဖြစ် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း၊ သဘာဝဆိုးဆေးနည်းသင်တန်း ဖွင့်လှစ်ပို့ချနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက သင်တန်းများ ပြီးဆုံးပါက အမှန်တကယ် လုပ်ငန်းလုပ်ကိုင်လိုသူများကို လုပ်ငန်းသုံးပစ္စည်းများ မတည်ရင်းနှီးပေးမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့်လည်း ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ သင်တန်းကျောင်းမှ သင်တန်းဆင်း သင်တန်းသားသင်တန်းသူများကို အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဌာနဆိုင်ရာများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း မှာကြားပြီး သင်တန်းနည်းပြများ၊ သင်တန်းသူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(မော်လမြိုင်)သို့ ရောက်ရှိပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကျောင်းသား ကျောင်းသူများအနေဖြင့် ပျော်ရွှင်အေးချမ်းစွာ ပညာသင်ကြားကြပြီး စာကြိုးစားကြရန်လိုကြောင်း၊ ဆရာ ဆရာမများအနေဖြင့်လည်း ကျောင်းသား ကျောင်းသူများ အမှန်တကယ် တတ်မြောက်စေရေး၊ စွမ်းရည်များ ပြည့်ဝစေရေးအတွက် ကြိုးစားသင်ကြားပေးရန်လိုကြောင်း၊ သင်တန်းကာလ နှစ်နှစ် ပြည့်မြောက်မည့် ကျောင်းသား ကျောင်းသူများအနေဖြင့် သတ်မှတ်အရည်အချင်းပြည့်မီပါက သမဝါယမကောလိပ်နှင့် တက္ကသိုလ်များသို့ ဆက်လက်ပေါင်းကူး တက်ရောက်နိုင်ကြောင်း၊ ကျန်ရှိသည့် ကျောင်းသား ကျောင်းသူများကိုလည်း အလုပ်အကိုင်ရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း ဌာန၏ လုပ်ငန်းတာဝန်များကို စေတနာထား ဆောင်ရွက်ရန်နှင့် ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားကာ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သင်တန်းကျောင်းအတွင်း သံကူကွန်ကရစ် နှစ်ထပ်သင်တန်းသားဆောင် တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---




# ကွမ်းခြံကုန်းမြို့နယ်၌ ၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ (ပဥ္စမပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**ကွမ်းခြံကုန်း  ဒီဇင်ဘာ  ၃၁**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏စီစဉ်မှုဖြင့် ဒီဇင်ဘာ ၃၀ ရက်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ(ပဥ္စမပတ်) လူထုစုပေါင်း လမ်းလျှောက်ပွဲကို ကျင်းပသည်။

စုပေါင်းလမ်းလျှောက်ပွဲကိုစုပေါင်းရုံးလမ်း တော်ပုလွဲရေကန်မှနေ၍ အောင်ဆန်းသူရိယလှသောင်းအားကစားကွင်းအထိ အသွား/အပြန် စုပေါင်းလမ်းလျှောက်ပြီး တော်ပုလွဲရေကန်ရှေ့တွင် ကိုယ်ကာယသွေးပူလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ ဒီဇင်ဘာ(ပဥ္စမပတ်)လူထုလမ်းလျှောက်ပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြည်သူများ စုစုပေါင်း ၄၅၀ ခန့် တပျော်တပါး စုပေါင်းလမ်းလျှောက်ကြပြီး လမ်းလျှောက်ပွဲအပြီးတွင် ထီး၊ ဦးထုပ်၊ ဗလာစာအုပ်နှင့် လွယ်အိတ်အမှတ်တရလက်ဆောင်အဖြစ် (ဗလာမပါ) ကံစမ်းမဲများ ဖောက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်၏ အကြိမ်(၅၀)မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် အလှူ့ဒါနအစုစုတို့အတွက် ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်၏ အကြိမ်(၅၀)မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် အလှူ့ဒါနအစုစုတို့အတွက် ရေစက်ချမင်္ဂလာ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် အဆိုပါ စေတီတော်ရင်ပြင်တော်ပေါ်ရှိ နန်းဦးဘုရားကြီးတန်ဆောင်း၌ ကျင်းပသည်။

**ကြွရောက်တော်မူ**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တ စန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူ့ရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် အရှင်သူမြတ်များချီးမြှင့်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် အလှည့်ကျသဘာပတိ ဦးဌေးဦးက အကြိမ်(၅၀)မြောက် ဗုဒ္ဓပူဇနိယပွဲတော် သံဃပူဇာအနေဖြင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားတင်ပြသည်။

**ရေစက်သွန်းလောင်း အမျှပေးဝေ**

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ ပရိသတ်များက အနုမောဒနာ တရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက် သွန်းလောင်း အမျှပေးဝေကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပရာ ဘုရားအမှူးပြုသော ဆရာတော် သံဃာတော်အရှင်သူမြတ် ၁၀၈ ပါးနှင့် သီလရှင်ဆရာလေး ၃၆ ပါးတို့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူ့ရှင်များက ဆွမ်းဆန်စိမ်းများ လောင်းလှူကြသည်။

**သတင်းစဉ်**

# နေပြည်တော်၌ ၂၀၂၄ ခုနှစ် နှစ်သစ်ကူးအခါသမယကို ပြည်သူများတစ်ခဲနက် ပျော်ရွှင်စွာကြိုဆို

နေပြည်တော် ဒီဇင်ဘာ ၃၁



ကမ္ဘာပေါ်တွင် လူမျိုးအလိုက် ဘာသာအလိုက် နှစ်များကို ရေတွက်သည့် အစဉ်အလာမှာ လူ့ယဉ်ကျေးမှု ထွန်းကားသည့် အချိန်မှစ၍ ရှိလာခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။ လူမျိုး၊ ဘာသာ မတူညီကြသော်လည်း ခရစ်သက္ကရာဇ်သည် တစ်ကမ္ဘာလုံး တရားဝင်အသုံးပြုကြသည့် သက္ကရာဇ်ဖြစ်သောကြောင့် နိုင်ငံတိုင်းတွင် ခရစ်သက္ကရာဇ် နှစ်သစ်သို့ကူးပြောင်းသည့် အခါသမယကို ပျော်ပွဲရွှင်ပွဲများကျင်းပကာ ကြိုဆိုကြလေ့ရှိသည်။ ထိုသို့ ခရစ်သက္ကရာဇ် နှစ်သစ်သို့ ကူးပြောင်းသည့် အခါသမယကို ပျော်ပွဲရွှင်ပွဲများ ကျင်းပကာ ကြိုဆိုကြသည့် နိုင်ငံများတွင် မိမိတို့ မြန်မာနိုင်ငံသည်လည်း အပါအဝင်ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်း နှစ်သစ်ကို ကြိုဆိုကြသည့် အနေဖြင့် ပျော်ပွဲရွှင်ပွဲများကျင်းပကာ ကြိုဆိုကြသကဲ့သို့ နေပြည်တော်၌လည်း New Year Countdown Live Show နှင့် ဈေးရောင်းပွဲတော်များ ကျင်းပ၍ ၂၀၂၄ ခုနှစ် နှစ်သစ်ကူး အခါသမယကို ပြည်သူများ တစ်ခဲနက် ပျော်ရွှင်စွာကြိုဆိုကြသည်။

**စည်ကားလျက်ရှိ**

ယနေ့သည် အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည်နှင့် အညီ နံနက်ပိုင်းမှ စတင်၍ ဒေသခံ ပြည်သူများ၊ ဝန်ထမ်းမိသားစုများသည် နေပြည်တော်ရှိ Ocean Super Center၊ Juction Center၊ Naypyitaw Wholesale နှင့် မြို့နယ်ရပ်ကွက် ဈေးများတွင် မိသားစုအလိုက်၊ မိတ်ဆွေသူငယ်ချင်း အစုအဖွဲ့အလိုက် ပျော်ပွဲရွှင်ပွဲများ ဆင်နွှဲရန်အတွက် လိုအပ်သည်များကို ဈေးလာဝယ်ယူကြသဖြင့် စည်ကားလျက်ရှိသည်။



ညပိုင်းတွင် နေပြည်တော်ရှိ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ အပန်းပြေပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် နှစ်သစ်ကို ကြိုဆိုသည့်အနေဖြင့် New Year Countdown Live Show နှင့် ဈေးရောင်းပွဲတော်ကိုနေပြည်တော် ရေပန်းဥယျာဉ်၌ ကျင်းပရာ ပြည်သူများ တစ်ခဲနက် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသဖြင့် အထူး စည်ကားလျက်ရှိသည်။

New Year Countdown Live Show နှင့် ဈေးရောင်းပွဲတော်သို့ လာရောက် လည်ပတ်ကြသည့် ပြည်သူများ စားရေးသောက်ရေး အဆင်ပြေစွာ ဝယ်ယူစားသောက်နိုင်ရေးအတွက် ထိုင်းအစားအစာ၊ တရုတ်အစားအစာ၊ ကိုရီးယားအစားအစာ၊ မြန်မာ့ရိုးရာ အစားအစာများ၊ ပင်လယ်စာများ၊ အထောင်မျိုးစုံနှင့် လူသုံးကုန်ပစ္စည်းတို့ကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ ဝယ်ယူစားသုံးကြသူများဖြင့် စည်ကားလျက်ရှိသည့်အပြင် လာရောက်လည်ပတ်ကြသည့် ကလေးငယ်များအတွက် ကလေးကစားစရာ မီးလင်းရောင်စုံ အရုပ်အရောင်းဆိုင်များ၊ လူကြီးကလေးများ ဆော့ကစားနိုင်သည့် Game Booth များ၊ အလှဓာတ်ပုံရိုက်ရန်အတွက် Photo Booth များအပြင် ပျော်ရွှင်စရာ အစီအစဉ်တို့ကို ထည့်သွင်းထားရာ လူများ စိတ်ပါဝင်စားသည့် အစီအစဉ်တစ်ခု အဖြစ်လည်း တွေ့ရသည်။

New Year Countdown Live Show နှင့် ဈေးရောင်းပွဲတော်တွင် နိုင်ငံကျော် တေးသံရှင်များနှင့် Dancer များက Music Band၊ DJ များဖြင့်တွဲဖက်၍ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် ကပြသီဆိုဖျော်ဖြေတင်ဆက်ကြပြီး ည ၁၂ နာရီအချိန်တွင် New Year Countdown Live Show က ၂၀၂၄ ခုနှစ် နှစ်သစ်ကူးအခါသမယကို Countdown ရေတွက်၍ ပြည်သူများက Happy New Year သံပြိုင်အော်ကြပြီ မီးရှူးမီးပန်းများ ပစ်ဖောက်ကာ နှစ်သစ်ကို တစ်ခဲနက်ပျော်ရွှင်စွာကြိုဆိုကြသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ မြို့နယ်၊ ရပ်ကွက် နေအိမ်များနှင့် ဝန်ထမ်းအိမ်ရာတို့တွင်လည်း နှစ်သစ်ကို ကြိုဆိုသည့်အနေဖြင့် ပျော်ပွဲရွှင်ပွဲများကျင်းပ၍ ပြည်သူများ၏ ၂၀၂၄ ခုနှစ်ကို ကြိုဆိုသော Happy New Year အသံသည် နေပြည်တော် တစ်ခွင်လုံးကို လွှမ်းခြုံသွားခဲ့သည်။

ထို့အတူ Junction Center ၌ ကျင်းပသည့် junction Night Bazaar တွင်လည်း စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ နိဗ္ဗာန်ကုန်ဆိုင်၊ ဆေးဝါးဆိုင်၊ အလှကုန်ပစ္စည်းဆိုင်နှင့် indoor plants ဆိုင် အပါအဝင် ဆိုင်ခန်းပေါင်း ၅၀ ကျော် ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ဝယ်ယူစားသောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် Junction Night Bazaar သို့ လာရောက်ကြသည့် ပြည်သူများကို တေးသံရှင်နှင့် ဝါသနာရှင်များက Music Band နှင့်တွဲဖက်၍ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် ဖျော်ဖြေကြရာ အားပေးကြည့်ရှုသူများ စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

၂၀၂၄ ခုနှစ် နှစ်သစ်ကူးအခါသမယကို ကြိုဆိုသည့်အနေဖြင့် အစိုးရရုံးများ၊ မင်္ဂလာကန်တော်၊ စားသောက်ဆိုင်ကြီးများ၊ အများပြည်သူ အပန်းဖြေရာပန်းခြံများ၊ လူစည်ကားရာ လမ်းများနှင့် လမ်းဆုံအဝိုင်းများ၌ ရောင်စုံမီးများ လှပစွာထွန်းထားသည်မှာ တွေ့မြင်ရသူအပေါင်း၏စိတ်နှလုံးကိုလည်း ရွှင်လန်းစေခဲ့သည်။

**သတင်း – တက်သစ်စ**
**ဓာတ်ပုံ – ဖိုးပြည့်စုံ**

# ၂၀၂၄ ခုနှစ် နှစ်သစ်ကူးည ရန်ကုန်မြို့ပြ စည်ကားများပြားစွာ ကြိုဆို

ရန်ကုန် ဒီဇင်ဘာ ၃၁

ခရစ်နှစ် ၂၀၂၃ ခုနှစ် ကုန်ဆုံးပြီး ၂၀၂၄ ခုနှစ် နှစ်သစ်ကြိုဆိုခြင်းကို ယနေ့ညပိုင်းက ရန်ကုန်မြို့တွင် အများပြည်သူ အေးချမ်းပျော်ရွှင် စည်ကားများပြားစွာ ကြိုဆိုခဲ့ကြသည်။

နှစ်ဟောင်းကုန်၍ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် နှစ်သစ်အခါသမယသို့ဝင်ရောက်မည့် နှစ်ကူး ညချမ်းတွင် ရွှေတိဂုံစေတီတော်၊ ဗိုလ်တထောင်စေတီတော်၊ ကျောက်တော်ကြီးဘုရား၊ ကမ္ဘာအေးစေတီ၊ ပြည်သူ့ရင်ပြင်ဥယျာဉ်၊ မဟာဗန္ဓုလပန်းခြံ၊ မြို့တော်ခန်းမ၊ ကန်တော်ကြီးဥယျာဉ်၊ အင်းလျားကန်စောင်း၊ အများပြည်သူအပန်းဖြေရာနေရာများ၊ ဈေးဝယ်စင်တာများ၊ ဟိုတယ်/မိုတယ်များနှင့် ရန်ကုန်မြို့ပြ၏ လူစည်ကားရာနေရာတို့၌ နှစ်ကူးအကြို ရောင်စုံမီးဆိုင်းများဖြင့် လှပလျက်ရှိရာ အများပြည်သူ စိတ်ရွှင်လန်းလျက် အားပါးတရပျော်ရွှင်စွာ နှစ်သစ်ကို ကြိုဆိုခဲ့ကြသည်။

ညနေပိုင်းမှစ၍ အများပြည်သူစည်ကားလျက်ရှိသည့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ရွှေတိဂုံစေတီတော်မြတ်တွင် လာရောက်ကုသိုလ်ယူကြသည့်ပြည်သူများ၊ ရင်ပြင်တွင် လာရောက်အပန်းဖြေသူများ၊ နှစ်သစ်ကို ကြိုဆိုကြသည့် ပြည်သူများဖြင့် စည်ကားလျက်ရှိပြီး ရန်ကုန်မြို့နေ ပြည်သူများ နှလုံးစိတ်ဝမ်း အေးချမ်းပျော်ရွှင်စေရန်၊ စိတ်ခွန်အားသစ်များ တိုးပွားစေရန်၊ အပန်းပြေစေရန်နှင့် မင်္ဂလာရှိသော နှစ်သစ်ကို ဝမ်းမြောက်ဝမ်းသာကြိုဆိုနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံဆောင်ရွက်မှုဖြင့် နိုင်ငံတကာနှစ်သစ်ကိုကြိုဆိုသည့် ဂီတဖျော်ဖြေပွဲ( New Year Countdown Music Show)ဖြင့် ညနေ ၆ နာရီတွင် စင်တင်တေးဂီတ၏ တီးခတ်မှုနှင့်အတူ ပြည်သူချစ်သောအဆိုတော်များက ဖျော်ဖြေခဲ့ရာ ပရိသတ်များ တစ်ခဲနက် ကြည့်ရှုအားပေးခဲ့ကြသည်။

ညသန်းခေါင် နှစ်သစ်ကူးပြောင်းချိန်ဖြစ်သည့် ၂၀၂၃ ခုနှစ် ည ၁၂ နာရီတွင် နှစ်သစ်ကူးပြောင်းချိန်ကို Music Show က ကြေညာ၍ Countdown ပြုလုပ်ပေးကာ မီးရှူးမီးပန်းများ ပစ်ဖောက်ပြီး ၂၀၂၄ ခုနှစ်ကို ကြိုဆိုကြသည့်ပြည်သူများ တစ်ခဲနက် Happy New Year ကြိုဆိုနှုတ်ဆက်သောအသံသည် ဒီဇင်ဘာဆောင်းကို ပွေ့ဖက်ထားသည့် ပြည်သူ့ရင်ပြင်ဥယျာဉ်အတွင်း ဖုံးလွှမ်းသွားသည်။ ပြည်သူ့ရင်ပြင်ဥယျာဉ်အတွင်း နှစ်သစ်ကိုကြိုဆိုရန် လာရောက်ကြသည့် ပြည်သူများအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလှူရှင်အချို့က ထောပတ်ကြက်သားဟင်းနှင့် ကြက်ဆီထမင်းတို့ကို မပြတ်ကျွေးမွေးခဲ့ပြီး အပန်းဖြေ အနားယူနိုင်ရန် ဆိုင်ခန်းများဖွင့်လှစ်ထားရာ ရန်ကုန်မြို့နေပြည်သူများ စည်ကားများပြားစွာဖြင့် နှစ်သစ်ကိုပျော်ရွှင်အေးချမ်းစွာ ကြိုဆိုခဲ့ကြသည်။

**ညီမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ – ကနူး**









## ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၃၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ကာ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁ ရက်မှ ၂ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဇန်နဝါရီလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့် အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇ ရက်မှ ၉ ရက်ခန့်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၄ ရက်မှ ၆ ရက်ခန့်နှင့် မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ၁ ရက်မှ ၃ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေ၀က်မှ တစ်ပေခန့် လက်ရှိ ရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေ၀က်မှ တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေ၀က်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေ၀က်ခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေ၀က်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးလက်မခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေ၀က်ခန့်စီ၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်၊ သောင်းရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေ၀က်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် ပေ၀က်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် ပေ၀က်ခန့်စီ၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် ပေ၀က်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေ၀က်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ငဝန်မြစ်ရေသည် ပုသိမ်မြို့တွင် ပေ၀က်ခန့် လက်ရှိရေမှတ်အထက် မြင့်တက်လာနိုင်သည်။

**မိုး/ဇလ**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(စစ်တွေ) ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၊ နေ့လယ်စာ အတူတကွသုံးဆောင်



**စစ်တွေ ဒီဇင်ဘာ ၃၁**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော်၊ တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(စစ်တွေ) ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ နေ့လယ်စာအတူတကွသုံးဆောင်ကြသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအတွက် အခြေခံစားသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ရခိုင်ပြည်နယ်ဦးစီးမှူးရုံးမှ ပြည်နယ်ဦးစီးမှူး ဦးမောင်စိုးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းသား ကျောင်းသူများ၏ အိပ်ဆောင်နှင့် စိုက်ခင်းများကို လှည့်လည်ကြည့်ရှုကြပြီး နေ့လယ်စာ အတူတကွသုံးဆောင်ခဲ့ကြကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)

# ငြိမ်းချမ်းရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ဆိုင်ရာ ခေါင်းဆောင်မှုသင်တန်း အမှတ်စဉ် (၇)နှင့် စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် (၁၁၂) သင်တန်းဆင်းပွဲ ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၃၁**

ငြိမ်းချမ်းရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ဆိုင်ရာ ခေါင်းဆောင်မှုသင်တန်း အမှတ်စဉ် (၇) နှင့် စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ် (၁၁၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက်က နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးထိန်လင်းက အမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းအောင်လက်မှတ် များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းကို နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများ လုပ်ငန်းတာဝန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ရုံသာမက အရည်အသွေးနှင့် ဆင်ခြင်တုံတရားပြည့်ဝသော ဝန်ထမ်းကောင်းများဖြစ်လာစေရန်၊ နိုင်ငံတကာအစိုးရများ၏ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု၊ ပြည်သူ့ဝန်ဆောင်မှု၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ခေါင်းဆောင်မှုဘာသာရပ်များကို သိရှိနိုင်စေရန်ရည်ရွယ်ပြီး ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းရေး၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ဆိုင်ရာ ခေါင်းဆောင်မှုသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၀ နှင့် စာရေးဝန်ထမ်းသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြပြီး ရက်သတ္တ ၁၂ ပတ်ကြာ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးမြို့တွင် နှစ်သစ်ကူးပွဲတော်ကျင်းပ၍ နှစ်သစ်ကို ပျော်ရွှင်စွာကြိုဆို



**မန္တလေး ဒီဇင်ဘာ ၃၁**

ခရစ်နှစ် ၂၀၂၃ ခုနှစ် ကုန်ဆုံးပြီး ၂၀၂၄ ခုနှစ်သို့ ကူးပြောင်းသည့် အထိမ်းအမှတ် နိုင်ငံတကာ နှစ်သစ်ကူးပွဲတော်များကို ကမ္ဘာတစ်ဝန်းတွင် ပျော်ရွှင်စွာဆင်နွှဲကြသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များနှင့်အခြားမြို့ကြီးများ၌ ပျော်ပွဲရွှင်ပွဲများ ကျင်းပကြကာ နှစ်သစ်ကို တညီတညွတ်တည်း ကြိုဆိုခဲ့ကြသည်။

မန္တလေးမြို့သူ မြို့သားများအနေဖြင့် ယနေ့ညနေပိုင်းမှစတင်၍ နှစ်သစ်ကိုကြိုဆိုကြရန် မိသားစုနှင့် မိတ်ဆွေသူငယ်ချင်း အစုအဖွဲ့အလိုက် ပျော်ရွှင်ဖွယ်ရာအစီအစဉ်များဖြင့် နှစ်သစ်ကူးပြောင်းမည့်အချိန် အခိုက်အတန့်ကို စောင့်မျှော်ဆင်နွှဲကြသည်။

ထို့ပြင် ဒေသခံများနှင့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ တပျော်တပါး နှစ်သစ်ကူးအခါသမယကို ဆင်နွှဲနိုင်ရန်အတွက် နှစ်သစ်ကူးအထိမ်းအမှတ်ပွဲတော်ကို ၂၆လမ်းနှင့် ၆၆လမ်းထောင့်တွင် စီစဉ်ဆောင်ရွက်ပေးထားရာ စိတ်ပျော်ရွှင်ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲသူများဖြင့် စည်ကားလျက်ရှိသည်။

ပွဲတော်သို့ လာရောက်ဆင်နွှဲသည့် ကိုပူတူးက "၂၀၂၄ နှစ်သစ်ကိုကြိုဆိုဖို့ ရင်တွေ အရမ်းခုန်နေပါတယ်။ ပျော်ရွှင်ဖွယ်ဖြစ်အောင် နှစ်သစ်ကူးပွဲစီစဉ်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ လျှပ်စစ်ရောင်စုံအလှမီးတွေ ထွန်းညှိထားတာကြောင့်လည်း ပွဲတော်ကြီးကို လှပစေခဲ့ပါတယ်။ ကိုယ်ကြိုက်နှစ်သက်တဲ့ အဆိုတော်တွေရဲ့ သီချင်းတွေကို နားဆင်ခံစားပြီး ကခုန်ခွင့်ရတဲ့အတွက်လည်း ပြီးပြည့်စုံတဲ့ နှစ်သစ်ကူးညတစ်ညဖြစ်ခဲ့ပါတယ်"ဟု ပြောသည်။

အဆိုပါပွဲတော်တွင် ဖျော်ဖြေရေးစင်မြင့်ထားရှိပြီး မန်းစည်ပင်ခေတ်ပေါ်တေးဂီတ၊ မြန်မာ့ရိုးရာဆိုင်းဝိုင်းကြီးနှင့် DJ အစီအစဉ်များဖြင့် တွဲဖက်၍ နိုင်ငံကျော် အဆိုတော်များ၊ သရုပ်ဆောင်များ၏ မြူးကြွစွာ သီဆိုဖျော်ဖြေမှုများကြောင့် နှစ်သစ်ကူးပွဲတော်ကို ပိုမိုအသက်ဝင်စေခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ ပြည်သူများအနေဖြင့်လည်း တစ်ဦးနှင့် တစ်ဦး ချစ်ခင်ရင်းနှီးစွာဖြင့် နှစ်ကူးအချိန်ကာလကို အတူတကွ ဖြတ်ကျော်ကြသည်။

ပြင်ဦးလွင်မှ နှစ်သစ်ကူးပွဲတော် လာရောက်ဆင်နွှဲသည့် မမီမီက " နှစ်သစ်မှာ အားလုံးစိတ်ချမ်းသာခြင်း၊ ကိုယ်ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။ မန္တလေးမြို့မှာ နှစ်ကူးပွဲရှိတယ်ဆိုလို့ လာရောက်ပါဝင် ဆင်နွှဲခြင်းဖြစ်ပါတယ်။ ပွဲတော်ကြီးက ထင်ထားတာထက်ကို ပိုမိုစည်ကားနေတာကို တွေ့ရပါတယ်။ ည ၁၂ နာရီမှာ ပွဲတော်လာသူတွေနဲ့အတူတူ Happy New Year အော်ဖို့မစောင့်နိုင်တော့ဘူးဖြစ်နေတယ်။ နှစ်သစ်ကူးကို ပျော်ရွှင်ဖွယ်ရာအစီအစဉ်တွေ ပြုလုပ်ပြီး ဖြတ်သန်းခွင့်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်" ဟု ပြောသည်။

ပွဲတော်သို့ လာရောက်ဆင်နွှဲကြသူများ အစားအသောက်များသုံးဆောင်နိုင်ရန်အတွက်လည်း စားသောက်ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချပေးခဲ့ပြီး ကား၊ ဆိုင်ကယ်များ စနစ်တကျအပ်နှံနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသည်။

ထို့နောက် ပွဲတော်လာပြည်သူများသည် နှစ်သစ်ကူးအချိန်ကာလဖြစ်သည့် ည၁၂နာရီ မရောက်မီ နှစ်ကူး Countdown ကို တပျော်တပါး ရေတွက်ကြပြီး ည ၁၂ နာရီတိတိတွင် Happy New Year ဟု တညီတညွတ်တည်း သံပြိုင်ရေရွတ်ကာ မီးရှူးမီးပန်းများ ပစ်ဖောက်၍ နှစ်သစ်ကို ပျော်ရွှင်စွာ ကြိုဆိုခဲ့ကြသည်။

**မောင်အေးချမ်း**

# ဒီဇင်ဘာလတတိယပတ်တွင် ပြည်ပပို့ကုန် အမေရိကန်ဒေါ်လာ ၂၆၆ သန်းကျော် တင်ပို့နိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၃၁**

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ တတိယပတ်တွင် မြန်မာနိုင်ငံ၏ ပြည်ပသို့ ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၆ သန်းကျော်ရှိသည်။ နှစ်သစ်ကူးကာလဖြစ်၍ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေး ထွက်ကုန်များကို ပြည်ပနိုင်ငံများမှ ဝယ်လိုအားအတက်ဘက်သို့ ဦးတည်လျက်ရှိသည်။ ယခုရက်သတ္တပတ်အတွင်း ပြည်ပသို့ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံနှင့် အခြားပဲမျိုးစုံ၊ နှမ်း၊ မြေပဲ၊ ဖရဲ၊ သခွား၊ သစ်သီးဝလံများ၊ ရော်ဘာစိမ်း၊ ကြက်သွန်နီစသည့် လယ်ယာထွက်ကုန်ပစ္စည်းများ၊ ပုစွန်နှင့် အခြားရေထွက်များ ပိုမိုတင်ပို့နိုင်သကဲ့သို့ စက်မှုကုန်ချောများဖြစ်သည့် CMP ချုပ်ပြီး အထည်များလည်း ပိုမိုတင်ပို့နိုင်ခဲ့သည်။

**ပိုမိုတိုးတက်လာ**

ယခုအပတ်တွင် ပဲမျိုးစုံ တန်ချိန် ၂၄၇၇၉ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၁ သန်းကျော် ရရှိခဲ့သည်။ ပါကစ္စတန်၊ ထိုင်း၊ ယူအေအီး၊ ဗီယက်နမ်၊ ကနေဒါ၊ အမေရိကန်၊ ဂျပန်နိုင်ငံများသို့ ယခင်ရက်သတ္တပတ်များထက် ပင်လယ်ရေကြောင်းမှတင်ပို့မှု ပိုမိုတိုးတက်လာကြောင်း တွေ့ရှိရသည်။

နှမ်းမျိုးစုံမှာ နှစ်သစ်ကူးကာလအတွင်း ဝယ်လိုအားမြင့်တက်လျက်ရှိရာ တရုတ်နိုင်ငံသို့ ယခင်အပတ်ထက် နှမ်းမျိုးစုံ ပိုမိုတင်ပို့ခဲ့သည့်အပြင် ဂျပန်၊ ထိုင်း၊ စင်ကာပူ၊ ထိုင်ဝမ် တို့မှလည်း ဝယ်လိုအား များပြားခဲ့သည်။ နှမ်းနက်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၃၈၀ မှ ၁၈၁၅ အထိ ပို့ကုန်ဈေးနှုန်းရရှိခဲ့ပြီး ပြည်တွင်း နှမ်းဈေးကွက်တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကုန်စည်ဒိုင် ဈေးကွက်များ၌ နှမ်းနက် ၄၅ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀ မှ ၃၄၀၀၀၀ ပေါက်ဈေးဖြင့် လတ်တလောတွင် ဈေးအတက်ဘက်သို့ ဦးတည်လျက်ရှိသဖြင့် စိုက်ပျိုးသူ တောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်ဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုတွင် အထည်ချုပ်ကဏ္ဍသည် အဓိကကျသောကဏ္ဍမှပါဝင်သည်။ အထည်ချုပ်ကဏ္ဍမှ ပြည်ပတင်ပို့မှု၌ CMP လက်ခစားစနစ်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းမှာ အများဆုံးဖြစ်ပြီး လုပ်သားအင်အား အခြေပြုသည့် Labour Intensive Industry အကောင်းဆုံး အထည်ချုပ်လုပ်ငန်းဖြစ်သည်။ ယခုရက်သတ္တပတ်အတွင်း ပြည်ပသို့ ချုပ်ပြီးအထည် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၂ သန်းကျော် ရရှိခဲ့ပြီး နိုင်ငံပေါင်း ၅၃ နိုင်ငံသို့ တင်ပို့ခဲ့သည်။ ဂျပန်၊ ပိုလန်၊ တောင်ကိုရီးယား၊ ဗြိတိန်၊ အမေရိကန်နိုင်ငံများမှ အများဆုံးမှာယူတင်သွင်းခဲ့ကြောင်း သိရသည်။

ပို့ကုန်ကဏ္ဍတိုးမြှင့်ရေးဆောင်ရွက်ရာတွင် CMP ကဏ္ဍတိုးတက်ရေးကိုလည်း နိုင်ငံတော်မှဦးစားပေးဆောင်ရွက်လျက်ရှိသည်။ CMP အထည်ချုပ်လုပ်ငန်းအပြင် လျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်းများ၊ ဖိနပ်၊ အိတ်မျိုးစုံ၊ ဆံပင်အတု၊ မှန်ဘီလူးနှင့် ကင်မရာစသည့် စက်မှုလုပ်ငန်းများကိုလည်း CMP စနစ်ဖြင့် လုပ်ကိုင်နေခြင်းဖြစ်သည်။

စက်ရုံအလုပ်ရုံများမှ ကုန်ကြမ်းပစ္စည်းလက်ခံပြီး ကုန်ချောထုတ်လုပ်ပေးသည့် CMP လက်ခစားစနစ်မှ တစ်ဆင့် ကိုယ်တိုင်ထုတ်လုပ်တင်ပို့နိုင်သည့်စနစ်သို့ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိသည်။ သို့မှသာ ပြည်တွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး လုပ်ငန်းရှင်များ အကျိုးဖြစ်ထွန်းကာ နိုင်ငံ့စီးပွားရေးကို များစွာအထောက်အကူပြုနိုင်မည် ဖြစ်သည်။

နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို ကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ပြည်ပကုန်သွယ်မှု၌ လယ်ယာကဏ္ဍ ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ ဆီထွက်သီးနှံ၊ ရော်ဘာ၊ သစ်သီးဝလံ စသည်တို့ အထွက်နှုန်းတိုးအောင် ကြိုးပမ်းဆောင်ရွက်၍ ပို့ကုန်တိုးမြှင့်ရေး၊ CMP အထည်ချုပ်လုပ်ငန်းမှ ပို့ကုန်တိုးမြှင့်တင် ပို့နိုင်ပြီး နိုင်ငံခြားဝင်ငွေ ပိုမိုရရှိစေရေး၊ CMP လုပ်ငန်းများ တိုးတက်များပြားလာမှုနှင့်အတူ ဘက်ပေါင်းစုံမှ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး ဝန်ကြီးဌာန၊ ဆက်စပ်ဌာနများ၊ အသင်းအဖွဲ့များမှ ထိရောက်သောပေါင်းစပ်ညှိနှိုင်းမှုများဖြင့် နိုင်ငံ့စီးပွား မြင့်မားတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ယခုရက်သတ္တပတ်ပို့ကုန်တင်ပို့နိုင်မှု အခြေအနေအား ဖော်ပြတိုက်တွန်း အပ်ပါသည်။

**သတင်းစဉ်**

(၁၆-၁၂-၂၀၂၃ မှ ၂၂-၁၂-၂၀၂၃)ရက်နေ့ထိ ရက်သတ္တပတ်တွင်
ပို့ကုန်လိုင်စင်ထုတ်ပေးမှုနှင့် အမှန်တင်ပို့မှုစာရင်း

တန်ဖိုး - အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ပင်လယ်ရေကြောင်း | | နယ်စပ် | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|
| | | စောင်ရေ | တန်ဖိုး | စောင်ရေ | တန်ဖိုး | စောင်ရေ | တန်ဖိုး |
| ၁ | ပို့ကုန်လိုင်စင် | ၂၃၃၈ | ၈၁၉.၅၂၉ | ၂၆၉ | ၃၁၂.၅၂၅ | ၂၆၀၇ | ၁၁၃၂.၀၅၄ |
| ၂ | အမှန်တင်ပို့မှု | | ၁၈၄.၃၁၇ | | ၈၂.၁၆၅ | | ၂၆၆.၄၈၂ |
| (က) | လယ်ယာထွက်ပစ္စည်း | | ၅၇.၄၄၆ | | ၁၅.၀၃၃ | | ၇၂.၄၇၉ |
| (ခ) | တိရစ္ဆာန်ထွက်ပစ္စည်း | | ၀.၀၈၃ | | ၀.၀၆၀ | | ၀.၁၄၃ |
| (ဂ) | ရေထွက်ပစ္စည်း | | ၉.၁၀၃ | | ၇.၂၇၇ | | ၁၆.၃၈၀ |
| (ဃ) | သတ္တုတွင်းထွက်ပစ္စည်း | | ၃.၅၁၆ | | ၀.၂၃၄ | | ၃.၇၅၀ |
| (င) | သစ်တောထွက်ပစ္စည်း | | ၁.၂၅၈ | | ၀.၀၀၁ | | ၁.၂၅၉ |
| (စ) | စက်မှုကုန်ချောပစ္စည်း | | ၁၀၇.၀၄၂ | | ၅၉.၄၅၈ | | ၁၆၆.၅၀၀ |
| (ဆ) | အခြားပစ္စည်းများ | | ၅.၈၆၉ | | ၀.၁၀၂ | | ၅.၉၇၁ |

အဓိကပို့ကုန်အများဆုံး (၁၀)မျိုးစာရင်း
၁-၄-၂၀၂၃ မှ ၂၂-၁၂-၂၀၂၃ နေ့အထိ

တန်ဖိုး - အမေရိကန်ဒေါ်လာသန်း

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး |
|---|---|---|---|---|
| ၁ | ချုပ်ပြီးအထည် | ခု | ၄၉၅၆၄၀၂၉၀ | ၃၁၈၄.၉၄၄ |
| ၂ | သဘာဝဓာတ်ငွေ့ | MMBTU | ၂၄၈၃၇၈၅၁၀ | ၂၄၂၁.၃၃၃ |
| ၃ | မတ်ပဲ | တန် | ၅၆၄၂၇၀ | ၅၁၄.၇၃၅ |
| ၄ | ဆန်+ဆန်ကွဲ | တန် | ၉၃၄၅၅၇ | ၄၅၀.၅၂၁ |
| ၅ | ပြောင်း | တန် | ၉၂၅၂၅၀ | ၂၇၆.၆၈၈ |
| ၆ | ငါး | တန် | ၂၁၇၆၇၁ | ၂၅၂.၄၃၃ |
| ၇ | ပဲတီစိမ်း | တန် | ၂၉၀၉၄၆ | ၁၉၇.၂၇၇ |
| ၈ | ရော်ဘာစိမ်း | တန် | ၁၁၀၂၉၀ | ၁၃၇.၉၃၃ |
| ၉ | ပဲစင်းငုံ | တန် | ၁၁၄၅၄၄ | ၁၀၂.၇၂၉ |
| ၁၀ | သတ္တုနှင့် သတ္တုရိုင်းများ | တန် | ၈၃၁၁၀ | ၈၄.၀၀၆ |

ပို့ကုန်အများဆုံးတင်ပို့သည့် နိုင်ငံ(၁၀)စာရင်း
၁-၄-၂၀၂၃ မှ ၂၂-၁၂-၂၀၂၃ နေ့အထိ

တန်ဖိုး - အမေရိကန်ဒေါ်လာသန်း

| စဉ် | နိုင်ငံအမည် | တန်ဖိုး |
|---|---|---|
| ၁ | ထိုင်း | ၂၆၂၁.၁၄၇ |
| ၂ | တရုတ် | ၂၁၃၃.၇၄၄ |
| ၃ | ဂျပန် | ၈၄၁.၈၇၉ |
| ၄ | အိန္ဒိယ | ၆၁၁.၄၃၂ |
| ၅ | အမေရိကန် | ၄၃၃.၉၈၂ |
| ၆ | ဂျာမနီ | ၃၉၂.၁၆၇ |
| ၇ | ပိုလန် | ၃၅၆.၄၆၈ |
| ၈ | စပိန် | ၃၂၈.၈၂၁ |
| ၉ | တောင်ကိုရီးယား | ၂၈၄.၂၄၂ |
| ၁၀ | အီတလီ | ၂၃၄.၃၆၀ |

# ဒုတိယဝန်ကြီး ဦးရဲတင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြန်ကြားရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့နံနက်ပိုင်းတွင် သန်လျင်မြို့ရှိ ရန်ကုန်တောင်ပိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဒလ၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ ဆိပ်ကြီးခနောင်တိုမြို့နယ်များနှင့် တံတားမြို့တို့မှ ဦးစီးမှူးများကို တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် ကွမ်းခြံကုန်းမြို့နယ်ရုံး၊ ကော့မှူးမြို့နယ်ရုံးတို့ကို လည်းကောင်း၊ မွန်းလွဲပိုင်းတွင် တွံတေးမြို့နယ်ရုံး၊ လှိုင်သာယာမြို့နယ်(အရှေ့ပိုင်း)နှင့် လှိုင်သာယာမြို့နယ် (အနောက်ပိုင်း)ရုံးတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်မှူးများနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။



ဒုတိယဝန်ကြီး ဦးရဲတင့် ကွမ်းခြံကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကြည့်ရှုစစ်ဆေးစဉ်။

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ပြန်ကြားရေးနှင့် အသိပညာပေး လုပ်ငန်းများကို ထိရောက်အောင် ဆောင်ရွက်ရေး၊ ရုံးများအား သန့်ရှင်းသပ်ရပ်ပြီး စာကြည့်တိုက်သို့ လူငယ်များနှင့် ပြည်သူများ လာရောက်၍ စာဖတ်၊ စာငှားမှု တိုးတက်အောင် ဆောင်ရွက်ရေး၊ ခေါင်းဆောင်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် လုပ်ဆောင်ရမည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး၊ စိတ်ကောင်း၊ စေတနာကောင်း ထားလျက် ဝန်ထမ်းကောင်းပီသအောင် ကျင့်ကြံလုပ်ဆောင်ရေး၊ မိမိတို့ကိုယ်တိုင်က စာအုပ်စာစောင်များကို အမြဲတစေ လေ့လာဖတ်ရှုပြီး အရည်အချင်းပြည့်ဝသည့် ပြည်သူ့ဆက်ဆံရေးမှူးကောင်းများ ဖြစ်အောင် ကြိုးစားရေးတို့ကို မှာကြားသည်။ ထို့နောက် ဝန်ထမ်းများ၏ တင်ပြချက်များအား ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# ပုသိမ်မြို့၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**ပုသိမ် ဒီဇင်ဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ပုသိမ်မြို့နယ်ပညာရေးမှူးရုံး မေတ္တာမြင်းမိုရ်ခန်းမ၌ ကျင်းပသည်။

ကျပန်းစကားပြောပြိုင်ပွဲတွင် ပုသိမ်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းအဆင့်ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၃၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပုသိမ်ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် အခြေခံပညာကျောင်းများမှ ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**စာပေမြင့်မှ လူမျိုးတင့်မည်**

# မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ ရှမ်းမြောင်းကျောက်မှုန့်စက်ရုံပိုင်ရှင်၏ မိခင်ဖြစ်သူအပါအဝင် အလုပ်သမားခြောက်ဦးကို တပ်မတော်က ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်းနှင့် မတ္တရာမြို့နယ် ဥဒိန်ကျေးရွာကို တပ်မတော်က မီးရှို့ဖျက်ဆီးခဲ့ခြင်းကြောင့် နေအိမ် ၅၀ ကျော် မီးလောင်ကျွမ်းခဲ့ကြောင်း လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ










နေပြည်တော် ဒီဇင်ဘာ ၃၁

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ ပန်းယုကျေးရွာနှင့် လယ်ကောကြီးကျေးရွာအကြားရှိ ရှမ်းမြောင်း ကျောက်မှုန့်စက်ရုံပိုင်ရှင်၏ မိခင်ဖြစ်သူအပါအဝင် အလုပ်သမားခြောက်ဦးကို ဒီဇင်ဘာ ၃၀ ရက် ည ၁၀ နာရီခန့်တွင် တပ်မတော်က ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်းနှင့် မတ္တရာမြို့နယ် ဥဒိန်ကျေးရွာကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၇ နာရီက မီးရှို့ဖျက်ဆီးခြင်းကြောင့် နေအိမ် ၅၀ ကျော် မီးလောင်ကျွမ်းခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit Media နှင့် RFA တို့က လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မတ္တရာမြို့နယ် ဇီးဖြူပင်ကုန်းကျေးရွာအနီးတွင် လုံခြုံရေးတာဝန်များ ထမ်းဆောင်ခြင်းမရှိခဲ့ကြောင်းနှင့် ဒီဇင်ဘာ ၃၀ ရက် ညပိုင်းက PDF အမည်ခံ အကြမ်းဖက်သမားများက အမျိုးသမီးတစ်ဦးနှင့် အမျိုးသားသုံးဦး လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်သွားကြောင်း သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် သွားရောက်စစ်ဆေးခဲ့ပြီး မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်းနှင့် အကြမ်းဖက်သမားများ ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ မတ္တရာမြို့နယ် ဥဒိန်ကျေးရွာတွင် မီးရှို့ဖျက်ဆီးမှုများနှင့် ခြိမ်းခြောက်လုယက်၊ ငွေကြေးတောင်းခံမှုများရှိကြောင်း သတင်းရရှိသဖြင့် ယနေ့နံနက်ပိုင်းတွင် လုံခြုံရေးအဖွဲ့များက သွားရောက်၍ နယ်မြေတည်ငြိမ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်၊ လက်လုပ်စိန်ပြောင်း၊ လက်လုပ်ရှော့တိုက်ဒုံးများဖြင့် အဝေးမှပစ်ခတ်၍ မြစ်တစ်ဖက်ကမ်းသို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် ၎င်းတို့ပစ်ခတ်ခဲ့သော လက်လုပ်ဒုံးသီးများသည် ကျေးရွာရှိ လူနေအိမ်များကို ထိမှန်၍ မီးလောင်ကျွမ်းပျက်စီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရာတွင် လူနေအိမ်များအတွင်းမှ ချောင်းမြောင်းပစ်ခတ်ခြင်း၊ မိုင်းဆွဲတိုက်ခိုက်ခြင်း၊ ပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ယူအသုံးချခြင်းနှင့် ဆုတ်ခွာထွက်ပြေးချိန်တွင် ပြည်သူများ၏ နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ပြီး ၎င်းတို့၏လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် သတင်းတု၊ သတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




# ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ညောင်လေးပင်အုပ်စု လက်ပံပင်ပြန့်ကျေးရွာရှိ စာသင်ကျောင်းနှင့် ယာတဲများကို လုံခြုံရေးတပ်ဖွဲ့များက မီးရှို့ခဲ့ကြောင်း မဟုတ်မမှန်သတင်းများကို လုပ်ကြံရေးသားပြီး လူမှုကွန်ရက်စာမျက်နှာများတွင် ဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၃၁

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ညောင်လေးပင်အုပ်စု လက်ပံပင်ပြန့်ကျေးရွာရှိ စာသင်ကျောင်းနှင့် ယာတဲများကို လုံခြုံရေးတပ်ဖွဲ့များက ဒီဇင်ဘာ ၃၀ ရက်တွင် မီးရှို့ခဲ့ကြောင်း လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်သတင်းများ လုပ်ကြံရေးသားနေသည်ကို တွေ့ရသည်။

**မီးရှို့မှုများမရှိ**

အဆိုပါသတင်းနှင့်ပတ်သက်၍ မြေပြင်စစ်ဆေးတွေ့ရှိချက်များနှင့် သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ နတ်တလင်းမြို့နယ် လက်ပံပင်ပြန့်ကျေးရွာအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးမှုများနှင့် ခြိမ်းခြောက်လုယက်၊ ငွေကြေးတောင်းခံမှုများရှိကြောင်း သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အဆောက်အအုံများကို မီးရှို့မှုများမရှိကြောင်း သိရသည်။

အကြမ်းဖက်သမားများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရာတွင် လူနေအိမ်များအတွင်းမှ ချောင်းမြောင်းပစ်ခတ်ခြင်း၊ မိုင်းဆွဲတိုက်ခိုက်ခြင်းတို့ဖြင့် ပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ယူ၍လုပ်ဆောင်ခြင်းနှင့် ဆုတ်ခွာထွက်ပြေးရာတွင်လည်း နေအိမ်များကို မီးရှို့လျက်ရှိပြီး ၎င်းတို့၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် သတင်းတု၊ သတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မချမ်းဘောမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဖြင့် ငါးများစနစ်တကျမွေးမြူထားရှိ

မချမ်းဘော ဒီဇင်ဘာ ၃၁

ကချင်ပြည်နယ် မချမ်းဘောမြို့နယ် နမ်ခမ်ကျေးရွာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေရယူ၍ ကျေးဖူးတော် ငါးမွေးမြူရေးလုပ်ငန်း သမဝါယမအသင်းမှ အသင်းသား ၁၈ ဦးသည် ငါးမွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။ အသင်းမှ မိုးကာကန် ရှစ်ကန်၊ မြေသားကန် ၁၃ ကန် စုစုပေါင်း ၂၁ ကန်တွင် ငါးခူကောင်ရေ ၁၂၉၈၅ ကောင်၊ ရွှေဝါငါးကြင်းကောင်ရေ ၅၀၀၀၊ တီလားပီးယားကောင်ရေ ၁၇၀၀၊ ထိုင်းငါးခုံးမကောင်ရေ ၁၁၀၀၀၊ ငါးကြင်းဖြူကောင်ရေ ၂၇၃၁၅ ကောင်၊ ဒေသငါးကောင်ရေ ၃၅၀၀ စုစုပေါင်း ငါးမျိုးစုံကောင်ရေ ၆၁၅၀၀ အား တစ်ရက်လျှင်သုံးကြိမ် အစာများကျွေးမွေးကာ စနစ်တကျမွေးမြူထားရှိသည်။

**နည်းပညာသင်တန်းများဖွင့်လှစ်**

ထို့ပြင် ငါးမွေးမြူရေးလုပ်ငန်းများ စနစ်တကျမွေးမြူအောင်မြင်စေရန်အတွက် သမဝါယမဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်မည့်သူများအား နည်းပညာသင်တန်းများ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မြေသယ်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၃၁

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၉ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့နယ် အာလမ်ကျေးရွာအုပ်စု အူဗျစ်ကျေးရွာအနီး၌ တရားမဝင်ရွှေတူးဖော်ရာတွင် အသုံးပြုသည့် မြေသယ်ယာဉ် ၁၁ စီး၊ မီးခံသေတ္တာနှစ်လုံးအပါအဝင် ဆက်စပ်ပစ္စည်းငါးမျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၈၀၀၉၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၃၀ ရက်တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၂၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၁၄၀၀)ကိုလည်းကောင်း၊ ဒီဇင်ဘာ ၃၁ ရက်တွင် ပြည်ခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၈၁၅ တန်နှင့် အခြားသစ် သုည ဒသမ ၃၉၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၂၆၂၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၄၀၂၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


ကချင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၂၉ ရက်၊ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၉၂၅၃၀၂၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# မွန်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော(၄၁)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင် အခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း တက်ရောက်

မော်လမြိုင် ဒီဇင်ဘာ ၃၁

ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး တည်တံ့ခိုင်မြဲရေး၊ သာသနာတော်၏ အခြေခံအုတ်မြစ် ဖြစ်တော်မူသည့် ပရိယတ္တိသာသနာတော် တည်တံ့အောင် ရွက်ဆောင်တော်မူကြသည့် ပရိယတ္တိဝန်ဆောင် သာသနဓဇအာဇာနည်အရှင်သူမြတ်များ အစဉ်ပေါ်ထွန်းစေရန်ရည်ရွယ်၍ မွန်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော (၄၁)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင် အခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ ပရိယတ္တိဓမ္မဗိမာန်တော်ကြီး၌ ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်/ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ပရိယတ္တိ ဓမ္မဗိမာန်တော်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဖူးမြော်ကြည်ညို၍ ပန်း၊ ဆီမီးနှင့် ရေချမ်းတို့အား ကပ်လှူပူဇော်ခဲ့သည်။ ထို့နောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ပြီး မော်လမြိုင်မြို့ အောက်ကျင်းရပ်ကွက် သာသနဓမာန်အောင်ဝဲပုံစာသင်တိုက်၏ ဦးစီးပဓာန နာယက ဆရာတော် နိုင်ငံတော် ဗဟိုသံဃဝန်ဆောင် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသ အရှင်သူမြတ် ထံမှ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ် အပေါင်းတို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသော အန္တရာယ်ကင်း ပရိတ်တရားတော်များကို နာယူကြည်ညိုပြီး ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် ပင့်သံဃာဆရာတော်ကြီးများထံ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ၂၀၂၃ ခုနှစ် မော်လမြိုင်စာဖြေဌာနမှ ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုအောင်မြင်တော်မူခဲ့သော စာအောင်သံဃာတော်များနှင့် သီလရှင်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက စာအောင်လက်မှတ်နှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း၍ မော်လမြိုင်မြို့ လှိုင်ရပ်ကွက် အတုလရန်အောင်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောသလ္လ အရှင်သူမြတ်ထံမှ အနုမောဒနာတရား နာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော ပင့်သံဃာဆရာတော်ကြီးများနှင့် စာအောင်သံဃာတော်၊ သီလရှင် ဆရာလေးများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖအလှူရှင်များက ဆွမ်းဆန်စိမ်းများ လောင်းလှူ လှူဒါန်းခဲ့ကြသည်။

၂၀၂၃ ခုနှစ် မော်လမြိုင်စာဖြေဌာနမှ ဓမ္မာစရိယ စာအောင် သံဃာတော် ၅၁ ပါး၊ သီလရှင် နှစ်ပါး စုစုပေါင်း ၅၃ ပါးနှင့် ပထမပြန် စာအောင်သံဃာတော် ၈၁၁ ပါး၊ သီလရှင် ၇၁ ပါး စုစုပေါင်း ၈၈၂ ပါး၊ စာအောင်သံဃာတော်နှင့် သီလရှင် စုစုပေါင်း ၉၃၅ ပါး အောင်မြင်တော်မူခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ၂၀၂၄ ခုနှစ်တွင်ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အကြိုလှုပ်ရှားမှုအဖြစ် ကျင်းပမည့် "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့"အလွတ်တန်းနှင့် ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ စုစုပေါင်း ၁၅ ရက်ကြာ ကောက်ယူမည်ဖြစ်ပါသည်။ ယင်းလုပ်ငန်း၏ အကြိုလှုပ်ရှားမှုအဖြစ် "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" ဆောင်ပုဒ်နှင့်အညီ အလွတ်တန်းနှင့် ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ပြိုင်ပွဲဝင်များ၏ဆောင်းပါးများတွင် အောက်ဖော်ပြပါအဓိကအချက်များ ထည့်သွင်းရေးသားသင့်ပါသည် -

(က) သန်းခေါင်စာရင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် လူတိုင်းပါဝင်ခွင့်ရသည့် တစ်ခုတည်းသော လုပ်ငန်းစဉ်ဖြစ်ကြောင်း ပြည်သူလူထု ဗဟုသုတအဖြစ်သိရှိရန်

(ခ) ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအထိမ်းအမှတ် "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" ဆောင်ပုဒ်နှင့်အညီ ပြည်သူများအနေဖြင့် စာရင်းကောက်များ၏ မေးမြန်းချက်များအပေါ် မှန်မှန်ကန်ကန်ဖြေကြားခြင်းဖြင့် ပြည်သူများ ပူးပေါင်းကူညီပါဝင်ဆောင်ရွက်နိုင်ရန်

(ဂ) လူဦးရေသန်းခေါင်စာရင်းသည် နိုင်ငံတော်၏လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲချမှတ်အကောင်အထည်ဖော်ရာတွင် အခြေခံအသုံးပြုရသည့် စာရင်းအင်းအချက်အလက်များ အနက် အဓိကကျသည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များ ရရှိရန်အတွက် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ပြည်သူလူထု သိရှိနားလည်ရန်

(ဃ) ၂၀၂၄ ခုနှစ်တွင် ကောက်ယူမည့်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းနှင့်ပတ်သက်၍ ပြည်သူလူထု ကျယ်ပြန့်စွာ သိရှိလျက် ယင်းလုပ်ငန်း အောင်မြင်စွာ ပြီးမြောက်ရေးတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရန်

၂။ ပြိုင်ပွဲအတွက် စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) **အလွတ်တန်းအဆင့်ပြိုင်ပွဲ**

- အသက် ၃၀ နှစ်နှင့်အထက် ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်၊
- ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 စာမျက်နှာ အနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိ ဖြစ်ရမည်၊
- ကွန်ပျူတာစာလုံး (Pyidaungsu) စာလုံးအရွယ်အစား ၁၄ (Font Size 14)၊ စာကြောင်းအကွာအဝေး ၁ ဒသမ ၅ (Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် ၁ လက်မ ပတ်လည် (Margins 1" ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရမည်၊
- အခြားမှ ကူးယူထားခြင်းမဟုတ်ဘဲ မိမိကိုယ်တိုင်ဖန်တီး ရေးသားထားသော စာမူရင်းဖြစ်ရမည်၊
- အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ပုံနှိပ်ဖော်ပြထားသော စာမူများမဖြစ်စေရန်၊ ကိုယ်တိုင်ဖန်တီးရေးသားထားသော ကာယကံရှင်လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ကိုယ်ရေးအချက်အလက်အကျဉ်းတို့ကို ဆောင်းပါးနှင့်အတူ ပေးပို့ရမည်။

(ခ) **ဝါသနာရှင်အဆင့်ပြိုင်ပွဲ**

- အသက် ၁၄ နှစ်မှ ၂၉ နှစ်အတွင်း ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်၊
- ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 စာမျက်နှာ အနည်းဆုံး ၅ မျက်နှာမှ အများဆုံး ၁၀ မျက်နှာအထိ ဖြစ်ရမည်၊
- ကွန်ပျူတာစာလုံး (Pyidaungsu) စာလုံးအရွယ်အစား ၁၄ (Font Size 14)၊ စာကြောင်းအကွာအဝေး ၁ ဒသမ ၅ (Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် ၁ လက်မ ပတ်လည် (Margins 1" ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရမည်၊
- အခြားမှ ကူးယူထားခြင်းမဟုတ်ဘဲ မိမိကိုယ်တိုင်ဖန်တီး ရေးသားထားသော စာမူရင်းဖြစ်ရမည်၊
- အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ပုံနှိပ်ဖော်ပြထားသော စာမူများမဖြစ်စေရန်၊ ကိုယ်တိုင်ဖန်တီးရေးသားထားသော ကာယကံရှင် လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ကိုယ်ရေးအချက်အလက်အကျဉ်းတို့ကို ဆောင်းပါးနှင့်အတူ ပေးပို့ရမည်။

၃။ ပြိုင်ပွဲဝင်စာမူများပေးပို့ရာတွင် စာမူ (Hard + Soft Copy)(Word+Pdf) တစ်စုံစီ၊ ပြိုင်ပွဲဝင်အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ကာလာဓာတ်ပုံ နှစ်ပုံ (Passport Size)၊ ဆက်သွယ်ရန်လိပ်စာ၊ အမှန်တကယ်အသုံးပြုသည့် ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ စာတည်းမှူးချုပ်၊ စာပေဗိမာန်ရုံး၊ ၃၇ လမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ ဖုန်း ၀၁-၃၈၇၇၂၄၊ ၀၁-၃၈၁၄၄၉ သို့လည်းကောင်း၊ အီးမေးလ်လိပ်စာ sarpaybeikman.sarpaybeikman@gmail.com သို့လည်းကောင်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ဆက်သွယ်ပေးပို့နိုင်ပြီး အသေးစိတ်ကို စာပေဗိမာန် Website (www.sarpay-beikman-pol.gov.mm) နှင့် Facebook Page များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သတ်မှတ်ရက်ကျော်လွန်ပြီး စည်းကမ်းချက်များနှင့် မပြည့်စုံသောဆောင်းပါးများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ဆုရစာမူများကို တရားဝင်အသုံးပြုခွင့်ပေးရန်နှင့် ဆုရွေးချယ်ခြင်းမခံရသော ဆောင်းပါးများကို ပြန်လည်ပေးပို့မည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။)

၄။ ဆုရရှိသူများစာရင်းကို အစိုးရသတင်းစာများတွင်လည်းကောင်း၊ စာပေဗိမာန်၏ Website နှင့် Facebook Page များတွင်လည်းကောင်း ကြေညာသွားမည်ဖြစ်ပြီး ဆုချီးမြှင့်ခြင်းအခမ်းအနားကို ၂၀၂၄ ခုနှစ် မတ်လနောက်ဆုံးပတ်တွင် ကျင်းပသွားမည်ဖြစ်ပါသည်။

**စာပေဗိမာန်**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၃၁

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မိုး/ဇလ

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၃၁

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ မိုး/ဇလ

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

## Grade 5

Grade 5 ကျောင်းသား ကျောင်းသူများ စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်နိုင်စေရန် နမူနာမေးခွန်းများကို ဖော်ပြလိုက်ပါသည်။

Sample Questions

Section (B) Reading

**I. (A) Look at the picture and write True or False to answer the given words. (5 marks)**


(1) No photographs ______


(2) The winter ___________


(3) library ___________


(4) cleaning the window ______


(5) reading books __________

**(B) Read the following dialogue and fill in the blanks with the suitable words given below. (10 marks)**

| | | | |
|---|---|---|---|
| OK | cough | cough | Yes, I have |
| fever | Thank | go | sore throat |
| take care | Yes, I have | | |

**Ko Ko :** Hello, Thazin. Are you ___ (1)___?
**Thazin:** Hi. Not really. I've got a ___ (2)___.
**Ko Ko:** Have you got a ___ (3)____?
**Thazin:** ____ (4)____.
**Ko Ko:** Have you got a ____ (5)___, too?
**Thazin:** ____ (6)____.
**Ko Ko:** I think you've got a _____(7)____. You should ___ (8)____ home.
**Thazin :** I will.
**Ko Ko:** Please ____ (9)_____.
**Thazin :** ____ (10)___ you.

**(C) Read the passage and answer the questions.(10 marks)**

This is Khin May. She is a nurse. She's tall and thin. She works at the hospital. She looks after sick people. She gets up at six o'clock in the morning. She takes a shower and puts on her clothes. Then she eats breakfast at half past six. At seven o'clock, she drives her car to the hospital.

Khin May starts work at eight o'clock. She cleans the rooms in the hospital. Then, she helps the doctors. At twelve o'clock, she has lunch. She goes home at five o'clock.

At home, she takes a shower and she cooks dinner. She has dinner at half past six in the evening. Then, she watches TV. At ten o'clock, she goes to bed.

**(1) What is Khin May's job?**
**(2) When does Khin May leave for the hospital?**
**(3)What does Khin May do at the hospital?**
**(4)When does Khin May go back home?**
**(5) What does Khin May do when she gets home?**

***************

Answers:
Section (B) Reading
I. (A) (1) False (2) False (3) False (4) False (5) False
(B) (1) OK (2) cough (3) cough (4) Yes, I have (5) sore throat (6) Yes, I have (7) fever (8) go (9) Take care (10) Thank
(C) (1) Khin May is a nurse. (2) Khin May leaves for the hospital at seven o'clock. (3) Khin May cleans the rooms and helps the doctors at the hospital. (4) Khin May goes back home at five o'clock. (5) Khin May takes a shower, cooks dinner, has dinner and watches TV when she gets home.

***************

## Grade 6

### Unit 8
### Lesson 1: How much is it?

**(A) Vocabulary exercises: Complete the sentences with the words given below.**

| | | |
|---|---|---|
| take | want | sell |
| thank | help | looking |

(1)I'm _______for umbrellas.
(2) Do you _______ books? I want to get some.
(3) I _______some pencils.
(4) What can I _______ you?
(5) I'll ______it.
(6) I _______you very much for your kindness.

**Grammar**

**(A) Fill in the blanks with "How much" or "How many" to complete the questions.**

e.g. (How many/ How much) How many cars are there in the garden?
e.g. (How many/ How much) How much water is there in the stream?
1. (How many/ How much) _______students are there in the class?
2. (How many/ How much) _______milk is there in the bottle?
3. (How many/ How much) _______ eggs do you need for the cake?
4. (How many/ How much) _______ orange juice do you drink a day?
5. (How many/ How much) ________ money do you earn a month?
6. (How many/ How much) ________ legs does a cow have?
7. (How many/ How much) ________ cheese do you eat at breakfast?
8. (How many/ How much) ______ chickens does your grandma have?
9. (How many/ How much) ________ apples are there in the basket?
10. (How many/ How much) ________ time do we have for the exam?

**(B) Write the following as shown in example.**

e.g. 4,000 = Four thousand
(a) 25, 000 = ________________
(b) 1,020 = ________________
(c) 10, 500 = ________________
(d) 45, 000 = ________________
(e) 96,000 = ________________
(f) 450 = ________________
(g) 12, 000 = ________________
(h) 9,010 = ________________
(i) 6,700 = ________________
(j) 100, 000 = ________________

**(C)Tick the correct option.**

1.(This / These) are pretty flowers.
2.(That / Those) is my brother.
3.(This / These) is a beautiful day.
4.(Those / That) is my father's car.
5.(These / This) pencils are new.
6.(Those / That) man really loves the comic book store.
7.(These / This) apples are ready to be shipped.
8.(These / That) friend of mine is very reliable.
9.(These / That) fence needs another coat of paint.
10.Did you write (these / this) song?

***************

Ans: Unit 8 Lesson 1: How much is it?
(A) 1. looking; 2. sell; 3. want; 4. help; 5. take; 6. thank;
Grammar (A)1. How many; 2. How much; 3. How many; 4. How much; 5. How much; 6. How many; 7. How much; 8. How many; 9. How many; 10. How much;
(B) 1. twenty-five thousand; 2. one thousand and twenty; 3. ten thousand five hundred; 4. forty-five thousand; 5. ninety-six thousand; 6. four hundred fifty; 7. twelve thousand; 8. nine thousand and ten; 9. six thousand seven hundred; 10. one hundred thousand;
(C) 1. These; 2. That; 3. This; 4. That; 5. These; 6. That; 7. These; 8. That; 9. That; 10. This;

***************

## Grade 7

### Unit 7
### Lesson 4: Do you have a study timetable?

**I. Translate the following words into Myanmar.**

1.Medicine = ___________
2.Nursing = ___________
3.Morals and Civics = ___________
4.Physical Education = ___________
5.Life skills = ___________
6.Science = ___________
7.Art = ___________
8.Geography = ___________
9.Domestic Science = ___________
10.Engineering = ___________

**II. Complete the following sentences with the given words.**

| | | |
|---|---|---|
| science | mathematics | music |
| medicine | physical | education |

1._______provides students with the ability and confidence to be physically active for a lifetime.
2.You should take the _______two times a day.
3.Kind words are the _______of the world.
4.He is bright. He is good at _______.
5.He likes _____ fiction.

**III. Give short answers to the following questions.**

1. What time do you get up?
2. What are your school hours?
3.What are your school subjects?
4. How many periods of History do you have a week?
5. How long is your lunch break?
6.On weekdays, how much time do you spend on your homework and studies?
7. What do you do in your free time?
8.When do you revise your lessons?
9.Do you think your study timetable is good? Why or why not?

**IV. Choose the correct answer.**

1. What do you do ______(in/ on / at) Fridays?
2. They were born ______ (in/ on / at) January.
3. Zaw Zaw _______(in/ on / at) night.
4. They got married _____(in/ on / at) the rainy season.
5. I usually get up ______(in/ on / at) seven.
6. He was happy _____(in/ on / at) his birthday.
7. The movie starts ____ (in/ on / at) ten minutes.
8. It snowed ____(in/ on / at) Sunday morning.
9. He walks the dog ____(in/ on / at) the evening.
10. I'll see you _____ (in/ on / at) Monday.

******************************

Ans:
Lesson 4: Do you have a study timetable?
I. 1. ဆေးပညာ 2. သူနာပြု 3. ကိုယ်ကျင့်တရားနှင့်ပြည်သူ့နီတိ 4. ကာယပညာ 5. ဘဝစွမ်းရည် 6. သိပ္ပံ 7. အနုပညာ 8. ပထဝီဝင် 9. အိမ်တွင်းမှုသိပ္ပံ 10. အင်ဂျင်နီယာလုပ်ငန်း
II. 1. physical education; 2. medicine; 3. music; 4. mathematics; 5. science;
III. 1. I get up at 6 o'clock. 2. My school hours are from 9 a.m. to 4 p.m. 3. My school subjects are Myanmar, English, Maths, Art, ICT, History, Geography, Science, Morals and Civics, Domestic science. 4. I have three periods of History a week. 5. My lunch break is for 15 minutes. 6. I spend three hours on my homework and studies on weekdays. 7. I play with my friends and listen to music in my free time. 8. I revise my lessons in the morning and at night. 9. I think my study timetable is good because all subjects are equally put in it.
IV. 1. on; 2. in; 3. at; 4. in; 5. at; 6. on; 7. in; 8. on; 9. in ; 10. on;

**************

## Grade 8

### Unit 8
### Lesson 1: A weekend at a resort

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. We stayed at a beautiful beach r________ during our vacation.
2. We spent our holidays at Ngapali. It is the most pleasant b_________in Myanmar.
3. The Sahara is the largest d______ in the world.
4. We went hiking in the m______ last week-end.
5. There are excellent f________ for sport and recreation in this resort.

**II. Supply the correct form of the words given in brackets.**

1. (conserve) Water ________ is essential during the summer months.
2. (reckless) He was driving ______________ and lost control.
3. (enjoy) For me, music is a great source of _______.
4. (locate) Please tell me your exact _________.
5. (mountain) The countryside is more _____in the north.

**III. Supply the correct form of the verbs given in brackets.**

1. (locate) The tourist office ________in the city centre.
2. (enjoy) She ____________ listening to music when she is free.
3. (observe) Visitors can ____________ such animals as lions, tigers etc. in their habitats.
4. (avoid) We should ______________ smok-ing and drinking.
5. (stay) We ____________ at the luxury hotel for two days.

**IV. Complete the following sentences with the correct forms of the verbs given below. There are two extras.**

| | | | |
|---|---|---|---|
| relaxation | resorts | environment | |
| holiday | facilities | conservation | sunset |

1. He plays golf for ______________.
2. She is very interested in ______________.
3. Many people are concerned about the pol-lution of the ______________.
4. Sunday is a regular ______________ for us.
5. How many beach ______________ are there in your country?

********************

Ans:
Unit 8
Lesson 1 : A weekend at a resort
I. 1. resort; 2. beach; 3. desert; 4. mountains; 5. facilities;
II. 1. conservation; 2. recklessly; 3. enjoyment; 4. location; 5. mountainous;
III. 1. is located; 2. enjoys; 3. observe; 4. avoid; 5. stayed;
IV. 1. relaxation; 2. conservation; 3. environ-ment; 4. holiday; 5. resorts;

**************

## Grade 9

### Unit 8

### Lesson 1 : What electrical devices would you like to have?

**I. Complete the sentences with the given words.**

| | | |
|---|---|---|
| Washing machine | dishwasher | freezer |
| pressure cooker | blender | water purifier |
| vacuum cleaner | air conditioner | |

1. The ______ is a special pot that cooks food faster with steam and pressure.
2. The ______ keeps our room cool and comfortable on hot days.
3. The ______ helps us clean up dirt and dust from the floor.
4. The ______ is where we keep our ice cream and frozen vegetables very cold.
5. A ______ is a machine that cleans the water to make it safe to drink.
6. The ______ is a kitchen appliance that mixes fruits, yogurt, and ice to make tasty drinks.
7. Mom uses the ______ to clean our clothes.
8. The _______ helps clean our plates, cups, and forks after we eat.

**II. Complete the sentences with the given words.**

| | | |
|---|---|---|
| Water cooler | coffee maker | pressure cooker |
| freezer | Microwave oven | electric kettle |
| refrigerator | toaster | |

1. We use the ______ to make delicious toast for breakfast.
2. We keep our fruits and vegetables fresh in the ______.
3. Mom uses the ______ to quickly boil water for making tea.
4. We use the ______ to quickly heat up leftovers for lunch.
5. We store frozen vegetables in the ______ to keep them fresh.
6. Mom uses the ______ to make yummy soup for us in a shorter time.
7. The ______ at school has cold water to drink when we get thirsty.
8. Dad uses the ______ to brew his favorite coffee before work.

**III. Complete the dialogues with the given words.**

**Dialogue (1)**

| | | | | |
|---|---|---|---|---|
| electrical | kitchen | microwave | toaster | delicious |

**Soe Soe:** Mom, what are these things with buttons in the ___(1)___?

**Mom:** Those are ___(2)___ devices, Soe Soe. They help us in the kitchen.

**Soe Soe:** Can I press the button?

**Mom:** Sure, but only when I'm here. This one is the ___ (3)___, and it heats our food.

**Soe Soe:** Wow! What's that?

**Mom:** That's the ___(4)___. It makes our bread all toasty and yummy.

**Soe Soe:** And this one?

**Mom:** That's the blender. We use it to make ___(5)___ smoothies.

**Soe Soe:** I like these electrical devices, Mom!

**Mom:** I'm glad you do, Soe Soe. Just remember to be safe and ask me before using them.

**Dialogue (2)**

| | | | | |
|---|---|---|---|---|
| tightly | refrigerator | microwave | toaster | prepare |

**Yu Yu:** Mom, what's this big machine in the kitchen?

**Mom:** That's the___(1)___, Yu Yu. It keeps our food cold and fresh.

**Yu Yu:** Can I open it?

**Mom:** Of course, sweetie, but always remember to close the door ___ (2)___ .

**Yu Yu:** Look, Mom! There's a small oven here. What's it for?

**Mom:** That's a ___(3)___, dear. We use it to heat up food quickly.

**Yu Yu:** What's this on the counter?

**Mom:** That's a ___ (4)___ . We use it to make crispy toast for breakfast.

**Yu Yu:** I like our kitchen appliances, Mom!

**Mom:** I'm glad you do, Yu Yu. They help us ___ (5)___delicious meals. Just be careful and ask for help when you need it.

*********************

**Ans:**

**Unit 8**

**Lesson 1: What electrical devices would you like to have?**

I. 1. pressure cooker; 2. air conditioner; 3.vacuumcleaner; 4. freezer; 5. water purifier; 6. blender; 7. washing machine; 8. dish washer;

II. 1. toaster; 2. refrigerator; 3. electric kettle; 4. microwave oven; 5. freezer; 6.pressurecooker; 7. water cooler; 8. coffee maker;

III. Dialogue (1)

1. kitchen 2. electrical 3. microwave
4. toaster 5. delicious

Dialogue (2)

1. refrigerator 2. tightly 3. microwave
4. toaster 5. prepare

*************

## Grade 12

### Unit 7 POLLUTION: A HAZARD TO OUR ENVIRONMENT

(အရင်တစ်ပတ်က ဖော်ပြပါရှိသော မေးခွန်းများ၏အဖြေများ)

I. 1. Pollution; 2. Depletion; 3. Deprivation; 4. Ecosystems; 5. Crepuscular; 6. Hazard; 7. Moths; 8. Devastate; 9. Emotional; 10. Diurnal;

II. (1) C (2) A (3) A (4) B (5) C (6) A (7) B (8) C (9) A (10) B

III.
1. We had dinner which has delicious food at the restaurant last night.
2. Not only did they climb Mount Everest but they also reached the summit.
3. It was the teacher who inspired me to get the first prize in the essay competition.
4. Being captivated by the music, the audience clapped and cheered.
5. No matter how young or old you are, learning a new language can be a fun and rewarding experience.
6. We could not go outside owing to the extreme heat.
7. If I won the lottery, I would buy a house in the city centre.
8. If you finish your chores, you can play with your friends.
9. I'll bring an umbrella in case it rains during our outdoor excursion.
10. should

****************

(ယခင်တစ်ပတ်မှ အဆက်)

**Unit 7 POLLUTION: A HAZARD TO OUR ENVIRONMENT**

**V.(1) Read the passage.**

Our way of life has caused many serious environmental problems such as global warming and climate change. As a result, the world's ecosystems are changing faster than ever before. Take a moment and look at our surroundings – the air we breathe, the water we drink and the land we live Millions of people are now inhaling polluted air, drinking impure water, and consuming contaminated foods. This means that we are experiencing many environmentally hazardous conditions. These issues are a result of pollution, which is now seen as a major hazard to our environment.

**A link between pollution and the greenhouse effect.**

Pollution is directly linked to the greenhouse effect, which is actually responsible for life on Earth. The earth's atmosphere contains some minor gases such as carbon dioxide, methane, nitrous oxide, ozone, fluorinated compounds, and water vapour. These gases are called 'greenhouse gases' because they operate like the glass of a greenhouse. In other words, these gases act as a blanket in trapping some of the sun's heat and preventing it from escaping back into space. In this way, the planet's temperature is kept at a safe level (around 15.5°C). The problem is that the amount of greenhouse gases in the atmosphere is increasing because of human activities. As a result, the greenhouse is becoming stronger, and this in turn is making our planet warmer than usual.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) -------- is one of the serious environmental problems.
(2) People are inhaling -------- all over the world now.
(3) -------- operate like the glass of a greenhouse.
(4) Some of the sun's heat -------- in the blanket of greenhouse gases.
(5) -------- are making the amount of greenhouse gases in the atmosphere increase.

**(B) Answer each question in one sentence. (5 marks)**

(6) What are serious environmental problems mentioned in the passage?
(7) Why are the world's ecosystems changing faster than before?
(8) What is happening to millions of people when they experience many environmental hazardous conditions?
(9) What does the earth's atmosphere contain?
(10) How is our planet's temperature kept at a safe level?

**V.(2) Read the passage.**

(Air pollution can be defined as ----------------------
------------------------------------------------------------
------------------------------------------------------------
------------------------------------------------------------
------------------------------------------------------------
------------------------------------------------------------
--------------- drinking impure water.)

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) The definition of air pollution is the -------- into the air.
(2) The more the global temperature --------, the more the ice at the poles melts.
(3) -------- protects the earth from the harmful ultraviolet rays of the sun.
(4) The addition of undesirable substances in water causes --------.
(5) Some harmful diseases such as dysentery, diarrhoea, and cholera are caused by --------.

**(B) Answer each question in one sentence. (5 marks)**

(6) Why does air pollution occur?
(7) When does acid rain occur?
(8) What are severe health problems caused by air pollutants?
(9) What does polluted water include?
(10) How many children die every day from drinking impure water?

******************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနေသည့် ဒေါ်လာအမှတ်တံဆိပ် စားသုံးကုန်အမျိုးမျိုး ထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်း

**တွေ့ဆုံမေးမြန်း - ချစ်နှင်းသုန်(ပြန်/ဆက်)၊ ဓာတ်ပုံ- သန်းထွန်းအောင်(ပြန်/ဆက်)**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းများထဲမှ အဓိကကျပြီး အချိန်တိုအတွင်း ထိထိရောက်ရောက်အကျိုးဖြစ်ထွန်းနိုင်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ဒေသခံများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးနေသည့် ဒေါ်လာအမှတ်တံဆိပ် နှမ်း၊ မြေပဲယို၊ မရွေး၊ မြွေနဂါးကြံမွှနှင့် ကြံသကာအမျိုးမျိုး ထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းပိုင်ရှင် ဦးအောင်နိုင်ဦးနှင့် တွေ့ဆုံမေးမြန်းထားမှုကို တင်ပြလိုက်ပါသည်-

**မေး။** ။ ဒေါ်လာ စားသုံးကုန်အမျိုးမျိုး ထုတ်လုပ်ရေးလုပ်ငန်းက ဘယ်လိုစားကုန်တွေကို အဓိကဖြန့်ချိထုတ်လုပ်နေပါသလဲ။

**ဖြေ။** ။ ဒေါ်လာစားသုံးကုန် အမျိုးမျိုးထုတ်လုပ်ရေး လုပ်ငန်းက နှမ်း၊ မြေပဲယို၊ မရွှေး၊ မြွေနဂါး ကြံမွှနဲ့ ကြံသကာအမျိုးမျိုးကို ထုတ်လုပ်ဖြန့်ချိပေးလျက်ရှိပါတယ်။

**မေး။** ။ ဒေါ်လာ စားသုံးကုန်အမျိုးမျိုး ထုတ်လုပ်ရေးလုပ်ငန်းကို ဘယ်လိုမျိုးစတင်တည်ထောင်ခဲ့ပါသလဲ။

**ဖြေ။** ။ ကျွန်တော်ကတော့ ၂၀၁၂ ခုနှစ်မှာ ကြံလုပ်ငန်းကို စတင်လုပ်ဆောင်ခဲ့ပြီး ကြံဖိုတွေမှာလည်း ဝင်ရောက်လုပ်ကိုင်ခဲ့ပါတယ်။ ဒီ ဒေါ်လာလုပ်ငန်းစက်ရုံကိုတော့ ၂၀၁၅ ခုနှစ်မှာ ဦးစီးပြီး လူသုံးဦးနဲ့စတင်ကာ ကြံဖိုတစ်ဖို တည်တောင်ခဲ့တယ်။ အဲဒီနောက် တဖြည်းဖြည်းနဲ့ လုပ်ငန်းချဲ့ထွင်လုပ်ကိုင်လာရာမှာ ယခု ကြံဖို ၁၆ ဖိုအထိဖြစ်လာပါပြီ။

**မေး။** ။ အခုလက်ရှိ လုပ်ငန်းလည်ပတ်နေပုံနဲ့ ဝန်ထမ်းဦးရေ ဘယ်လောက်ရှိတယ်ဆိုတာကို သိပါရစေ။

**ဖြေ။** ။ အခုလက်ရှိ ရောင်းအားအကောင်းဆုံးကတော့နှမ်း/မြေပဲကြံသကာ အရောင်းသွက်ပြီး တစ်နေ့ကို ပုံး ၆၀၀ ကျော်လောက် ရောင်းချရပါတယ်။ ကျွန်တော့်လုပ်ငန်းမှာဆိုရင် ဝန်ထမ်းဦးရေ ၁၀၆ ဦး အထိ ရှိပါတယ်။

**မေး။** ။ ဒေါ်လာ စားသုံးကုန်ဖြန့်ချိရေးက နေပြီးတော့ စားသောက်ကုန် ဘယ်နှမျိုးလောက်အထိ ထုတ်လုပ်ရောင်းချနေပါသလဲ၊ ဘယ်ထုတ်ကုန်အမျိုးအစားတွေ ပိုပြီး ရောင်းအားအကောင်းဆုံးလဲ ဆိုတာလေး ရှင်းပြပေးပါ။

**ဖြေ။** ။ ဒေါ်လာလုပ်ငန်းကနေ နှမ်း၊ မြေပဲယို၊ မရွှေး၊ မြွေနဂါး ကြံမွှနဲ့ ကြံသကာအမျိုးမျိုးဆိုပြီး ခြောက်မျိုး ထုတ်လုပ်ဖြန့်ချိရောင်းချပေးလျက်ရှိပါတယ်။ နှမ်း၊ မြေပဲ ကြံသကာက တစ်နေ့ကို ၁၀ ပိဿာက နေ ၁၁ ပိဿာအထိ ရောင်းချရပြီး ပုံးအရေအတွက်ဆိုရင် ပုံး ၆၀၀ ကျော်ကနေ ၇၀၀ အထိ ရောင်းချရပါတယ်။ အခုနှစ်မှာ သကြားကြံသကာကလည်း နှမ်း၊ မြေပဲကြံသကာလို ရောင်းချရပါတယ်။ ဒုတိယရောင်းအားအကောင်းဆုံးကတော့ မရွှေးဖြစ်ပြီး မရွှေးကိုတော့ စက်နဲ့လုပ်ကိုင်ဆောင်ရွက် ရောင်းချပေးပါတယ်။ မြွေနဂါးကြံမွှဆိုရင်လည်း ရောင်းအား အကောင်းဆုံးစာရင်းထဲမှာ ပါပါတယ်။

**မေး။** ။ ဒေါ်လာ စားသုံးကုန်တွေကို သန့်ရှင်းလတ်ဆတ်စွာ စားသောက်နိုင်ဖို့ စီမံဆောင်ရွက်ထားရှိမှုကိုလည်း ရှင်းပြပေးပါ။

**ဖြေ။** ။ ဒေါ်လာ စားသုံးကုန်တွေဟာဆိုရင် စားသုံးသူ မိဘပြည်သူတွေ ကျန်းမာရေးနဲ့ ညီညွတ်စွာ စားသုံးနိုင်ဖို့အတွက် ဓာတုဆိုးဆေးတွေနဲ့ ကြာရှည်ခံဆေးတွေ သုံးစွဲထားတာ မရှိပါဘူး။ ထုတ်ကုန်တွေကိုလည်း ထုပ်ပိုးမှုစနစ် ခိုင်မာစွာထုတ်လုပ်ရောင်းချပေးပါတယ်။ စက်ရုံအတွင်းပိုင်းမှာဆိုရင်လည်း ဆေးလိပ်၊ အရက်သေစာ သောက်သုံးမှု မရှိအောင်၊ ပြင်ပလူ မဝင်ရောက်အောင်နဲ့ ဝင်ပေါက်တိုင်းမှာ လက်ဆေးကန်တွေ ထားရှိပေးပါတယ်။

**မေး။** ။ ဒေါ်လာ စားသုံးကုန်တွေကို မြန်မာနိုင်ငံအတွင်း ဘယ်မြို့ဘယ်ဒေသတွေကို ဖြန့်ချိပေးနေပါသလဲ။

**ဖြေ။** ။ကျွန်တော့် စက်ရုံက ထုတ်ကုန်တွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုအနက် ၁၂ ခုလောက်အထိ ဖြန့်ချိပြီး မြို့ပေါင်း ၃၃ မြို့လောက်အထိ တင်ပို့ရောင်းချပေးနေပါတယ်။ အခုလက်ရှိ ဖြန့်ဖြူးနိုင်ခြင်း မရှိသေးတာဆိုရင် ရခိုင်ပြည်နယ်နဲ့ ကယားပြည်နယ်တို့ပဲရှိမယ်။ ချင်းပြည်နယ် မတူပီနဲ့ မင်းတပ်မြို့နယ်တွေကိုတောင် ပခုက္ကူဘက်ကနေပြီးတော့ ဖြန့်ချိပေးနေပါတယ်။ အဓိကစပို့တာကတော့ ရန်ကုန်၊ ပုသိမ်၊ ဟသ်ာတ၊ မော်လမြိုင်၊ နေပြည်တော်၊ တပ်ကုန်းနဲ့ မန္တလေး တို့ကို ပို့ပါတယ်။

**မေး။** ။ နိုင်ငံတော်က အခုလို MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရာမှာ ဒေါ်လာလုပ်ငန်းအနေနဲ့ သက်ဆိုင်ရာဌာနဆိုင်ရာတွေနဲ့ ပေါင်းစပ်ဆောင်ရွက်နေမှုကိုလည်း သိပါရစေ။

**ဖြေ။** ။ ကျွန်တော်တို့ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းရှင်တွေကို နိုင်ငံတော်က MSME ချေးငွေ ထုတ်ချေးပေးတဲ့အတွက် လုပ်ငန်းသုံးစက်ပစ္စည်းတွေ ဝယ်ယူနိုင်ခဲ့ပြီး လုပ်ငန်းတွေလည်း တိုးချဲ့လုပ်ကိုင်နိုင်ခဲ့ပါတယ်။ ဒေါ်လာစားသုံးကုန်တွေကိုလည်း တိုင်းဒေသကြီးအဆင့် ကုန်စည်ပြပွဲတွေမှာ ဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းပြီး ခင်းကျင်းပြသပေးနိုင်ခဲ့ပါတယ်။

**မေး။** ။ စီးပွားရေး လုပ်ငန်းတွေ စတင် တည်ထောင်မယ့် လူငယ်တွေကို အကြံပြုလမ်းညွှန်ပေးပါဦး။

**ဖြေ။** ။ အဓိက ကတော့ ဆန္ဒပေါ့၊ ဖြစ်ချင်စိတ် ရှိဖို့လိုတယ်။ အခုအလုပ်သမားအဖြစ် လုပ်နေရပေမယ့် တစ်ချိန်မှာ လုပ်ငန်းရှင်သူဌေးဖြစ်ဖို့ဆိုရင် စိတ်ရိုးသားရမယ်၊ ကြိုးစားအားထုတ်ရမယ်၊ လုံ့လ၊ ဝီရိယရှိရပါမယ်။ အဲဒါကြောင့် လူငယ်တွေ ကြိုးစားကြပါ၊ အားစိုက်ကြပါလို့ အကြံပေးပြောကြားတိုက်တွန်းလိုပါတယ်။ ။











ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၂၉-၁၂-၂၀၂၃ ရက်မှအဆက်

တစ်ချိန်က လှကြည်နှင့် ဆယ်ရင်တို့အား အမှတ်မထင် မိမိပြောခဲ့ဖူးသော စကားများသည် ယခုတော့ဖြင့် မှန်နေလေပြီဟု ကိုအေးဆွေက ယူဆယုံကြည်လာတော့သည်။

ထိုကြောင့်လည်း ယခုတော့ဖြင့် ကိုအေးဆွေမှာ သင်ခန်းစာတစ်ရပ်ကို ရလိုက်ပေပြီ။

အထက်တန်းလွှာမှ ခံယူချက်ဖြင့် ဆင်းသက်လာသောသူများသည် မည်သို့ပင် ခံယူချက်ရှိပါသည်၊ ယုံကြည်ချက်ပြင်းပြလှပါသည်၊ ယူဆချက်လည်း ပြတ်သားလှပါသည်ဟု ဆိုနေစေကာမူ မယုံကြည်အပ်။ သူတို့၏ ကိုယ်ရေးကိုယ်တာကိစ္စနှင့် တကယ့်လက်တွေ့ ထိခိုက်လာသောအခါ ၎င်းတို့၏ လူတန်းစားဉာဉ်ကို မဖျောက်ဖျက်နိုင်။ ၎င်းတို့ဘဝကို မစွန့်ပစ်ရဲ။ တော်လှန်နိုင်ရန် ခဲယဉ်းဘိခြင်း။

တစ်ချိန်ကမူ သူ့မိဘနှင့် အသိုင်းအဝိုင်းကိုသာ ကြောက်လန့်ခဲ့၏၊ စိုးရွံ့ခဲ့၏။ သူ့ကိုတော့မူ ယုံကြည်မြတ်နိုးခဲ့၏။ အင်း၊ ယခုတော့ သူလည်း ဘာများထူးခြားလေသနည်း။ သည်ပုတ်ထဲကပဲ၊ သည်ပဲပင်မဟုတ်ပါလော။

တကယ်တော့လည်း ကိုယ်ကချစ်နေရသူဆိုတော့ မိမိကိုယ်ကို လှည့်စားကာ ယုံကြည်စိတ်ချမိသည် မဟုတ်ပါလား။

သည်ကဲ့သို့ အပြန်ပြန်အလှန်လှန် တွေးလာမိသောအခါ ယုံကြည်ချက်ဆိုသည်ကို မေ့ပျောက်ကာ ခံယူချက် သစ္စာတရားဆိုသည်ကိုလည်း ပစ်ပယ်လျက် ၎င်းတို့ လူတန်းစားလွှာဉာဉ်အတိုင်း ဖောက်ဖောက်ပြန်ပြန် လုပ်သွားရက်သော ကျောင်းဆရာမကြီး ခင်သန်းဌေးအား ကိုအေးဆွေသည် မိမိအသည်းနှလုံးဝယ် အပ်ပေါင်းထောင်ကိုးရာဖြင့် အထိုးအပေါက်ခံရသလို တမြည့်မြည့် နာကျင်လာတော့သည်။

ထိုကြောင့်လည်း ကိုအေးဆွေသည် သူနှင့်တွေ့ဆုံရန် မကြိုးစားခဲ့တော့ချေ။ တကယ်လည်း တွေ့ဆုံလိုစိတ် မရှိတော့။ အစကမူ သူနှင့်တွေ့၍ မိမိရင်ထဲတွင် ဘဝင်မကျဖြစ်နေသော ရင်တွင်းပြဿနာများကို တီးခေါက်စမ်းဝါးကြည့်ရန် ရည်ရွယ်ခဲ့သေး၏။ သူနှင့်တွေ့ဆုံရန် အခွင့်သာမည့် အချိန်ကိုသာ စောင့်စားနေခဲ့၏။ သည်ကဲ့သို့ သူ့အား စောင့်မျှော်နေသည်ဆိုခါမှ သူ၏အရိပ်အယောင်ကို မတွေ့ရတော့။ တွေ့ရပြန်တော့လည်း ကျောင်းသွားကျောင်းပြန် ကျောင်းကြို မြင်းလှည်းပေါ်တွင်သာ အခြားအဖော်ဆရာမများနှင့် လှစ်ခနဲ လှစ်ခနဲ ခဏလောက်သာ မြင်ရတော့သည်။ မိမိတို့ဘက်သို့ ပြန်စောင်းပင် မခတ်တော့ချေ။

နောက်ဆုံးတွေ့လိုက်ရသည့် သူတို့၏အခြေအနေကို မြင်လိုက်ရသောအခါမှသာ “ဪ၊ ဒီထိအောင်ပင် ခရီးရောက်နေကြပါပေါ့လားဟု အောက်မေ့ကာ ကိုယ့်စိတ်ကို တုံးတုံးချလိုက်ရတော့သည်။

ထိုတွေ့လိုက်ရသည့် အခြေအနေမြင်ကွင်းကား ဦးဝင်းအောင်ကိုယ်တိုင် သူ၏ကားကလေးဖြင့် ခင်သန်းဌေးကို လာရောက်ကျောင်းကြို ခေါ်ယူသွားခြင်းပင်ဖြစ်သတည်း။

ဟင်း …။

ကိုအေးဆွေသည် သက်ပြင်းကို လေးလေးပင်ပင်ကြီး ရှိုက်ငင်ချလိုက်သည်။

ထိုစဉ်ခိုက်ဝယ် တော်တော်ဝေးမှ ကြည်နူးစရာ တယောသံသည် ပျံ့လွင့်၍လာ၏။ ဆယ်ရင်တို့တဲသို့ ညောင်ဦးမှ အလည်ရောက်နေသော ဆယ်ရင့်ညီ ဝမ်းကွဲဆိုသူ၏ တယောသံဖြစ်ဟန်တူပေသည်။ သူသည် လက်ပံပင်ရွာထဲသို့ အလည်သွားရာမှ ပြန်လာသည်ဟုထင်သည်။

တယောသံသည် တဖြည်းဖြည်းနှင့် ကျယ်၍ကျယ်၍လာ၏။ ကျယ်လာသည်နှင့်အမျှ ပီသ၍လည်းလာ၏။ တယောသံမှာ ကြားရသူ၏စိတ်နှလုံးကို ထိခိုက်လှုပ်ရှားစေသည်။ တဖြည်းဖြည်းနှင့် တယောသံ၏ တီးကွက်ကို ကိုအေးဆွေက ရိပ်စားနားလည်လာသည်။

သီချင်းဆိုသံကို မကြားရစေကာမူ တယောသံဖြင့် အဓိပ္ပာယ်ကို အလိုလိုနားလည်လာသည်။ ချစ်သူနှင့် ကွေကွင်းရခြင်းကြောင့် ခံစားချက်ပြင်းပြစွာဖြင့် အသည်းနှလုံးမှ ငိုကြွေးမြည်တမ်းနေသလို နားတွင် အလိုလိုကြားယောင်လာသည်။

ထိုအခါ ကိုအေးဆွေ၏ရင်သည် အလိုလို နာလာသည်။ နင့်လာသည်။ တလှိုက်လှိုက်နှင့် တုန်လာသည်။ ဆို့နစ်၍ ကြေကွဲဝမ်းနည်းလာသည်။

ဟင်း…။

ကိုအေးဆွေသည် သက်ပြင်းကို ရှိုက်ချလိုက်ပြန်သည်။ ငါ့ကိုများ တမင်လှောင်နေသလား။ ဒါမှမဟုတ် တယောရှင်မှာ ငါ့လို ခံစားနေလေရော့သလား။

ဤတွေးလုံးများက ကိုအေးဆွေ၏ခေါင်းထဲ ပြုံ့ဝင်လာသည်။ တော်ပါသေး၏။ ဆက်၍များ တယောထိုးနေပါလျှင် ချုံးပွဲချ၍ ငိုများငိုမိလေမလားမသိ။

မှန်ပေသည်။ တယောရှင်သည် ဆယ်ရင်တို့တဲသို့ ရောက်သွားပြီထင့်။ ဝမ်းနည်းပက်လက်ဖြင့် ကြေကြေကွဲကွဲမြည်တမ်းနေသော တယောသံသည် ရုတ်တရက် ရပ်ဆိုင်းသွားတော့သည်။

ကြေကွဲစရာ တယောသံက ရပ်နားသွားသော်လည်း ကိုအေးဆွေ၏ရင်တွင်းမှ ကြေကွဲစရာ၊ ရင်နာစရာတို့ကား မရပ်။ ဆို့နင့်၍ နာနေဆဲ။ ကြေကွဲနေဆဲ။

ညဥ့်သည် ပြန်လည်တိတ်ဆိတ်သွားပြန်သည်။

တွေးလွန်းလှ၍လားမသိ၊ ကိုအေးဆွေ၏ ရင်သည် ပူလာ၏ ခေါင်းသည် မူးလာ၏။ ထိုကြောင့် ကိုအေးဆွေသည် ထ၍ ရေသောက်လိုက်၏။ ပြီးလျှင် အိပ်ရာပေါ်သို့ပြန်လှဲကာ အိပ်ပျော်ရန် ကြိုးစားပြန်သည်။ စိတ်ကိုလည်း လျှော့ချလိုက်၏။ သို့တစေလည်း ခေါင်းထဲသို့ ဟိုအတွေး၊ သည်အတွေး စသည့်အတွေးပေါင်းစုံက တစ်ဖန် စုပြုံဝင်လာပြန်၏ ထိုအခါ ကိုအေးဆွေ၏ခေါင်းသည် အတွေးများ ချာချာလည်လာသည်နှင့်အမျှ မူးဝေလာပြန်သည်။ သည်တော့လည်း စိတ်ကို လျှော့ချလိုက်ပြန်၏။ သည်တစ်ခါတော့မူ မျက်တောင်များ စင်းကျလာသည်။

“ကိုအေးဆွေ၊ ကိုအေးဆွေ”

မှေးခနဲ အိပ်မောကျသွားသည်နှင့် တစ်ပြိုင်နက် ခွန်းဆင့်ကာခေါ်လိုက်သံကြောင့် ကိုအေးဆွေသည် လန့်ဖျပ်ကာ ရုတ်တရက် နိုးပြေလာသည်။ ညဥ့်နက်သန်းခေါင် ဘယ်သူများပါလိမ့်။ ယင်းသို့အောက်မေ့ရင်း ကိုအေးဆွေသည် အိပ်ရာမှ လူးလဲထလိုက်သည်။

“ဘယ်သူလဲ”

“ကျုပ်တို့ပါ”

စုပေါင်းထန်းလုပ်ငန်းဝင်းကြီး၏ တံခါးမပေါက်ဝကြီးရှိ ကင်းတဲ၌ အစောင့်ကျနေသော လူစုထဲမှ မောင်ကံလှ၏အသံမှန်း ကိုအေးဆွေက ချက်ချင်း သိလိုက်၏။

“ဘာကိစ္စရှိလို့လဲဟေ့”

ကိုအေးဆွေသည် မီးအိမ်မှမီးစကို မြှင့်တင်ရင်း အိပ်ခန်းတွင်းမှ လှမ်းမေးလိုက်သည်။ သူသည် စုပေါင်းထန်းလုပ်ငန်း အုပ်ချုပ်မှု အမှုဆောင်အဖွဲ့ ရုံးခန်း၏တစ်ဖက်ရှိ သူ့အတွက် သီးခြားပြုလုပ်ထားသော အခန်းတွင် နေထိုင်လျက်ရှိသည်။

“တံခါးလုပ်ပါဦး၊ ကိစ္စရှိလို့ပါ”

အင်း၊ အချိန်မတော် ဘာကိစ္စများ ရှိရပြန်ပါလိမ့်ဟု တွေးတောရင်း ကိုအေးဆွေသည် သူအိပ်သော အခန်းမှ ဧည့်ခန်းကိုဖြတ်ကျော်လာပြီး တံခါးကို ဖွင့်ပေးလိုက်သည်။

“အလို”

စိတ်ထဲမှ ရုတ်တရက် တလိုက်မိ၏။ အဘယ်ကြောင့်ဆိုသော် မမျှော်လင့်ဘဲ လက်နက်ကိုင် ရဲတပ်သားများကို တွေ့လိုက်ရသောကြောင့်တည်း။ ရဲတပ်သားများသည် အဆောက်အအုံ ပတ်ပတ်လည်တွင် ဝိုင်းထားပြီးဖြစ်ကြောင်း အခြေအနေကို အကဲခတ်လိုက်ခြင်းဖြင့် ကိုအေးဆွေက ချက်ချင်းသိလိုက်သည်။ ထိုကြောင့်လည်း ရုတ်တရက် တုန်လှုပ်ချောက်ချားသွားသည်။ ဘာကိစ္စများပါလိမ့်။

“ကိုအေးဆွေဆိုတာ ခင်ဗျားပဲနော်”

မေးလိုက်သူမှာ ခါးတွင် ခြောက်လုံးပြူးထိုးထားသော ဒုလုံခြုံရေးမှူး (ရဲအုပ်) ဝတ်စုံဝတ်ထားသည့် သူဖြစ်သည်။ ၎င်းမှာ မကြာမီကမှ ကျောက်ပန်းတောင်းပြည်သူ့ရဲတပ်ဖွဲ့စခန်းသို့ ပြောင်းရွှေ့လာသော ဒုလုံခြုံရေးမှူးတစ်ယောက်ဖြစ်သည်။ လှကြည်ထံသို့ အလည်သွားရင်း အဝေးမှ နှစ်ကြိမ် သုံးကြိမ် မြင်ဖူး၏။ စကားတော့ မပြောဖူးပေ။

“ဟုတ်ကဲ့၊ ကျွန်တော်ပါပဲ”

“ဒါဖြင့် ခင်ဗျားအခန်းကို ကျွန်တော်တို့ ရှာချင်တယ်။ ရှာခွင့်ပြုပါ”

“ဗျာ၊ ကျွန်တော့်အခန်းကို ရှာချင်တယ်”

ကိုအေးဆွေမှာ ဒုလုံခြုံရေးမှူး၏စကားကို ကြားလိုက်ရလျှင် အလွန်အံ့သြသွား၏။ ထိုကြောင့်လည်း သံယောင်လိုက်၍ ဆိုလိုက်မိခြင်းဖြစ်၏။ ဘာကိုများရှာချင်ပါလိမ့်။ ဤသိချင်စိတ်က ခေါင်းထဲသို့ ဒုန်းစိုင်း၍ ဝင်လာ၏။ ရင်ထဲတွင်လည်း ထိတ်သွား၏။ ရာဇဝတ်မှုမျိုးနှင့်မကင်းသည့် အလုပ်မျိုးကိုလည်း ဘာမျှမလုပ်ပါလား။

“ခင်ဗျားတို့ ဘာကိုရှာမှာလဲ”

ကိုအေးဆွေက မကျေနပ်၍ ထပ်မေးလိုက်၏။

“အမျိုးသမီး တစ်ယောက်ကို ရှာချင်လို့”

“ဗျာ”

မယုံကြည်နိုင်စရာ ကြားလိုက်ရသည့်စကားများကြောင့် ကိုအေးဆွေမှာ ဗျာတစ်လုံးသာ တနိုင်လိုက်တော့သည်။ ရုတ်တရက် ပါးစပ်ကြီးဟသွားကာ ဒုလုံခြုံရေးမှူးကိုသာ ငေးကြောင်ကြောင်ကြီး ကြည့်နေမိတော့သည်။ ဘယ်လိုပါလိမ့်။

“ဘယ်က အမျိုးသမီးပါလဲ၊ ဘယ်သူပါလိမ့်”

သိချင်စိတ်က အလွန်ပြင်းပြလှသဖြင့် ကိုအေးဆွေသည် ထပ်၍မေးမိအောင် မေးလိုက်ပြန်၏။

“ဒါကတော့ဗျာ၊ အမျိုးသမီးတစ်ယောက်ဆိုရင် အဖြေဟာ လုံလောက်နေပါပြီ”

ထိုနောက်တော့ ကိုအေးဆွေသည် ရှာခွင့်ပြုလိုက်ရတော့၏။ ရဲတပ်သားများသည် အဆင်သင့်ခေါ်ဆောင်လာသော လက်ပံပင်ရွာထဲမှ လူကြီးနှစ်ဦးနှင့်အတူ စုပေါင်းထန်းလုပ်ငန်းအဖွဲ့မှ ဦးစံကျော်၊ ဦးထွန်းဖေတို့ပါ သက်သေခေါ်၍ ကိုအေးဆွေ၏ အခန်းအား ရှာဖွေကြသည်။ ထိုနောက် အခြားမသင်္ကာစရာ အဆောက်အအုံနှင့် တဲအိမ်အချို့ကိုပါ ရှာဖွေကြပြန်သည်။

ကိုအေးဆွေမှာမူ ဘာမျှနားမလည်နိုင်တော့ချေ။ ထိုကြောင့်လည်း စဉ်းစား၍မရနိုင်သော အပြုအမူဖြင့်သာ ရဲတပ်သားများ ဟိုအခန်း၊ သည်အခန်း၊ ဟိုတဲ၊ သည်တဲ စသည်တို့၌ ရှာဖွေနေကြသည်ကို စကားတစ်လုံးမျှ မပြောနိုင်ဘဲ ကြည့်နေမိသည်။ အတန်ကြာမှသာ ကိုအေးဆွေသည် ပတ်ဝန်းကျင်ကို သတိပြုမိလာတော့သည်။

ဆက်လက်ဖော်ပြပါမည်။

ဆရာမောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

**“အထက်တန်းလွှာမှ ခံယူချက်ဖြင့် ဆင်းသက်လာသောသူများသည် မည်သို့ပင် ခံယူချက်ရှိပါသည်၊ ယုံကြည်ချက် ပြင်းပြလှပါသည်၊ ယူဆချက်လည်း ပြတ်သားလှပါသည်ဟု ဆိုနေစေကာမူ မယုံကြည်အပ်။ သူတို့၏ ကိုယ်ရေးကိုယ်တာကိစ္စနှင့် တကယ့်လက်တွေ့ ထိခိုက်လာသောအခါ ၎င်းတို့၏ လူတန်းစားဉာဉ်ကို မဖျောက်ဖျက်နိုင်။ ၎င်းတို့ဘဝကို မစွန့်ပစ်ရဲ၊ တော်လှန်နိုင်ရန် ခဲယဉ်းဘိခြင်း။ တစ်ချိန်ကမူ သူ့မိဘနှင့် အသိုင်းအဝိုင်းကိုသာ ကြောက်လန့်ခဲ့၏၊ စိုးရွံ့ခဲ့၏။ သူ့ကိုတော့မူ ယုံကြည် မြတ်နိုးခဲ့၏။ အင်း၊ ယခုတော့ သူလည်း ဘာများထူးခြားလေသနည်း။ သည်ပုတ်ထဲကပဲ၊ သည်ပဲပင် မဟုတ်ပါလော။”**

# ရှက်ဖီးလ်ယူနိုက်တက်အသင်းကို အနိုင်ရပြီး မန်စီးတီးအသင်း ဗယားထိပ်ကို ဦးဆောင်ခွင့်နဲ့ နီးစပ်လာ




လက်ရှိပရီမီယာလိဂ် ချန်ပီယံ မန်စီးတီးအသင်းနဲ့ ရှက်ဖီးလ်ယူနိုက်တက်အသင်းတို့ ဒီဇင်ဘာ ၃၀ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၂၀)မှာ မန်စီးတီးအသင်းက နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဗယားထိပ်ဆုံးကို ဦးဆောင်ခွင့်နဲ့ နီးစပ်လာခဲ့ပြီ ဖြစ်ပါတယ်။

**သွင်းယူပေးခဲ့**

အဲဒီပွဲစဉ်မှာ မန်စီးတီးအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၁၄ မိနစ်မှာ ရိုဒရီက တစ်ဂိုး၊ ဒုတိယပိုင်းပွဲကစားချိန် ၆၁ မိနစ်မှာ အယ်လ်ဗာရက်ဇ်က တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ မန်စီးတီးအသင်းရရှိခဲ့တဲ့ သွင်းဂိုး နှစ်ဂိုးစလုံးကို ဖန်တီးပေးခဲ့သူကတော့ ဖီးလ်ဖိုဒန်ပဲ ဖြစ်ပါတယ်။

ခရစ္စမတ်ကာလမတိုင်မီ ဖီဖာကလပ်အသင်းများ ကမ္ဘာ့ဖလားကို ရယူဆွတ်ခူးနိုင်ခဲ့တဲ့ မန်စီးတီးအသင်းဟာ ၂၀၂၃ ခုနှစ်အတွင်းမှာ ဆုဖလား ငါးလုံးအထိ ရယူဆွတ်ခူးနိုင်ခဲ့တဲ့ အသင်းအဖြစ်လည်း မှတ်တမ်းဝင်ထားတဲ့အသင်း ဖြစ်ပါတယ်။

အဲဒီလို မှတ်တမ်းဝင်ခဲ့တာကြောင့် မန်စီးတီးအသင်းအနေနဲ့ ရှက်ဖီးလ်ယူနိုက်တက်အသင်းနဲ့ မယှဉ်ပြိုင်မီ အိမ်ကွင်းအီတီဟက်ဒ်မှာ တစ်နှစ်အတွင်း ရရှိခဲ့တဲ့ ဆုဖလားငါးလုံးကို ပြသခဲ့တာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ရှက်ဖီးလ်ယူနိုက်တက်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ရမှတ် ၄၀ နဲ့ အမှတ်ပေးဗယားအဆင့်(၁)နေရာက လီဗာပူးအသင်းနဲ့ နှစ်မှတ်အကွာ အဆင့်(၃)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ ရှက်ဖီးလ်ယူနိုက်တက်အသင်းကတော့ လက်ရှိအချိန်မှာ ပရီမီယာလိဂ် ပွဲစဉ်(၂၀)ကစားပြီးချိန်မှာ ရမှတ်ကိုးမှတ်နဲ့ အမှတ်ပေးဗယားအောက်ဆုံးနေရာမှာ ရပ်တည်နေတာလည်း ဖြစ်ပါတယ်။

## စီးရီးအေအမှတ်ပေးဗယားထိပ်ဆုံးက အင်တာမီလန်အသင်းနဲ့ နှစ်မှတ်ကွာအနေအထားကို ရောက်ရှိလာတဲ့ ဂျူဗင်တပ်




ဂျူဗင်တပ်အသင်းဟာ ဒီဇင်ဘာ ၃၀ ရက်ညပိုင်းက ရိုးမားအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ အီတလီစီးရီးအေပွဲစဉ်(၁၈)မှာ ရိုးမားအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဗယားထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ အင်တာမီလန်အသင်းနဲ့ နှစ်မှတ်ကွာအနေအထားကို ရောက်ရှိလာခဲ့ပြီ ဖြစ်ပါတယ်။

ဂျူဗင်တပ်အသင်းနဲ့ ရိုးမားအသင်းတို့ပွဲစဉ်မှာ ဂျူဗင်တပ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲကစားချိန် ၄၇ မိနစ်မှာ ရာဘီယော့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ဂျူဗင်တပ်အသင်းဟာ ရိုးမားအသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ၁၃ ပွဲနိုင်၊ လေးပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၄၃ မှတ်နဲ့ အမှတ်ပေးဗယား ဒုတိယနေရာကို တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ အီတလီစီးရီးအေ အမှတ်ပေးဗယားမှာ အဆင့်(၁)နေရာမှာ အင်တာမီလန်အသင်း၊ အဆင့်(၂)နေရာမှာ ဂျူဗင်တပ်အသင်း၊ အဆင့်(၃)နေရာမှာ အေစီမီလန်အသင်းနဲ့ အဆင့်(၄)နေရာမှာ ဖီအိုရင်တီးနားအသင်းတို့ ရပ်တည်နေတာဖြစ်ပါတယ်။

ဒီဇင်ဘာ ၃၀ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော အီတလီစီးရီးအေ ပွဲစဉ်တွေမှာတော့ အတ္တလန္တာအသင်းက လက်ချီအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ အူဒီးနီးစ်အသင်းက ဘိုလော့နာအသင်းကို သုံးဂိုး-ဂိုးမရှိ၊ အေစီမီလန်အသင်းက ဆာဆူအိုလိုအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဆာလာတီနာတာအသင်းက ဗီရိုနာအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အသီးသီး အနိုင်ရရှိခဲ့ပြီး ကာဂလီယာရီအသင်းနဲ့ အမ်ပိုလီအသင်းတို့ ပွဲစဉ်မှာတော့ ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

## လော့စ်အိန်ဂျလိစ်အသင်းက ဂိုးသမား ဟူဂိုလိုးရစ်အား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူ

မေဂျာလိဂ်ကလပ် လော့စ်အိန်ဂျလိစ်အက်ဖ်စီအသင်းဟာ စပါးအသင်းမှ ဂိုးသမား ဟူဂိုလိုးရစ်ကို အလွတ်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။

အသက် ၃၇ နှစ်အရွယ်ရှိ ဂိုးသမားဟူဂိုလိုးရစ်ဟာ ၂၀၂၄ ခုနှစ်ကုန်ပိုင်းအထိ လော့စ်အိန်ဂျလိစ်အက်ဖ်စီအသင်းနဲ့ စာချုပ်ချုပ်ဆိုခဲ့တာဖြစ်ပြီး လက်ရှိချုပ်ဆိုထားတဲ့စာချုပ်အရ နောက်ထပ်နှစ်နှစ်သက်တမ်းတိုးခွင့်လည်း ရရှိမှာဖြစ်တယ်လို့ သိရပါတယ်။

ဂိုးသမားဟူဂိုလိုးရစ်ဟာ စပါးအသင်းနဲ့အတူ ၁၁ နှစ်ကြာဖြတ်သန်းခဲ့ပြီး ပွဲစဉ်စုစုပေါင်း ၄၄၇ ပွဲအထိ ပါဝင်ကစားပေးခဲ့သူလည်း ဖြစ်ပါတယ်။ ဟူဂိုလိုးရစ်ဟာ ၂၀၁၂ ခုနှစ်မှာ လိုင်ယွန်အသင်းကနေ စပါးအသင်းကို ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ၂၀၁၅ ခုနှစ်မှာ နည်းပြပိုချက်တီနိုက ဟူဂိုလိုးရစ်ကို အသင်းခေါင်းဆောင်အဖြစ် ခန့်အပ်ခဲ့တာဖြစ်ပါတယ်။

ဂိုးသမား ဟူဂိုလိုးရစ်ဟာ ၂၀၁၈ ခုနှစ်က ပြင်သစ်အသင်းနဲ့အတူ ကမ္ဘာ့ဖလား ရယူနိုင်ခဲ့ပြီး နိုင်ငံတကာပွဲစဉ်စုစုပေါင်း ၁၄၅ ပွဲအထိ ပါဝင်ကစား ပေးခဲ့တာကြောင့် ပြင်သစ်နိုင်ငံ လက်ရွေးစင် အသင်းရဲ့ ပွဲစဉ်အများဆုံး ပါဝင်ကစားပေးနိုင်ခဲ့တဲ့ ကစားသမား အဖြစ်လည်း မှတ်တမ်းဝင်ခဲ့သူ ဖြစ်ပါတယ်။




ငွေကြယ် - ရေးသားသည်

## ဘောလုံးလောက သတင်းတိုများ

❖ အာဆင်နယ်အသင်းဟာ ဘိုင်ယန်မြူးနစ်အသင်းမှ အသက် ၂၄ နှစ်အရွယ်ရှိ နယ်သာလန်နောက်တန်းကစားသမား မက်တစ်ဒီလစ်ကို ခေါ်ယူဖို့ စိတ်ဝင်စားလျက်ရှိတယ်လို့ သိရပါတယ်။

❖ မန်စီးတီးအသင်းဟာ အသက် ၂၈ နှစ်အရွယ်ရှိ အင်္ဂလန်ကွင်းလယ်ကစားသမား ကယ်ဗင်ဖီးလစ်ကို နယူးကာဆယ်အသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခွင့်ပြုမှာဖြစ်တယ်လို့ သိရပါတယ်။

❖ ဝက်စ်ဟမ်းအသင်းဟာ ဆော်ဒီအာရေဗျကလပ်အသင်းအများစုက ခေါ်ယူဖို့ စိတ်ဝင်စားလျက်ရှိတဲ့ အသက် ၂၇ နှစ်အရွယ်ရှိ မော်ရိုကိုနောက်တန်းကစားသမား နာယက်ဖ်အက်ဂက်ကို ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်းမှာ ရောင်းချသွားဖို့ စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။

❖ မန်စီးတီးအသင်းဟာ ရစ်ဗားပလိတ်အသင်းမှ အသက် ၁၇ နှစ်အရွယ်ရှိ အာဂျင်တီးနား ကွင်းလယ်ကစားသမား ကလော်ဒီယိုအချီဗာရီအား စာချုပ်ချုပ်ဆိုခေါ်ယူဖို့ နီးစပ်နေပြီဖြစ်တယ်လို့ သိရပါတယ်။

❖ ပီအက်စ်ဂျီအသင်းဟာ ဘရာဇီးကလပ် ကိုရင်သီယန်အသင်းမှ အသက် ၁၈ နှစ်အရွယ်ရှိ ဘရာဇီးလ်ကွင်းလယ်ကစားသမား မိုစကာဒိုအား ပြောင်းရွှေ့ကြေးပေါင် ၁၇ ဒသမ ၃၄ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိထားပြီဖြစ်တယ်လို့ သိရပါတယ်။

❖ အသက် ၃၀ အရွယ်ရှိ ပြင်သစ်နောက်တန်းကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ ရာဖေးလ်ဗာရာနီဟာ လက်ရှိကလပ် မန်ယူအသင်းကနေ ကစားသမားဘဝစတင်ခဲ့တဲ့ လန်းစ်အသင်းသို့ ပြောင်းရွှေ့ကစားဖို့ စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။

# ၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ(ပဉ္စမပတ်) စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃၁

၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ (ပဉ္စမပတ်) စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်တပ်နယ်များ၌ ကျင်းပသည်။




**စုပေါင်းလမ်းလျှောက်**

ထိုသို့ စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပရာတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်း၌လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်ဘောလုံးကွင်း၌လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို မန္တလေးနန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီးအနီးနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်းနှင့် တပ်နယ်စစ်ရေးပြကွင်းများ၌လည်းကောင်း ကျင်းပကြရာ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲ၍ သတ်မှတ်လမ်းကြောင်းများအတိုင်း စုပေါင်းလမ်းလျှောက်ကြပြီး သတ်မှတ်နေရာများတွင် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရုံး/ဌာနများ၏ ဒီဇင်ဘာအားကစားလ(ပဉ္စမပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စခန်းမှူးရုံးစခန်းမှူးနှင့် ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ ပါဝင်ဆင်နွှဲ၍ သတ်မှတ်လမ်းကြောင်းများအတိုင်း စုပေါင်းလမ်းလျှောက်ကြပြီး သတ်မှတ်နေရာ၌ ကိုယ်လက်ကြံ့ခိုင်ရေးများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်


**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အောင်ချမ်းသာတိုးချဲ့ (အေးသာယာ) ရပ်ကွက်၊ ဗဟို(၃၅)လမ်း၊ အမှတ် (K-63)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၄၀ပေx အနံ ၆၀ပေ) (အရှေ့လှည့်) ရှိ ဦးမောင်ညွန့်/ဦးခင်အောင် အမည်ပေါက် စလစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်ထားသော ဦးမြတ်မင်းဟိန်း [၁၂/တမန(နိုင်)၁၀၂၅၂၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးနိုင်ဝင်းထွန်း [၁၂/သလန(နိုင်)၀၉၉၃၁၀] နှင့် ဒေါ်အိသွယ်သွယ်ထွန်း [၁၂/သကတ(နိုင်)၁၇၂၆၃၆] မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ရာ အဆိုပါ မြေကွက်အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါပြီး (၇)ရက်အတွင်း ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက် အရောင်းအဝယ်အား တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**

**ဦးကျော်ဇေယျ (LL.B) (စဉ်–၁၃၁၈၁/၁၇)**
**ဒေါ်သန္တာဆွေ (LL.M) (စဉ်–၁၀၄၀၇/၁၅)**
**ဒေါ်နော်ဆည်းဇာ (LL.B) (စဉ်–၁၂၆၃၇/၁၇)**
**ဒေါ်မြင့်မြင့်သန်း (LL.M) (စဉ်–၁၃၂၄၀/၁၇)**
**ဒေါ်ဝေမာနွယ် (LL.B) (စဉ်–၁၄၇၁၁/၁၈)**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၉)၊ သိပ္ပံလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း–၀၉–၄၂၂၂၈၁၁၁၈၊ ၀၉–၄၃၁၈၈၉၈၈**



**ကြော်ငြာစာ**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်–၅၁၄/၁၊ ဦးပိုင်အမှတ်(၂၈)ခဲစင်းအရှေ့ဘက်ခြမ်း/၅၈x၅၉ကြား၊ ၃၂x၃၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဟောခွေခွါ(ခ) ယောက်ခွေခွါ[၁၃/မဆတ(နိုင်)၀၁၈၁၁၃]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၆၅၈/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဟုန်ဝင်ကျီ(ခ)ဟုံဝင်ကျီ [၁၃/လရန(နိုင်)၀၈၄၂၃၂]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**


**○ မြန်မာကစားသမားမှ**

နောက်ခံလူ ဇော်မင်းထွန်းသည် မလေးရှားကလပ် ပီနန်းအသင်းတွင် တစ်ရာသီကစားပြီးနောက် ထိုင်းလိဂ်–၁ ကလပ် နာခွန်ပသွန်ယူနိုက်တက်အသင်းနှင့် တစ်ရာသီခွဲစာချုပ် ချုပ်ဆိုခဲ့သည်။ ဇော်မင်းထွန်းသည် ထိုင်းလိဂ်တွင် ကာလရှည်ကျင်လည်ပြီးနောက် ၂၀၂၃ ခုနှစ်တွင် မလေးရှားသို့သွားရောက်ကစားကာ ယခုပြန်လည် ရောက်ရှိလာခြင်းဖြစ်သည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – နာခွန်ရတ်ချာစီမာ**

# ရွှေတိဂုံဘုရားလမ်း အဆင့်မြှင့်တင်ခြင်းနှင့် နှစ်သစ်ကူးအကြိုပြင်ဆင်ဆောင်ရွက်နေမှုများ ကြည့်ရှု

ရန်ကုန် ဒီဇင်ဘာ ၃၁




ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ ညပိုင်းက ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း (ဦးထောင်ဘိုလမ်းမှ ကမ်းနားလမ်းအထိ) ကတ္တရာကွန်ကရစ်(AC)ထပ်ပိုးလွှာခင်းကျင်းနေမှု၊ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း ၂၀၂၄ ခုနှစ် နှစ်သစ်ကူးအကြိုပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပန်းခြံအတွင်း ရောင်စုံမီးများ ထွန်းညှိထားရှိမှု၊ ဖျော်ဖြေရေးမဏ္ဍပ်များ တည်ဆောက်ထားရှိမှု၊ ဈေးဆိုင်ခန်းများထားရှိမှု၊ ပြင်ဆင်နေဆဲကာလအတွင်း ပြည်သူများ လာရောက် အပန်းဖြေနေမှု၊ အင်းလျားကန်ပေါင် ပန်းခြံအတွင်း စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုနှင့် ရောင်စုံမီးများထွန်းညှိထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**✻ ကျောဖုံးမှ**

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံတိုင်းရင်းသား ၁၁၁ ဦးတို့ကို အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ပန်းနာရင်ကျပ်ရောဂါ၊ မျက်စိရောဂါ၊ အတက်ရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မဟာအောင်မြေမြို့နယ်ရှိ သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲကျင်းပ

မဟာအောင်မြေ ဒီဇင်ဘာ ၃၁

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံပွဲကို ယမန်နေ့က မဟာအောင်မြေမြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲတွင် တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးက သမဝါယမမှ လုပ်ဆောင်နေသော လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လိုအပ်သည်များကို လမ်းညွှန်ခဲ့ကြောင်းနှင့် တွေ့ဆုံပွဲသို့ သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ၊ သမဝါယမအသင်းစုအမှုဆောင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# လဟယ်မြို့နယ် ယွန်တိုင်းကျေးရွာ၌ VDP စီမံကိန်းဖြင့် ဆိုင်ကယ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

လဟယ် ဒီဇင်ဘာ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် လုံခင်ကျေးရွာအုပ်စု ယွန်တိုင်းကျေးရွာ၌ ဆိုင်ကယ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ လဟယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စိုး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ ယွန်တိုင်းကျေးရွာတွင်အရှည် ခြောက်မိုင်၊ အကျယ်ခြောက်ပေရှိ ဆိုင်ကယ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းအား ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ဆိုင်ကယ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာရှိ အိမ်ခြေ ၁၁၂ အိမ်၊ လူဦးရေ ၈၆၆ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

၂၂၂

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀/က+ခ၊ မြေကွက်အမှတ်-၂၆၅၊ အကျယ်အဝန်း(၂၅ပေ x ၅၀ပေ)ရှိ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အမှတ်-၄၈၊ မာလာမြိုင်(၆)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်ဟုခေါ်တွင်သည့် (၂)ခန်းတွဲ (၆) ထပ်တိုက် အဆောက်အဦရှိ အကျယ်အဝန်း ၁၂½ပေ x ၅၀ပေရှိ ဒုတိယထပ်(ခြေရင်းခန်း)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား (၇-၁၀-၂၀၁၆)ရက်စွဲပါ စာချုပ်ဖြင့် ဒေါ်ခင်ဝင်း [၁၂/အစန(နိုင်)၁၇၃၈၇၂]နှင့် ဒေါ်တင်တင်သော်[၁၂/အစန(နိုင်)၀၀၀၈၈၈]တို့မှ ဝယ်ယူထားသော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား မိခင်ဖြစ်သူ ဒေါ်ခင်ဝင်းမှ ၎င်းကိုယ်တိုင်နှင့် သမီးဖြစ်သူ ဒေါ်တင်တင်သော်ကိုယ်စား တာဝန်ယူလက်မှတ်ရေးထိုးရောင်းချမည်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၆)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်-၅၁၃/၂၊ ဦးပိုင်အမှတ်(၅၀)ခဲစင်း/၃၅x၃၄ကြား၊ ၅၇x၅၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်သိန်း[၉/ပသက(နိုင်)၀၀၈၇၀၀]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၁၃/၂၀၁၅)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မာမာစိုး[၉/မရမ(နိုင်)၀၁၀၀၇၃]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဇနီးအဖြစ်မှစွန့်လွှတ်ခြင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၆)ရပ်ကွက်၊ မဟော်သဓာလမ်း၊ အမှတ်(၂၄၅/ခ)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးသက်ထွန်းဦး [၁၂/ဥကမ(နိုင်)၂၈၂၅၉၈]၏ ဇနီးဖြစ်သူ ဒေါ်ယုမိစံ (ခ)ပေါက်ပေါက်(ဘ)ဦးဝင်းတင်[၈/သရန(နိုင်)၀၉၂၇၀၄]ကိုင်ဆောင်သူသည် (၃၀-၁၂-၂၀၂၃)ရက်နေ့တွင် မိမိသဘောဆန္ဒအရ နေအိမ်ပေါ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ ၎င်းနှင့်ပတ်သက်သည့် ငွေကြေးအရှုပ်အရှင်းနှင့် မည်သည့်ကိစ္စရပ်မဆို ကျွန်ုပ်၏မိတ်ဆွေနှင့် မသက်ဆိုင်တော့ပါကြောင်းနှင့် ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးအောင်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၃၆)**
**အမှတ်(၄၁၉)၊ ရန်ကုန်လမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊**
**မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၈၂၀၅၅၆၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ၉၉-၂၀၊ ဦးပိုင်အမှတ်(၅၅)/၅၁x၅၂ကြား၊ ၁၀၈x၁၀၉လမ်းကြားရှိ တပ်သားတင်ယု အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်လဲ့လဲ့မြင့်က တရားပြိုင် တပ်သားတင်ယုအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်တရားမကြီးမှုအမှတ်(၁၄၇/၂၀၂၃)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်လဲ့လဲ့မြင့်[၁၃/မဆတ(နိုင်)၀၁၈၁၈၅] က တောဂရန်တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉-ဘီ)၊ နတ်မောက်လမ်း၊ မြေကွက်အမှတ်(၃၄၇)၊ ဧရိယာ(၀. ၀၅၅)ဧက၊ မြေအကျယ်(၄၀ပေx၆၀ပေ)ရှိသည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အပြီးအပိုင်ဝယ်ယူမည်ဖြစ်၍ သက်ဆိုင်အကျိုးခံစားခွင့်ရှိပါက ခိုင်လုံသောအထောက်အထားမူရင်းဖြင့် "ကန့်ကွက်နိုင်ပါကြောင်း"

အထက်ဖော်ပြပါမြေကွက်နှင့် အိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဂယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ လက်ရှိထားပိုင်ဆိုင်သူဖြစ်ကြောင်း၊ မိမိတစ်ဦးတည်းသာ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ အခြားနည်းတစ်ရပ်ရပ်ဖြင့် ကြိုတင်လွှဲပြောင်း ရောင်းချထားခြင်းတို့မရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သည့် ဦးမင်းယုစံ [၅/ဒပယ(နိုင်)၀၇၇၅၂၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ လာရောက် တွေ့ဆုံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်တွေ့ဆုံ ကန့်ကွက်မှုမရှိပါက လွှဲပြောင်းဝယ်ယူသည့်ကိစ္စကို နှစ်ဖက်သဘောတူညီချက်များအတိုင်း ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်ထားဆွိ LLB,D.I.L, Dip in Eng**
**အထက်တန်းရှေ့နေ (စဉ်-၄၂၈၉၉)**
**Ph:09-972734996, 09-791454531**

## ဦးလှသန်း၊ အငြိမ်းစားပါမောက္ခချုပ်(ရန်ကုန်စက်မှုတက္ကသိုလ်) [၁၂/ကတတ(နိုင်)၀၁၁၂၁၀]ပိုင်ဆိုင်သောအောက်ပါစာရွက်စာတမ်းများ ၃၀-၁၂ -၂၀၂၃ ရက် ညပိုင်းတွင် ပျောက်ဆုံးသွားပါကြောင်း

(၁) အမှတ် ၂၆၂ အညာစုလမ်း၊ ၉ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
(၂) အမှတ် ၃/၉၆ အမှတ် ၈/၉ ရပ်ကွက်၊ ကံ့ကော်မြိုင်လမ်း၊ ဦးပိုင်အမှတ် ၄၁၊ ရန်ကင်းမြို့နယ်။
(၃) အမှတ် ၇၊ ကျိုက်ခေါက်ဘုရားလမ်း၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ သန်လျင်မြို့။
(၄) အမှတ် ၁၉ ၊ မြို့ပတ်လမ်း၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ကျေးရွာရပ်ကွက်။
(၅) အခန်းအမှတ် 3D1, 3D2, 3B2၊ ၃ လွှာ အမှတ်၃၉/၄၁ စန္ဒာမြိုင်စင်တာ၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
(၆) အမှတ် ၂၀၄၊ ၃၃လမ်း၊ ပထမထပ်ဘယ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
(၇) အမှတ် ၂၀၄၊ ၃၃လမ်း၊ ပထမထပ်ဘယ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
(၈) ပြင်ဦးလွင်မြို့ ညောင်နီရွာ။
(၉) ဦးလှသန်း[၁၂/ကတတ(နိုင်)၀၁၁၂၁၀]ကိုင်ဆောင်သော နိုင်ငံသား စိစစ်ရေးလက်မှတ်။

**ဦးလှသန်းနှင့် မိသားစုဝင်များ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ Yankin Plan Village အိမ်ရာ တိုက်(၃၀)၊ အခန်း(၀၂) မြေညီထပ်၏ အမည်ပေါက် ဦးသိန်းထွန်း [၁၂/ရကန(နိုင်)၀၆၈၅၅၃]နှင့် ဒေါ်စန်းရင် [၁၂/ရကန(နိုင်)၀၄၈၉၁၀] တို့ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးမြတ်ဆွေ [၉/မမန(နိုင်)၀၀၀၅၀၃]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၈/ပဲမှီကုန်း၊ မြေကွက်အမှတ်-၈၈(ဋ)၊ ဧရိယာ အကျယ်အဝန်း (၀.၁၉၄)ဧက၊ အောင်သစ္စာလမ်းသွယ်(၂)၊ ထန်းပင်ကုန်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်ဟုခေါ်တွင်သော မြေအမျိုးအစား-(B) မြေပိုင်မြေ-၃(က)ရရှိပြီး၊ ဒေါ်သီတာဟန် (ခ) ဝမ်ဒီအမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်နှင့် ပတ်သက်သော အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သီတာဟန်(ခ)ဝမ်ဒီ [၁၂/မရက(နိုင်)၁၀၁၆၄၁]ထံမှ ဒေါ်နန်းသန္တာအောင် [၁၂/လမန (နိုင်)၁၁၇၃၇၂] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းစန်းအေး LL.B, D.B.L, D.IBL, 101.WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၂၆၂)**
**အမှတ်(၁၀)၊ ဘောဂသိဒ္ဓိလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၀၆၀၁၁၊ ၀၉-၂၅၄၅၁၂၀၁၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၈/ပဲမှီကုန်း၊ မြေကွက်အမှတ်-၈၈(ည)၊ ဧရိယာ အကျယ်အဝန်း (၀.၁၃၃)ဧက၊ အောင်သစ္စာလမ်းသွယ်(၂)၊ ထန်းပင်ကုန်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်ဟုခေါ်တွင်သော မြေအမျိုးအစား-(B) မြေပိုင်မြေ-၃(က)ရရှိပြီး၊ ဒေါ်သီတာဟန် (ခ) ဝမ်ဒီအမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်နှင့် ပတ်သက်သော အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သီတာဟန်(ခ)ဝမ်ဒီ [၁၂/မရက(နိုင်)၁၀၁၆၄၁]ထံမှ ဒေါ်နန်းသန္တာအောင် [၁၂/လမန(နိုင်)၁၁၇၃၇၂] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ် ကိစ္စကို ပြီးပြတ်သည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းစန်းအေး LL.B, D.B.L, D.IBL, 101.WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၂၆၂)**
**အမှတ်(၁၀)၊ ဘောဂသိဒ္ဓိလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၀၆၀၁၁၊ ၀၉-၂၅၄၅၁၂၀၁၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၈/ပဲမှီကုန်း၊ မြေကွက်အမှတ်-၈၄/ခ -၈၊ ဧရိယာ အကျယ်အဝန်း (၀. ၃၆၂)ဧက၊ မြေကွက်တည်နေရာအမှတ် (၂၁၈)၊ အောင်သစ္စာ လမ်းသွယ်(၂)၊ ထန်းပင်ကုန်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် ဟုခေါ်တွင်သော မြေအမျိုးအစား - B၊ မြေပိုင်မြေ - ၃(ခ)ရရှိပြီး၊ ဒေါ်ခင်စန်း အမည်ပေါက်၊ မြေကွက်၏ တစ်စိတ်တစ်ဒေသဖြစ်သော (၁၆၃ ပေ/၉၂ ပေx ၁၂၀ ပေ/၄၀ ပေ) ရှိသည့်မြေကွက်နှင့် ယင်းမြေကွက်နှင့် ပတ်သက်သော အကျိုးခံစားခွင့် အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သီတာဟန်(ခ)ဝမ်ဒီ [၁၂/မရက(နိုင်)၁၀၁၆၄၁] ထံမှ ဒေါ်နန်းသန္တာအောင် [၁၂/လမန (နိုင်)၁၁၇၃၇၂] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းစန်းအေး LL.B, D.B.L, D.IBL, 101.WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၂၆၂)**
**အမှတ်(၁၀)၊ ဘောဂသိဒ္ဓိလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၀၆၀၁၁၊ ၀၉-၂၅၄၅၁၂၀၁၀**

## (၂၅-၁၂-၂၀၂၃)ရက်နေ့ ကြေးမုံသတင်းစာပါ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ပင်ရွှေညောင်လမ်း၊ အမှတ်-၉၁ နေ ဒေါ်မူမူမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ဇာခြည်ဝင်း(တရားလွှတ်တော်ရှေ့နေ)၏ "ဦးနေဦးနှင့် အများသိစေရန်ကြေညာခြင်း" အပေါ် ပြန်လည်တုံ့ပြန်သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၇)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၈၃)နေ ဦးနေဦး [၁၀/မလမ(နိုင်)၁၅၇၉၄၆] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း တုံ့ပြန်သတိပေးကြေညာအပ်ပါသည်-

အဆင့်ဆင့်သော တရားရုံးတော်၏အမိန့် မပြီးပြတ်မီအတွင်း ကျွန်ုပ်တို့၏အမှုသည် ဦးနေဦးနှင့်ဒေါ်မူမူမြင့်တို့မှာ တရားဝင်လင်မယားအဖြစ် ဆက်လက်တည်ရှိနေမည်သာဖြစ်ပါသည်။

ရှေ့နေရှေ့ရပ်တို့၏ အကြောင်းကြားစာပေးပို့ခြင်းဖြင့် ဆောင်ရွက်ရမည့်အစား လူကြီးမင်းတို့က နိုင်ငံပိုင်သတင်းစာမှတစ်ဆင့် ကြေညာခြင်းသည် အမှုစစ်ဆေးဆဲ တရားရုံးတော်မှ ဆောင်ရွက်ချက်များအပေါ် စကားဦးသန်းရာ ရောက်နေကြောင်း မြင်သာနေပါသည်။

၁။ ဒေါ်မူမူမြင့်သည် ဦးနေဦးနှင့်ချစ်ခင်စုံမက်ကာ အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် လိုက်ပြေးခဲ့ပြီး ရွှေ၊ ငွေအစရှိသည့် ပစ္စည်းတစ်စုံတစ်ရာ ပါရှိလာခြင်းမရှိပါ။ ဦးနေဦးမှ မဟာရံရွှေအဖြစ် ရွှေ(၅)ကျပ်သားကို လက်ငင်းပေးဆောင်ပြီး မင်္ဂလာအခမ်းအနား ကုန်ကျစရိတ်အဝဝတို့အား အကုန်အကျခံကာ အစ္စလာမ့်တရားတော်နှင့်အညီ ထိမ်းမြားလက်ထပ်ခဲ့ခြင်းဖြစ်ပါသည်။

၂။ (၂၅-၁၂-၂၀၂၃) ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် လူကြီးမင်းတို့ကြေညာထားသော လင်မယားနှစ်ဦးပိုင် ပစ္စည်းရပ်များမှာ မှန်ကန်မှုမရှိပါ။ နှစ်ဦးပိုင်ပစ္စည်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မဟာရွှေ (၅)ကျပ်သားအပါအဝင် ရွှေ (၁၀) ကျပ်သား (ဒေါ်မူမူမြင့်လက်ဝယ်တွင် ရှိပါသည်။)
(ခ) စိန်ဘယက်အပါအဝင် စိန်တစ်ဆင်စာ (၃)စုံ (ဒေါ်မူမူမြင့်လက်ဝယ်တွင် ရှိပါသည်။)
(ဂ) ပုလဲတစ်ဆင်စာ (ဒေါ်မူမူမြင့်လက်ဝယ်တွင် ရှိပါသည်။)
(ဃ) ရွှေရင်ထိုး(၁)ခု၊ ရွှေလက်စွပ်(၇)ကွင်း စိန်နားကပ်(၃)ရံ၊ စိန်လက်ကောက်(၁)ကွင်း၊ စိန်လော်ကက် အကြီး(၁)ခုနှင့် အသေး(၃)ခု (ဒေါ်မူမူမြင့်လက်ဝယ်တွင် ရှိပါသည်။)
(င) ရွှေလက်ကောက် (၅) ကျပ်သား (ဒေါ်မူမူမြင့်လက်ဝယ်တွင် ရှိပါသည်။)
(စ) ပလက်တီနန် လက်ကောက်အကြီး (၁)ကွင်း၊ ပလက်တီနန် ကြိုး(၅)ကုံးနှင့် ပလက်တီနန် လက်စွပ် (၁၀)ကွင်း (ဒေါ်မူမူမြင့်လက်ဝယ်တွင် ရှိပါသည်။)
(ဆ) ရွှေနှင့်ကျောက်ရောင်စုံတို့ဖြင့်ပြုလုပ်ထားသည့် ဆွဲကြိုး၊ လက်ကောက်၊ လော်ကက်၊ နားကပ်၊ လက်စွပ် တစ်ဆင်စာ (ဒေါ်မူမူမြင့်လက်ဝယ်တွင် ရှိပါသည်။)
(ဇ) အမေရိကန်ဒေါ်လာ(၃၅၀၀၀)နှင့် စင်ကာပူဒေါ်လာ(၁၂၅၀၀)(ဒေါ်မူမူမြင့်လက်ဝယ်တွင် ရှိပါသည်။)
(ဈ) သံထည်ပစ္စည်းဆိုင်လုပ်ငန်း ရင်းနှီးမြှုပ်နှံမှု ငွေကျပ် သိန်း(၂၈၀၀)၏ လစဉ်အမြတ်အစွန်း ငွေကျပ်သိန်း(၆၀)ခန့်အား ဒေါ်မူမူမြင့်မှ ခံစားသုံးစွဲလျက်ရှိပါသည်။
(ည) ဆိုင်ခန်း(၅)ခန်း၏ လစဉ်ငှားရမ်းခငွေ (၁၅)သိန်းအား ဒေါ်မူမူမြင့်မှ ခံစားသုံးစွဲလျက်ရှိပါသည်။
(ဋ) မော်တော်ယာဉ်အမှတ်- 3F/2421 နှင့် 8H/4484 (ဒေါ်မူမူမြင့်လက်ဝယ်တွင်ရှိပါသည်။)
(ဌ) မော်တော်ယာဉ်အမှတ် - 9G/5112 နှင့် 1H/3047( ဦးနေဦးလက်ဝယ်တွင်ရှိပါသည်။) နှင့် ဒေါ်မူမူမြင့်မှ (၂၅-၁၂-၂၀၂၃)ရက်နေ့ ကြေးမုံသတင်းစာပါ ပစ္စည်းရပ်များစာရင်းရှိ အမှတ်စဉ်(၂)မှ (၈)ထိ ပစ္စည်းရပ်များမှာ လင်မယားနှစ်ဦးပိုင်ပစ္စည်းများဖြစ်သော်လည်း အမှတ်စဉ်(၇)(၈)တို့အား ဦးနေဦးမှ ထုတ်ယူသွားသည်ဆိုသည့် ဖော်ပြချက်များမှာ မှန်ကန်မှုမရှိပါ။

တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်း၊ အမှတ်(၉၁) တိုက်အမှတ်(၁)(၂)ရှိ နေအိမ်ခန်းနှင့် ဆိုင်ခန်း(၅)ခန်းအား ပြုပြင်တည်ဆောက်ကုန်ကျငွေကျပ် သိန်း(၁၀၀၀) ခန့်အား ဦးနေဦးမှ စိုက်ထုတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

၃။ ဆိုင်၏ရင်းနှီးမြှုပ်နှံမှု ကနဦးအစတွင် ဒေါ်မူမူမြင့်၏ မိဘနှင့်အစ်ကိုများထံမှ ခေါက်ပြန်ပေးစနစ်ဖြင့် ဝယ်ယူရောင်းချခဲ့ခြင်းဖြစ်ပြီး ပြည်တွင်းပြည်ပခရီးစဉ်များကိုလည်း ဦးနေဦး ဦးဆောင်ရှာဖွေစုဆောင်းထားသည့် ငွေကြေးများဖြင့်သာ သွားရောက်ခဲ့ခြင်းဖြစ်ပါသည်။

လင်မယားချင်း အခန့်မသင့်ဖြစ်ရာမှ ဦးနေဦးမှာ မိဘများနေအိမ်သို့ ခေတ္တသွားရောက်နေထိုင်နေခြင်းသာဖြစ်ပြီး ဦးနေဦး အမည်ပေါက် မော်တော်ယာဉ်အမှတ်- 9G/5112 ကားတစ်စီးသာ ပါရှိခဲ့ပါသည်။ မော်တော်ယာဉ်အမှတ်-1H/3047 အား တာမွေရဲစခန်းမှ ဦးနေဦးအား ခေါ်ယူပေးအပ်သဖြင့် ဦးနေဦး၏ လက်ဝယ်တွင်ရောက်ရှိနေခြင်း ဖြစ်ပါသည်။

၄။ အမှုမပြီးမပြတ်မီအတွင်း လင်မယားနှစ်ဦးပိုင် အထက်ဖော်ပြပါ ပစ္စည်းအရပ်ရပ်တို့အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ကျွန်ုပ်တို့၏အမှုသည် ဦးနေဦးအား တစ်နည်းနည်းဖြင့် နစ်နာဆုံးရှုံးမှုများ မပြုလုပ်ရန် တရားစီရင်ရေးအခွင့်အာဏာကို မထိခိုက်စေဘဲ (Without Prejudiction) သတိပေး တားမြစ်လိုက်သည်။

ကျွန်ုပ်တို့၏အမှုသည် ဦးနေဦး၏အိုးအိမ်စည်းစိမ်ဥစ္စာများကို ကျွန်ုပ်တို့ရှေ့နေရှေ့ရပ်များက ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက် ရပ်တည်ပေးသွားမည်ဖြစ်သလို တရားရုံးတော်၏အမိန့်အရ မပြတ်မစဲရသေးသည့် ဇနီးသည်ဖြစ်သူ ဒေါ်မူမူမြင့်အား ဥပဒေနှင့်မညီသော လုပ်ရပ်များ ဆောင်ရွက်စေရန် ခွင့်ပြုခြင်း၊ သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း၊ အားပေးတိုက်တွန်းသူ မည်သူကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်မူမူမြင့်နှင့်အများသိစေရန် တုံ့ပြန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခင်ဇော်** | **ဒေါ်အိအိဖြူ** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၃၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၈၀)** |
| **B.Sc.,P.G.D.L.,H.G.P** | **LL.B.,D.L.P** |
| **W.I.P.O(Switzerland)** | **W.I.P.O(Switzerland)** |

**အမှတ်(၃)၊ (အခန်း- စီ/၆)၊ သော်ကလမ်း၊ (င/ခ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph-09-426171914, 09-787192231**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ်(၈၃)၊ တတိယထပ်(၃လွှာ)၊ (ခေါင်းရင်းခန်း)၊(၁၂ ½ ပေx ၅၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုသူ မြေရှင် ဒေါ်မြင့်မြင့်ကြိုင် [၁၄/ဒဒရ(နိုင်)၀၅၀၇၄၉] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်း အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းမော်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြည်ကြည်လှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၂၂၀၁)**
**အမှတ်(၂၃၁)၊ ငုဝါလမ်း၊ စောရန်ပိုင်မြောက်ရပ်ကွက်၊ အလုံမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၃၅၆၆၃၁၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် - A-၄၊ ဦးပိုင်အမှတ်၊ (၁-ဟ)၊ ၃၀လမ်း၊ ၅၂x၅၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဝင်း[၉/ပသက(နိုင်)၀၆၁၈၇၂] က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်း ပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၂/မြောက်)ရပ်ကွက်၊ အနော်မာ(၁၈)လမ်းအနောက်၊ အမှတ်(၂၇)နေ ဦးနိုင်ကိုကို [၁၂/သကတ(နိုင်) ၁၆၀၆၆၂] ၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးနိုင်ကိုကိုနှင့် ဒေါ်ဆုသက်ဖြူ [၁၂/သကတ(နိုင်) ၁၇၉၄၂၃] တို့သည် (၁၉-၂-၂၀၁၂) ရက်နေ့မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာ သားမောင်ခန့်ဘုန်းနိုင်နှင့် သမီး မခြူးရွှေလှာတို့ သားသမီး (၂)ဦး မွေးဖွားထွန်းကားခဲ့ပြီး၊ ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိပါသဖြင့် (၂၉-၁၂-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ရုံး၌ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ် ချုပ်ဆို၍ တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးနိုင်ကိုကိုနှင့် ဒေါ်ဆုသက်ဖြူတို့သည် တစ်ဦးနှင့်တစ်ဦး ငွေကြေးကိစ္စတစ်စုံတစ်ရာ၊ လူမှုရေးကိစ္စတစ်စုံတစ်ရာမည်သို့မျှ ပတ်သက်ဆက်နွှယ်ခြင်း လုံးဝမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနိုင်ကိုကို [၁၂/သကတ(နိုင်)၁၆၀၆၆၂]၏ လွှဲအပ်ချက်အရ -**
**ဦးသန့်ဇော်လွင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၂၃)**
**အမှတ်(၈၃/၇)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph:09-450025827**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ အကွက်အမှတ်-၅၃၂၊ ဦးပိုင်အမှတ်(၁-က)၊ ၈၃လမ်း၊ ၃၇x၃၈လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးကျော်မြင့်[၉/မရတ(နိုင်)၀၅၅၆၀၆]၊ ဒေါ်ရွှေနန်းထူး[၉/မဟမ(နိုင်)၀၀၂၁၃၉]တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၆၅/၂၀၁၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုးမြင့်[၅/ကဘလ(နိုင်) ၁၀၄၄၅၁]က ဘိုးဘအမည်ပေါက် မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်-မ-၅၀၊ ဦးပိုင်အမှတ်(၂၃)၊ ၃၉x၄၀ကြား၊ ၅၄x၅၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်ထူးလွင်[၁၂/ရကန(နိုင်)၀၁၈၃၅၈]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၉၅၄/၂၀၀၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝေဖြိုးသူ[၉/အမဇ(နိုင်)၀၁၆၁၉၃]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ရပ်ကွက်၊ အကွက်အမှတ် ဒ-၅၊ ဦးပိုင်အမှတ်(၁၁-ခ)/၃၈x၃၉ကြား၊ ၆၂x၆၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးဇော်ဝင်း၊ ဒေါ်ခင်ကြူးမာ တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်-(၃၃၃၆/၂၀၀၇)ဖြင့် ဝယ်ယူခဲ့သူ ဦးချစ်တင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်-(၃၂၇၆/၂၀၁၉)ဖြင့် ဝယ်ယူခဲ့သူ ဒေါက်တာခင်လှရွှေ[၉/မရမ(နိုင်)၀၃၆၄၁၃]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-(၈၃၃၃/၂၀၁၉)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မြညွန့်[၁၃/တကန(နိုင်)၁၉၁၄၈၇]က ဦးပိုင်ခွဲမိန့်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်-၂၆၈၊ ဦးပိုင်အမှတ်(၄-က)/၈၈လမ်း၊ ၃၂x၃၃လမ်းကြားရှိ ဦးကျော်ခင်အမည်ပေါက်ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်-(၄၁၂၇/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်သင်း(ခ)ဒေါ်သင်းသင်း[၉/မနတ(နိုင်) ၀၅၀၄၈၈]၊ ဦးမြင့်လွင်ဦး[၁၂/အစန(နိုင်)၀၇၅၇၀၁]၊ ဒေါ်ယဉ်ယဉ်နွဲ့ [၅/အရတ(နိုင်)၀၅၄၆၀၁]၊ ဒေါ်နှင်းနှင်းခိုင်[၉/မနတ(နိုင်)၀၅၀၃၅၂]၊ ဦးကျော်ကြည်မင်း[၉/မနတ(နိုင်)၀၅၀၃၅၁]၊ ဦးသန်းဦး[၉/မနတ(နိုင်)၀၅၀၃၅၅]၊ ဦးညီညီထွေး[၉/မနတ(နိုင်)၀၅၀၃၄၈]တို့၏ အထူးကိုယ်စားလှယ်လွှဲအမှတ်(၁၀၃၈၀/၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးပြုံးချို[၉/ခအဇ(နိုင်)၀၀၃၂၅၃]က ဘိုးဘအမည်ပေါက် မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်-၅၆၇၊ ဦးပိုင်အမှတ်(၁၄-ခ)၊ ၃၂လမ်း၊ ၈၂x၈၃ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးကျော်သိန်း[၉/မရမ(နိုင်)၀၄၆၁၉၇]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၃၆/၂၀၂၀) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းရွှေကြည်[၉/မရမ(နိုင်)၀၀၆၀၀၈]က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ရပ်ကွက်၊ အကွက်အမှတ်-ပ-၃၊ ဦးပိုင်အမှတ်(၈၆-ခ)၊ ၆၀x၆၁ကြား၊ ၄၁x၄၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးညွန့် [၉/မရမ(နိုင်) ၀၆၁၀၀၈]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် (သကမ-၂)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ အနော်ရထာလမ်း၊ မြေကွက်အမှတ်(၁၀/ခ)၊ ဧရိယာ(၀. ၀၂၇၅)ဧက၊ မြေအကျယ်(၂၀ပေx၆၀ပေ)ရှိသည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အပြီးအပိုင်ဝယ်ယူမည်ဖြစ်၍ သက်ဆိုင်အကျိုးခံစားခွင့်ရှိပါက ခိုင်လုံသောအထောက်အထားမူရင်းဖြင့် ကန့်ကွက်နိုင်ပါကြောင်း"

အထက်ဖော်ပြပါ မြေကွက်နှင့် အိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့ မြေစာရင်းတွင် ဒေါ်မာလာခိုင် (ကွယ်လွန်)အမည်ဖြင့် တည်ရှိသော နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပြီး၊ အစ်မအရင်းဖြစ်သူ ဒေါ်မာလာခိုင် အပျိုကြီးဘဝဖြင့် ကွယ်လွန်သည်ဖြစ်၍ မြန်မာ့ဓလေ့ထုံးတမ်း အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေအရ မောင်အရင်းဖြစ်သူမှ တရားဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်လာပါကြောင်း၊ မိမိတစ်ဦးတည်းသာ အမွေဆက်ခံပိုင်ဆိုင်၍ အရှုပ်အရှင်းတစ်စုံတစ်ရာ မရှိ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ အခြားနည်းတစ်ရပ်ရပ်ဖြင့် ကြိုတင်လွှဲပြောင်း ရောင်းချထားခြင်းတို့မရှိပါကြောင်း ဝန်ခံကတိပြု၍ရောင်းချသူ ဦးစောသူရ[၁၂/လသယ(နိုင်)၀၄၄၃၆၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် တွေ့ဆုံကန့်ကွက်မှုမရှိပါက လွှဲပြောင်းဝယ်ယူသည့်ကိစ္စကို နှစ်ဖက်သဘောတူညီချက်များအတိုင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်ထားဆွိ LL.B, D.I.L ,Dip in Eng**
**အထက်တန်းရှေ့နေ (စဉ်-၄၂၈၉၉)**
**Ph:09-972734996, 09-791454531**

## လင်မယားကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းဦးအောင်နိုင်ထွန်း(ခ) မော်လဝီအိက်ဗာလ်နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **မထွေးအိန္ဒြာကို(ခ)ဖဟ်မီဒါဟ်ဘီ[၁၂/ဥကတ(နိုင်)၂၀၆၀၁၂]**၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မထွေးအိန္ဒြာကို(ခ)ဖဟ်မီဒါဟ်ဘီ(ဘ)ဦးခင်မောင်ဝင်းနှင့်ဦးအောင်နိုင်ထွန်း(ခ)မော်လဝီအိက်ဗာလ် (ဘ)ဦးကာစင်တို့သည် (၁၆-၁၂-၂၀၁၂)တွင်အစ္စလာမ်တရားတော်နှင့်အညီလက်ထပ်ထိမ်းမြားခဲ့ကြပြီး သားသမီး(၂)ဦး ထွန်းကားခဲ့ပါသည်။ နောက်ပိုင်းတွင်ခင်ပွန်းဖြစ်သူမှဇနီးဖြစ်သူအားကိုယ်၊ စိတ်တို့အားညည်းပန်းနှိပ်စက်ခြင်း၊ ရှာဖွေမကျွေးမွေးခြင်း၊ ခြိမ်းခြောက်ခြင်းတို့များအကြိမ်ကြိမ်ပြုလုပ်ကျူးလွန်ပြီးနောက် (၁၈-၃-၂၀၁၉)ရက်နေ့တွင် မထွေးအိန္ဒြာကို ၏မိဘများအား ဖုန်းဆက်ခေါ်၍မော်လမြိုင်မြို့မှရန်ကုန်မြို့သို့ ခေါ်ဆောင်သွားရန်နှင့် ကျွန်ုပ်၏မိတ်ဆွေထံမှ လက်ဝတ်လက်စားများကိုပါ ချွတ်ယူထားပြီး ပြန်ပို့ရန်မလိုကြောင်းပြော၍ မိဘများထံသို့ ထည့်ပေးလိုက်ကြောင်း လွှဲအပ်ချက်အရသိရှိရပါသည်။ ၎င်းနောက်ဦးအောင်နိုင်ထွန်းမှမည်သည့်အထောက်အပံ့အဆက်အသွယ်မရှိခြင်းတို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေမှအိမ်ထောင်ရေးနှင့် စပ်လျဉ်း၍သက်ဆိုင်ရာဘာသာရေးအဖွဲ့အစည်းသို့တင်ပြပြီး ဓမ္မသတ်ဌာနမှ "**စာအမှတ် ၀၈၇/၂၃/ဓမ္မ/မလဝ-ဗဟာနှင့်ဖြေဆိုပြန်ကြားချက်အရ**မထွေးအိန္ဒြာကိုမှ" **တွာလာကေဗာအင်န်**"တစ်ကြိမ်တရားတော်နှင့်အညီအတည်ပြုခံယူခဲ့ပြီး **ခင်ပွန်းအဖြစ်မှအပြီးအပြတ်ကွာရှင်းပြတ်စဲကြောင်းမြွက်ဟကြေညာပြီးဖြစ်ပါသည်။** သို့ပါ၍နောက်နောင်မထွေးအိန္ဒြာကိုနှင့် ပတ်သက်၍မည်သည့်နည်းနှင့်မျှ နှောင့်ယှက်ခြင်း၊ Facebookလူမှုကွန်ရက်ပေါ်တွင် ဂုဏ်သိက္ခာကျအောင်ပြောဆိုရေးသားခြင်းများ မပြုလုပ်ပါရန် တားမြစ်သတိပေးအပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း **ဦးအောင်နိုင်ထွန်း(ခ)မော်လဝီအိက်ဗာလ်** နှင့်အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်နှင်းချယ်ရီ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၂၃၁)**
**အမှတ်(၄၁)၊ ၈၈-လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်မြို့။ Ph:09-984732492, 09-953119749, 09-790404763**

ဒဂုံမြို့သစ်အရှေ့ပိုင်း
နှင့် ဆိပ်ကမ်းရှိ မြေကွက်
များ ဝယ်လိုသည်။
၀၉ ၄၃၀၉၁၅၂၇

★STAR★
ဒဂုံမြို့သစ် အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်-A-၄၊ ဦးပိုင်အမှတ်၊ (၁-ဠ)၊ ၃၀လမ်း၊ ၅၂x၅၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဝင်း[၉/ပသက(နိုင်)၀၆၁၈၇၂]က ဂရန် စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆို ရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်-A-၄၊ ဦးပိုင်အမှတ်၊ (၁-အ/၁)၊ ၃၀ လမ်း၊ ၅၂x၅၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဝင်း[၉/ပသက(နိုင်)၀၆၁၈၇၂]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ သီတာလမ်း၊ အမှတ်(၁၂/၁၄)၊ (၆)ထပ်တိုက်၊ ၅လွှာ(ခေါင်းရင်းခန်း)၊ (၁၅ပေx၄၅ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်သည့် ပိုင်ဆိုင်မှု အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆက်အစပ်စာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခု တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်ကျော်ထွန်း [၁၂/ကမတ(နိုင်) ၀၅၃၀၃၁] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ခိုင်လုံသော စာရွက်စာတမ်း၊ အထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ပြည့်ပြည့်ဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြည်ကြည်လှိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၀၁)**
**အမှတ်(၂၃၁)၊ ငုဝါလမ်း၊ စောရန်ပိုင်မြောက်ရပ်ကွက်၊ အလုံမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၃၅၆၆၃၁၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် - A-၄၊ ဦးပိုင်အမှတ်၊ (၁-အ/၂)၊ ၃၀လမ်း၊ ၅၂x၅၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဝင်း[၉/ပသက(နိုင်)၀၆၁၈၇၂] က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ဦးထွန်းလင်းခြံလမ်း၊ အမှတ်(၃)နေ **ဦးမြင့်မြတ်ကောင်း[၁၄/ ရသယ(နိုင်)၀၁၀၂၆၀]**နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ရွှေသောင်ယံမြို့နယ်၊ ချောင်းသာအမှတ်(၁) ရပ်ကွက် **ဒေါ်ယုယုလွင် [၁၄/ ရသယ(နိုင်)၀၁၃၈၆၆]**တို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး (၂၀၁၈)ခုနှစ်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။

ယခုအခါ **ဦးမြင့်မြတ်ကောင်းနှင့် ဒေါ်ယုယုလွင်**တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်သည့်အပြင် ဆက်လက်ပေါင်းသင်းရန် ဆန္ဒလုံးဝမရှိကြတော့သဖြင့်(၁၈-၁၂-၂၀၂၃)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ရွှေသောင်ယံမြို့နယ်၊ ချောင်းသာမြို့ အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ **"နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်"**ကို ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်လူကြီးများနှင့် အသိသက်သေများရှေ့မှောက်တွင် ပြုလုပ်ချုပ်ဆိုခဲ့ကြပြီးဖြစ်ပါသည်။

ထို့ကြောင့် ဦးမြင့်မြတ်ကောင်းနှင့် ဒေါ်ယုယုလွင်တို့သည် နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်မြတ်ကောင်း [၁၄/ရသယ(နိုင်)၀၁၀၂၆၀] ၏**
**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ရည်မွန်အောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ် - ၅၀၆၁၂)**
**အမှတ်(၃၈၈)၊ ပျဉ်းမမြိုင်လမ်း၊ (က)ရပ်ကွက်၊ သုဝဏ္ဏ၊**
**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၄၈၂၈၈၃၁၈၊ ၀၉-၉၇၉၄၇၀၄၄၈**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၃)၊ ဆည်မြောင်းလမ်း၊ မြေကွက်အမှတ်(၃၀၂)ဟုခေါ်တွင်သော ဒေါ်အေးသန်း အမည်ပေါက်သည့် နှစ်(၆၀)မြေငှားဂရန်(မူရင်း)ပါ မြေအကျယ် (ပေ ၄၅xပေ ၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်သင်းသင်းမာ [၁၂/ဒဂတ(နိုင်)၀၆၅၁၄၅]မှ ကိုယ်တိုင်ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေများ ဦးအောင်ဘုန်းထက် [၁၂/ဒဂမ(နိုင်)၀၂၈၈၂၃]၊ ဒေါ်မြတ်စန္ဒာဦး[၅/ခဥန(နိုင်)၀၉၂၂၄၁]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍(၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၅)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ညွှန်ကြားသူများ**
**ဦးအောင်ဘုန်းထက်၊ ဒေါ်မြတ်စန္ဒာဦး**

**ညွှန်ကြားချက်အရ-**
**ဒေါ်ဟန်နီထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၆၉)**
**အမှတ်(၆၄၀၊ ခ)၊ သမိန်ဗရမ်းလမ်း၊ ၃၅-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၀၅၄၁၂၆**

## မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့၊ ရေပူအုပ်စု၊ သဖန်းပင်ရပ်၊ အမှတ် (၉၁) နေအိမ်နှင့် ပတ်သက်၍ အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါနေအိမ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဖြိုးဖြိုးခိုင် [၉/မကန(နိုင်)၁၁၆၄၁၄]ကို ဖခင်ဖြစ်သူ ဦးညိုမြေး (MGK-၀၃၅၀၅၄) မှ (၁-၃-၂၀၁၈) ရက်စွဲပါ "မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်" ဖြင့် အပြီးအပိုင်ပေးအပ်ထားသဖြင့် အဆိုပါပစ္စည်းမှာ ဒေါ်ဖြိုးဖြိုးခိုင် ပိုင်ဆိုင်သောပစ္စည်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အိမ်ခြံမြေ နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေသာလျှင် တရားဝင်ပိုင်ဆိုင်သည့်အလျောက် ကျွန်ုပ်မိတ်ဆွေသိရှိခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမျိုးဝေထွန်း(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၄၇)**
**ရုံး - အမှတ်(B-5)၊ အခန်း(၄၀၁)၊ ဗိုလ်ဗထူးအိမ်ရာ၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၈)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-09-5046754, 09-785046754**

## ကျေးဇူးတင်ရှိပါကြောင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ ဦးဇော်ဇော်-ဒေါ်မေသဥ္ဇာဦး တို့၏ သား မောင်မင်းသန့်ကျော်(ခ)ကိုကို အသက် (၂၈) နှစ်၊ ကွယ်လွန်သည့် ၂၅-၁၂-၂၀၂၃ ရက်နေ့မှစ ယနေ့၊ ယခုအချိန်အထိ မိသားစုနှင့်ထပ်တူ ခံစားဖေးမပေးခဲ့ကြသော၊ အစစအရာရာ လိုအပ်ချက်မရှိအောင် အဘက်ဘက်မှ အားပေးကူညီခဲ့ကြသော၊ လှူဒါန်းကုသိုလ်ကောင်းမှုပြုရာတွင် ထပ်တူထပ်မျှ လိုက်ပါဒါန ပြုကြပါသော ချစ်ခင်ရသည့် ရပ်နီးရပ်ဝေးမှ ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ရှုဘီ
## အသက်(၁၀၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နေ (အဖ ဦးစန်းန-အမိ ဒေါ်ပိုး) တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နေ (အဖ ဦးကောဝါ-အမိ ဒေါ်ကျင်-ဒေါ်စောရွှေ)တို့၏သမီးချွေးမ၊ (ဦးချစ်ညွှာ)-ဒေါ်ခင်စုဝင်း၊ (ဦးမြင့်သောင်း-ဒေါ်ခင်မာရီ)၊ ဦးသိန်းဟန်-ဒေါ်အေးကြူ၊ ဦးကြင်စော-(ဒေါ်စန်းနွဲ့)၊ ဦးစိန်ထွန်း - ဒေါ်ဝင်းရီ၊ ဦးမြင့်စိန်၊ ဦးမြင့်သိန်း-ဒေါ်အုန်းကြည်၊ (ဒေါ်ကြူကြူဝင်း)၊ ဦးခင်စိုး-ဒေါ်စန်းစန်းကြည်၊ မမြမြဝင်း၊ (မောင်လှဝေ)၊ မဖြူဖြူဝင်း တို့၏မိခင်၊ မြေး(၃၂)ယောက်၊ မြစ်(၁၈)ယောက်တို့၏ ဘွားဘွားကြီး၊ (ဦးသောင်းစိန်)၏ ချစ်လှစွာသောဇနီး၊ မန္တလေးမြို့၊ ဒေါနဘွားရပ်ကွက်၊ အကွက်(၁၀)၊ ၆၂ B လမ်း၊ ၁၆x၁၇လမ်းကြား၊ အမှတ်(၁၂/၄)နေ ဒေါ်ရှုဘီ အသက်(၁၀၅) နှစ်သည်(၁၃၈၅ ခုနှစ်၊ နတ်တော်လဆုတ် ၃ ရက်)၊ ၃၀-၁၂-၂၀၂၃ (စနေနေ့)၊ နံနက် ၁၁:၄၅နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်ပြီးဖြစ်ပါ၍ ၃-၁-၂၀၂၄(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ် ဖူကျန့်ကွမ်းရင်သုသာန်သို့ သွားရောက်ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းအား လိုက်ပါပို့ဆောင်နိုင်ရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရှုဘီ
## အသက်(၁၀၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နေ (အဖ ဦးစန်းန-အမိ ဒေါ်ပိုး) တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နေ (အဖ ဦးကောဝါ-အမိ ဒေါ်ကျင်-ဒေါ်စောရွှေ)တို့၏ သမီးချွေးမ၊ (ဦးချစ်ညွှာ)-ဒေါ်ခင်စုဝင်း၊ (ဦးမြင့်သောင်း-ဒေါ်ခင်မာရီ)၊ ဦးသိန်းဟန်-ဒေါ်အေးကြူ၊ ဦးကြင်စော-(ဒေါ်စန်းနွဲ့)၊ ဦးစိန်ထွန်း-ဒေါ်ဝင်းရီ၊ ဦးမြင့်စိန်၊ ဦးမြင့်သိန်း-ဒေါ်အုန်းကြည်၊ (ဒေါ်ကြူကြူဝင်း)၊ ဦးခင်စိုး(ဥက္ကဋ္ဌမြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း)- ဒေါ်စန်းစန်းကြည်၊ မမြမြဝင်း၊ (မောင်လှဝေ)၊ မဖြူဖြူဝင်းတို့၏ မိခင်၊ မြေး(၃၂) ယောက်၊ မြစ်(၁၈)ယောက်တို့၏ ဘွားဘွားကြီး၊ [ဦးရန်ခါ(ခ)ဦးသောင်းစိန်]၏ ချစ်လှစွာသောဇနီး၊ မန္တလေးမြို့၊ ဒေါနဘွားရပ်ကွက်၊ အကွက် (၁၀)၊ ၆၂ B လမ်း၊ ၁၆x၁၇လမ်းကြား၊ အမှတ်(၁၂/၄)နေ ဒေါ်ရှုဘီအသက်(၁၀၅) နှစ်သည်(၁၃၈၅ ခုနှစ်၊ နတ်တော်လဆုတ် ၃ ရက်)၊ ၃၀-၁၂-၂၀၂၃ (စနေနေ့)၊ နံနက် ၁၁:၄၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် မိသားစုနှင့် အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခဒေါက်တာ မောင်မောင်ဝင့်

**M.B.,B.S,M.R.C.P(UK),F.R.C.P(Ed),**
**Hon.Dr.Med.Sc(General Medicine)**
**ဆေးပညာထူးချွန်တံဆိပ်(ပထမအဆင့်)**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆေးသိပ္ပံပညာဦးစီးဌာန၊**
**နာယကကြီး(မြန်မာနိုင်ငံဆေးကောင်စီ)**

## အသက်(၈၁)နှစ်

အနန္တဂုဏ်အင် ဆရာသခင်ကျေးဇူးရှင်ဖြစ်သူ ဆရာကြီး ပါမောက္ခ ဒေါက်တာမောင်မောင်ဝင့်သည် ၂၉-၁၂-၂၀၂၃ရက် (သောကြာနေ့) နံနက် ၆ : ၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ နှလုံးဆေးကုဌာန၌ ကွယ်လွန်သွားပါသဖြင့် မြန်မာ့ဆေးလောကနှင့် ဆေးပညာသင်ကြားရေးလောကကြီးတစ်ခုလုံး၏ အစားထိုးမရသော ဆုံးရှုံးမှုကြီးအဖြစ် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမှု ဖြစ်ရပါသည်။

**ပါမောက္ခနွယ်နွယ်နှင့် နှလုံးဆေးကုမိသားစု**
**နှလုံးဆေးကုသဌာန**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက် အမှတ်-၇၀၃၊ ဦးပိုင်အမှတ်(၈၂)၊ ၇၃လမ်း၊ ၃၃x၃၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဟိုချန်(ခ)ကျင်စိန်[၉/မရမ(နိုင်)၀၇၉၀၁၇]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၃၃၉/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုးသင်း[၉/မနမ(နိုင်)၁၁၈၇၃၁]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဒေါ်မြသိန်း BA(Myanmar)
**TTC ကမာရွတ်ကျောင်းသူဟောင်း**
**ရုံးအုပ်(ငြိမ်း)ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**
## အသက်(၈၃)နှစ်

ရန်ကုန်မြို့နေ (ဦးဘအေး-ဒေါ်စု)တို့၏သမီးကြီး၊ [ဦးလှအောင် (ဘကြီးအောင်)(အငြိမ်းစားဆန်အကဲဖြတ်အဖွဲ့ဝင်)-ဒေါ်သန်းရီ] တို့၏သမီးချွေးမ၊ ဦးထွန်း(ပညာရေး-ငြိမ်း)-ဒေါ်ခင်မြ၊ [ဦးတင်အေး (ကဗျာဆရာသခွပ်နီ)]၊ [ဦးစန်းဝင်း(ဗဟိုတရားရုံးရှေ့နေ)-ဒေါ် မြမြဝင်း (ငြိမ်း-အလက၊ စစ်ကိုင်း)]၊ [ဒေါ်မြမြရီ(ရုံးအုပ်-ငြိမ်း)၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်]တို့၏ အစ်မကြီး၊ [ဦးဇော်ထွန်း (ကဗျာဆရာဇော်နောင်)]၏ဇနီး၊ ဦးညွန့်ဝင်း-ဒေါ်ဇာနည်ဇော်[မြနှင်းဆီ (YU)](Freelance Physics Teacher)[Galaxyz(A2)Private High School]တို့၏ ကျေးဇူးရှင်မိခင် ဒေါ်မြသိန်းသည် ၃၀-၁၂-၂၀၂၃ (စနေနေ့) နံနက် ၈:၀၅ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၅-၁-၂၀၂၄(သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသောကြောင့် အရှေ့ဒဂုံမြို့နယ်၊ ၁၄-ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ်-၁၀၀၄ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ကျင်သန်း
## အသက်(၇၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၅)ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်း၊ အမှတ်(၄၇၉)နေ ဦးအဟိုး-ဒေါ်ကျင်မြိုင် တို့၏သမီး၊ ဦးဖိုးစိန်-ဒေါ်စောညီ တို့၏သမီးချွေးမ၊ ဦးဘသန်း (ကြံတိုင်းအောင် သံထည်ပစ္စည်းရောင်းဝယ်ရေး)၏ ချစ်လှစွာသော ဇနီး၊ ကိုဝေဖြိုး-မယဉ်သူသူအောင်၏ မွေးသမိခင်ကျေးဇူးရှင်၊ မသက်နှင်းသဒ္ဒါ၏ အဘွားသည် ၂၉-၁၂-၂၀၂၃ (သောကြာနေ့) ညနေ ၄:၄၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၃၁-၁၂-၂၀၂၃ ရက်တွင် အမိုးနီသုသာန် (သန်လျင်)သို့ ပို့ဆောင်ပြီး မွန်းလွဲ ၁:၃၀ နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ရေစက်သွန်းချတရားတော်နာယူ မည်ဖြစ်ပါသဖြင့် ၄-၁-၂၀၂၄ (ကြာသပတေးနေ့) နံနက် ၈ နာရီမှ ၁၁ နာရီထိ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၅)ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်း၊ အမှတ်(၄၇၉)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကိုထူးခန့်ကျော်
## အသက်(၃၂)နှစ်

မိတ္ထီလာမြို့နေ ဦးကျော်နိုင်ဦး-ဒေါ်ခင်မာစန်းတို့၏ သားကြီး၊ ကိုရန်ပိုင်ဦး၊ မစုမြတ်နိုးဝင့်တို့၏အစ်ကို၊ မရတနာထွန်း၏ ချစ်လှစွာသောခင်ပွန်း၊ ကိုထူးခန့်ကျော် အသက်(၃၂)နှစ်သည် ၂၉-၁၂-၂၀၂၃ (သောကြာနေ့)တွင် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၃၁-၁၂-၂၀၂၃(တနင်္ဂနွေနေ့)တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခဒေါက်တာကြည်လှိုင်
**ပါမောက္ခဌာနမှူး၊ ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုဌာန**
**ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်/မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး**
## အသက်(၅၆)နှစ်

ရန်ကုန်မြို့နေ (ဦးကြည်ထွန်း)-ဒေါ်ခင်စိန်တို့၏ သားငယ်၊ ဒေါ်ဣန္ဒြာမိုမိုဝင်း၏ခင်ပွန်း၊ ပါမောက္ခဒေါက်တာကြည်လှိုင် (ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုဌာန၊ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး)သည် ၃၁-၁၂-၂၀၂၃ (တနင်္ဂနွေနေ့) နံနက် ၈:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/အမှုထမ်းများ**
**ကုသရေးဦးစီးဌာန**

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ် (၆၉၅)၊ ကျော်သူလမ်း ဟုခေါ်တွင်သော ဦးတင်ငွေ [၁၂/ဥကတ(နိုင်) ၀၃၀၁၅၄] အမည်ပေါက် လက်ရှိအကျယ်အဝန်း (၅၀' x ၆၀') နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ RC(၂)ထပ် အဆောက်အဦ(၂)လုံးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ရည်ညွှန်းလိပ်စာပါ မြေနှင့်အဆောက်အဦကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်ငွေမှ မိမိအမည်ပေါက်ပိုင်ဆိုင်ပြီး အရှုပ်အရှင်း ကင်း၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်ထွန်း [၁၀/မလမ(နိုင်)၂၃၇၇၉၉]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက တိကျခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဦးမြင့်ထွန်း** | **ဒေါ်ဝင်းဝင်းခိုင် (LL.B)** |
| **ဖုန်း- ၀၉-၄၄၄၉၉၉၅၄၅** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၁၇)** |
| | **အမှတ်(၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊** |

**၃/ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၃၀၆၅၉၃၉**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
## ဦးကျော်စိန်လှ(ဆရာဆန်နီ)
**ဆ.သ.ရ(ငြိမ်း)**
## အသက်(၇၉)နှစ်

အမှတ်(၄၀)၊ မြေနုလမ်း၊ မြေနီကုန်း၊ ရန်ကုန်မြို့နေ [ဦးလှမောင်(ခ)ဦးကျော်စိန်-ဒေါ်အေးစိန်]တို့၏ တစ်ဦးတည်းသောသား၊ (ဦးသန့်ဇင်-ဒေါ်ခင်မာ)တို့၏သားသမက်၊ အမှတ်(၅) ဝင်ဆာဂါးဒင်းအိမ်ရာ၊ ရှင်စောပုလမ်း၊ ရန်ကုန်မြို့နေ ဒေါ်ခင်မျိုးဟန်၏ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးလွင်ဦး-ဒေါ်သက်သက်ကျော်၊ (ဦးမူဝံမောင်ကြွယ်)-ဒေါ်မြတ်မြတ်ကျော်၊ ဒေါ်ဥမ္မာကျော်၊ ဦးဉာဏ်လင်းဦး-ဒေါ်ဥမ္မာစိုး၊ ဦးဇော်ဝင်းအောင်-ဒေါ်ထိပ်ထားလှိုင်တို့၏ချစ်လှစွာသောဖခင်ကြီး၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၃၀-၁၂-၂၀၂၃ (စနေနေ့) နံနက် ၁၀:၃၅နာရီတွင် ကွယ်လွန်သဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ရေဝေးသုသာန်တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၅-၁-၂၀၂၄(သောကြာနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်း၊ ဒက္ခိဏာရုံပရိယတ္တိစာသင်တိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၂၃)လမ်း၊ မြေကွက်အမှတ်(၉၁၄)၊ အကျယ်အဝန်း (အလျား ၂၅ ပေ x အနံ ၅၀ ပေ) ဦးသော်ဇင်နိုင်အမည်ပေါက်လျက်ရှိသော မြေပေါ်၌ ရောင်းချသူ ယခုလက်ရှိ တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်သော ဦးပြည့်ဖြိုးကျော် [၁၂/လမန(နိုင်) ၁၆၈၇၈၅]မှ တာဝန်ယူဆောက်လုပ်လျက်ရှိသည့် ရေမီးစုံ(၂)ခန်းတွဲ (၆)ထပ်တိုက်၏ (၄)လွှာခြေရင်းခန်း တိုက်ခန်း(၁)ခန်းအား ကြိုပွဲငွေစနစ်ဖြင့် အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ် တန်ဖိုးဖြစ်သည့် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား မူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ပြည့်မြောက်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းဝယ်ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထက်ဝင်း LL.B**
**အထက်တန်းရှေ့နေ (စဉ်-၅၅၁၁၂)**
**အမှတ်(၈၇၃/A)၊ ဗိုလ်သုန်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၆၈၇၀၁၈၇**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဗိုလ်ကံညွန့်ရပ်ကွက်၊ ဇမ္ဗူဒီပလမ်း၊ အမှတ်(၂၃)၊ (၃)ထပ်တိုက်၊ (၂)ခန်းတွဲ၊ မြေညီထပ်၊ (ခြေရင်းခန်း)၊ (ဘီ-၁)၊ အကျယ်အဝန်း(၁၂x ၅၀)ပေရှိ တိုက်ခန်းကို ပိုင်ရှင်ဖြစ်သူ ဒေါ်ပိုးပိုးအောင် [၁၄/ဝခမ(နိုင်)၂၂၇၉၀၉] ဆိုသူထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေအချို့ပေးချေခဲ့ပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါလျှင် သတင်းစာကြော်ငြာပါရှိသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံအထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်သန္တာဝင်း(အထက်တန်းရှေ့နေ)** | **ဦးစိုးအောင်(တရားလွှတ်တော်ရှေ့နေ)** |
| **စဉ်(၅၂၂၉၅)B.A(History),PGDL,(Dip in English)** | **(စဉ်-၆၉၁၄) B.A,R.L,D.B.L,B.D.S** |

**အမှတ်(၁၆၀)၊ ငုဝါလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၁-၂၂၃၇၉၆၊ ၀၉-၄၄၃၀၀၂၆၀၇၊ ၀၉-၂၅၄၀၆၁၄၆၉၊ ၀၉-၇၉၁၉၄၇၁၂၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဝေဇယန္တာဥယျာဉ်အိမ်ရာ၊ ရိပ်သာ(၄) လမ်းနှင့်(၅)လမ်းကြား၊ အမှတ်(၂၅/B)နေ ဦးအောင်အောင်ကျော်စိုး[၁၂/မဂတ(နိုင်)၀၀၂၀၄၇]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

**ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက် ၊ ရာဇသင်္ကြန်အနောက်(၃)လမ်း၊ အမှတ်(၁၃၃) ဟုခေါ် တွင်သည့် အလျား(၄၀)ပေ x အနံ(၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အကျယ်အဝန်း (၁၇)ပေxအနံ(၅၄)ပေ ကျယ်ဝန်းသည့် (၄)လွှာ၊ တတိယထပ်၊ ခြေရင်းခြမ်းရှိ တိုက်ခန်း(၁)ခန်းနှင့် အကျယ်အဝန်း (၁၇)ပေx အနံ(၅၄)ပေ ကျယ်ဝန်းသည့် (၅)လွှာ၊ စတုတ္ထထပ်၊ ခြေရင်းခြမ်းအပါအဝင် ယင်းတိုက်ခန်း(၂)ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့သည် ယခုအပိုင်ရောင်းချသူ ဦးခင်ဇော်နိုင် [၁၂/ဥကမ(နိုင်)၂၆၃၁၇၂] မှ အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး၊ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ရန်အတွက် အရောင်းအဝယ်ပြုလုပ်သော ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ယင်းတိုက်ခန်း(၂)ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤသတင်းစာကြေညာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်း (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အဆိုပါ တိုက်ခန်းနှင့်ပတ်သက်သော အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၃၈)**
**LL.B, D.B.L, D.IP.L, D.M.L, D.C.W.E, DL-101 (WIPO Switzerland)**
**တိုက်အမှတ်(၁၁၅)၊ အခန်းအမှတ်(၂၀၂)၊ ဒုတိယထပ်၊ အဓိပတိအင်အားမီနီကွန်ဒို၊ သုဓမ္မာလမ်းမကြီး၊**
**(၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ရုံးဖုန်း-09-260087755, 09-421123477**

## "အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း ကြေညာခြင်း"


တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကံကြီးရပ် ၊ သာကေတ(၃)လမ်း၊ အမှတ်-၁၄၅နေ ဒေါ်စောဝင်း(ဘ) ဦးသန်း[ ၆/ကစန(နိုင်)၀၀၄၀၇၆]မှ ဒေါ်အိအိဖြိုး(ဘ)ဦးအောင်ဝေ [၆/ကစန(နိုင်)၀၅၄၀၇၀]ထံသို့ ( ၂၂-၄-၂၀၁၉) ရက်နေ့တွင် မြိတ်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်စာအမှတ်-၆/၃၆၃ အား ဤကြေညာပါသည့် နေ့မှစ၍ ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စောဝင်း[၆/ကစန(နိုင်)၀၀၄၀၇၆]**

**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်**
**မူးယစ်ဆေး**

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။





## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များ ဆက်လက်ထွန်းကား ပြန့်ပွားလာသည်နှင့်အမျှ လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာများတွင် အမျိုးသားရေးလမ်းကြောင်းမှန်အတိုင်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး အမျိုးသားရေးကိုယ်ခံစွမ်းအားများ မြင့်မားလာမည်ဖြစ်သည်ကို ပြောကြားလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် ပြုလုပ်သော (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)




## မိုင်းဆတ်မြို့နယ် လွယ်ဆောင်ကျေးရွာရှိ ဒေသခံတိုင်းရင်းသားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

နေပြည်တော် ဒီဇင်ဘာ ၃၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မိုင်းဆတ်မြို့နယ် လွယ်ဆောင်ကျေးရွာရှိ ဒေသခံတိုင်းရင်းသားများအား တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် အဆိုပါကျေးရွာခန်းမ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ **စာမျက်နှာ ၂၅ ကော်လံ ၅ သို့**✲

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီမှ အသိပေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ
အသိပေးကြေညာချက်
၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်
(၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်)

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ)အား ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။


အောင်ကောင်းမာန်

## မြန်မာကစားသမားနှစ်ဦး ထိုင်းကလပ်များသို့ ပြောင်းရွှေ့

ရန်ကုန် ဒီဇင်ဘာ ၃၁

မြန်မာဘောလုံးသမားများဖြစ်သည့် တိုက်စစ်မှူး အောင်ကောင်းမာန်နှင့် နောက်ခံလူ ဇော်မင်းထွန်းတို့သည် ထိုင်းကလပ်များသို့ ပြောင်းရွှေ့ခဲ့ကြသည်။

ပြောင်းရွှေ့

ယခုရာသီ ထိုင်းလိဂ်ပြိုင်ပွဲများမှာ ရာသီဝက်အပြောင်းအရွှေ့ကာလ ဖွင့်လှစ်ထားပြီး အသင်းများအနေဖြင့် လိုအပ်သည့်နေရာများအား အင်အားဖြည့်တင်းနေရာ အောင်ကောင်းမာန်နှင့် ဇော်မင်းထွန်းတို့သည် အသင်းသစ်များသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ တိုက်စစ်မှူး အောင်ကောင်းမာန်သည် ပထမအကျော့တွင် ထိုင်းလိဂ်-၁ ကလပ် အူထိုင်းထာနီအသင်းတွင် ကစားခဲ့ပြီးနောက် ရာသီဝက်တွင် လမ်းခွဲကာ ထိုင်းလိဂ်-၂ ကလပ် နာခွန်ရတ်ချာစီမာအသင်းသို့ တစ်ရာသီခွဲစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ နာခွန်ရတ်ချာစီမာအသင်းသည် ယခုရာသီတွင် ထိုင်းလိဂ်-၁ သို့ ပြန်လည်တက်လှမ်းနိုင်ရန် ကြိုးပမ်းလျက်ရှိပြီး ပထမအကျော့အပြီးတွင် အဆင့် (၃) နေရာတွင် ရပ်တည်နေသည်။ **စာမျက်နှာ ၂၅ ကော်လံ ၆ သို့**○

**ယနေ့** ဖတ်စရာ

**ဒီဇင်ဘာလတတိယပတ်တွင် ပြည်ပပို့ကုန် အမေရိကန်ဒေါ်လာ ၂၆၆ သန်းကျော် တင်ပို့နိုင်ခဲ့**

စာမျက်နှာ » ၁၆

---

**မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ ရှမ်းမြောင်းကျောက်မှုန့်စက်ရုံပိုင်ရှင်၏ မိခင်ဖြစ်သူအပါအဝင် အလုပ်သမားခြောက်ဦးကို တပ်မတော်က ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်းနှင့် မတ္တရာမြို့နယ် ဥဒိန်ကျေးရွာကို တပ်မတော်က မီးရှို့ဖျက်ဆီးခဲ့ခြင်းကြောင့် နေအိမ် ၅၀ ကျော် မီးလောင်ကျွမ်းခဲ့ကြောင်း လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ**

စာမျက်နှာ » ၁၇

---

**ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနေသည့် ဒေါ်လာအမှတ်တံဆိပ် စားသုံးကုန်အမျိုးမျိုး ထုတ်လုပ်ဖြန့်ချီရေးလုပ်ငန်း**

စာမျက်နှာ » ၂၂